ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ သောကြာနေ့၊ (4-12-2015) (၈၄၀၄)

**ဗုဒ္ဓအလိုကျ အဆုံးအမတော်**

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# နိုင်ငံတကာအကူအညီအထောက်အပံ့နှင့် ချေးငွေများသည် လိုအပ်သည့် ဘဏ္ဍာငွေအရင်းအမြစ်များအဖြစ် တိုးပွားလာခဲ့သည့်အတွက် နိုင်ငံ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲမှုဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲမှုဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရသည် ၂၀၁၁ ခုနှစ် စတင်တာဝန်ယူခဲ့သည့်အချိန်မှစ၍ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန်နှင့် ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် ပြည်သူလူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင် (Framework on Economic and Social Reform-FESR)ကို ရေးဆွဲခဲ့ကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုများကို အစီအစဉ်တကျဆောင်ရွက်ခဲ့ပြီး နိုင်ငံအတွက် အဓိကလိုအပ်သည့် ဒီမိုကရေစီအခြေခံအုတ်မြစ်ကောင်းများကို ချမှတ်ပေးနိုင်ခဲ့ပါကြောင်း။

ဒီမိုကရေစီစနစ်ကို စစ်မှန်စွာ ပြုပြင်ပြောင်းလဲပေးသည်နှင့်လျော်ညီစွာ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

> နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုများကို အစီအစဉ်တကျဆောင်ရွက်ခဲ့ပြီး နိုင်ငံအတွက် အဓိကလိုအပ်သည့် ဒီမိုကရေစီအခြေခံအုတ်မြစ်ကောင်းများကို ချမှတ်ပေးနိုင်ခဲ့



**ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းအား ရေနက်ဆိပ်ကမ်းစီမံကိန်း၊ စက်မှုဇုန်စီမံကိန်းနှင့် အဆင့်မြင့်အိမ်ရာစီမံကိန်းများ ထည့်သွင်း၍ တည်ထောင်သွားမည်**

စာမျက်နှာ - ၇

**ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီအစိုးရစနစ်နဲ့သွားတဲ့ နောက်ပိုင်းကာလကစပြီးတော့ ပြည်ပချေးငွေများအားလုံးသည် လွှတ်တော်ရဲ့ အတည်ပြုချက်ရရှိပြီးမှ ချေးနိုင်တာဖြစ်ပါတယ်။**

စာမျက်နှာ - ၉



ကြေးမုံ စာ တ ည်း ရှ ေ ထ ာ င့် ၄-၁၂-၂၀၁၅၊ သောကြာနေ့

# မဖြစ်ခင်က ကြိုတင်ကာကွယ်

ပြီးခဲ့သည့်ရက်ပိုင်းက မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းဒေသကြီးတွင် အင်အားအသင့်အတင့်ရှိ မြေငလျင်အချို့ လှုပ်ခတ်ခဲ့သည်။ အင်အားမပြင်းထန်သဖြင့် စိုးရိမ်ဖွယ်ရာမရှိဆိုပြီး ပေါ့ပေါ့တန်တန်မနေသင့်ပေ။ သဘာဝဘေးအန္တရာယ်ဟူသည် အနည်းအများ၊ အချိန်အခါ မမျှော်မှန်းနိုင်သဖြင့် မိမိတို့ဘက်က ကြိုတင်ပြင်ဆင်ထားနိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြတ်ရွေ့ကြောများ၊ အံလွဲကြောင်းများရှိပြီးဖြစ်သည်ကို မှတ်တမ်းများအရ သိရသည်။ မြန်မာနိုင်ငံ၏ ရာစုနှစ်တစ်ခုအတွင်း အင်အားအကြီးအငယ်အရွယ်အလတ် လှုပ်ခဲ့သော အထောက်အထားများလည်းရှိသည်။ သို့သော် လက်ရှိလူ့သက်တမ်းတစ်ဆက်အတွင်း အင်အားပြင်းသောငလျင်နှင့် နှဖူးတွေ့ဒူးတွေ့ မကြုံဖူးသေးသောကြောင့် လူအများစုအနေဖြင့် စိုးရိမ်ပူပန်မှုမရှိတတ်ချေ။

သို့ရာတွင် ငလျင်လှုပ်လျှင် တိုက်ရိုက်ထိခိုက်မှုရှိနိုင်သည်မှာ အဆောက်အအုံများဖြစ်၍ ငလျင်လှုပ်သည်ဖြစ်စေ၊ မလှုပ်သည်ဖြစ်စေ အဆောက်အအုံများ ကြံ့ခိုင်တောင့်တင်းခိုင်မာအောင် တည်ဆောက်ခြင်း၊ တည်ဆောက်ပြီးအဆောက်အအုံများ ခိုင်ခံ့မှု ရှိ၊ မရှိ စစ်ဆေးပြီး ခိုင်ခံ့မှု၊ ကြံ့ခိုင်မှု အားနည်းချက်ရှိပါက ပြန်လည်ထိန်းသိမ်းပြုပြင်ခြင်း၊ သက်တမ်းလွန်အဆောက်အအုံများ ရေရှည်တည်တံ့ကြံ့ခိုင်အောင် ဆောင်ရွက်ခြင်းများ ပြုလုပ်ထားသင့်ပါသည်။

မြန်မာနိုင်ငံတွင် အင်အားပြင်းထန်သော၊ အသင့်အတင့်ရှိသော ငလျင်များလှုပ်ခတ်ခဲ့ဖူးရာ အနီးဆုံးကာလအနေဖြင့် ၁၉၇၀ ခုနှစ်တွင် ရန်ကုန်ငလျင်၊ ၁၉၇၅ ခုနှစ်တွင် ပုဂံငလျင်၊ ၁၉၉၁ ခုနှစ်တွင် တကောင်းငလျင်၊ ၁၉၉၄ ခုနှစ်တွင် မြစ်ကြီးနားငလျင်၊ ၂၀၀၃ ခုနှစ်တွင် တောင်တွင်းကြီးငလျင်၊ ၂၀၁၁ ခုနှစ်တွင် တာလေငလျင်၊ ၂၀၁၂ ခုနှစ်တွင် သပိတ်ကျင်းငလျင်တို့သည် အင်အားအသင့်အတင့်ပြင်းထန်ခဲ့ပြီး အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုနှင့်ကြုံတွေ့ခဲ့ရသည်။ ၁၉၇၅ ခုနှစ်မှ ယနေ့အထိ အင်အားပြင်းငလျင် ငါးကြိမ်လှုပ်ခဲ့ပြီး အချို့ငလျင်များ၌ သေဆုံးဒဏ်ရာရမှုအချို့ရှိခဲ့သည်။ ယင်းငလျင်များတွင် တာလေငလျင်သည် အင်အားရစ်ချ်စတာစကေး ၇ ရှိခဲ့ပြီး လူ ၇၆ ဦး သေဆုံးခဲ့သည်။

မကြာသေးမီကာလ ယခုနှစ် ဩဂုတ်လက မိုးကုတ်မြို့တွင် ၄ ဒသမ ၉ အဆင့်ရှိငလျင်လှုပ်ခတ်ခဲ့သည်။ နိုဝင်ဘာလ ၂၇ ရက်နေ့မွန်းလွဲပိုင်းတွင် ကနီမြို့နယ်နှင့် ဘုတလင်မြို့နယ်တို့၌ အင်အားရစ်ချ်စတာစကေး ၅ ဒသမ ၄ အဆင့်ရှိငလျင်လှုပ်ခဲ့ပြီး ယင်းနေ့ညနေ ၆ နာရီတွင် ကနီမြို့နယ်၌ ၄ ဒသမ ၅ အဆင့်ရှိ ငလျင်ထပ်မံလှုပ်ခဲ့သည်။ ထို့အပြင် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် တောင်ငူမြို့နယ်၌ အင်အားရစ်ချ်စတာစကေး ၄ ဒသမ ၆ အဆင့်ရှိငလျင်လှုပ်ခဲ့သေးသည်။

ငလျင်၏သဘောမှာ ပြတ်ရွေ့ကြောများ၊ အံလွဲကြောများ ရွေ့လျားမှုအင်အား စုဆောင်းချိန်ကြာမြင့်သည်နှင့်အမျှ အင်အားပြင်းထန်မှု ဖြစ်ပေါ်တတ်သည်။ တစ်ကြိမ်လှုပ်ပြီးလျှင် နောက်တစ်ကြိမ်လှုပ်တတ်သဖြင့် ငလျင်မလှုပ်မီကတည်းက မိမိတို့အဆောက်အအုံများကို ခိုင်ခံ့အောင်ပြုပြင်ထားသင့်သည်။ အထူးသဖြင့် ရှေးဟောင်းအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများမှာ သက်တမ်းကြာမြင့်နေပြီဖြစ်၍ သဘာဝဒဏ်ကြောင့် ခိုင်ခံ့မှုအားနည်းနေပြီဖြစ်သည်။

အလားတူ အဆောက်အအုံအရည်အသွေး အပြည့်အဝမရှိသည့် လူနေအိမ်ရာများ၊ ရှေးဟောင်းအဆောက်အအုံများကို ယခုကတည်းက ပြန်လည်စစ်ဆေးပြုပြင်သင့်သည်။ သက်တမ်းလွန် လူနေအဆောက်အအုံအဟောင်းများကို ပြန်လည်ဖြိုချ အသစ်တည်ဆောက်မှုများလည်း တွေ့ရသည်။ ယခုအခါ အဆောက်အအုံ အရည်အသွေးထိန်းသိမ်းရေးကို စည်းကမ်းတကျ ဆောင်ရွက်နေသော်လည်း အရည်အသွေးမပြည့်ဝသည့် တည်ဆောက်ပြီး အဆောက်အအုံများကိုလည်း ပြန်လည်သုံးသပ်သင့်သည်။

ငလျင်ဟူသော သဘာဝဘေးအန္တရာယ်ဟူသည်မှာ ကြိုတင်မျှော်မှန်းနိုင်သော အရာမဟုတ်သဖြင့် မဖြစ်ခင်က ကြိုတင်ပြင်ဆင်ခြင်း၊ ဖြစ်ပေါ်ခဲ့ပါက မည်သို့ရှောင်ရှားရန်၊ မည်သို့ကာကွယ်ရန် လိုအပ်မှုများကို ဝိုင်းဝန်းညှိနှိုင်းအဖြေရှာဆောင်ရွက်သင့်ပါကြောင်း အသိပေးအပ်ပါသည်။ ။

# ပုဗ္ဗသီရိမြို့နယ်ရှိ ကြံစိုက်တောင်သူများ အောင်မြင်ဖြစ်ထွန်း၍ အကျိုးအမြတ်ရရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်ကြသော ကျည်တောင်ကန်၊ သစ်ယာကုန်း၊ လယ်သာကျေးရွာများတွင် တောင်သူများအနေဖြင့် မိမိတို့၏ လယ်ယာကွက်များတွင် တစ်ပိုင်တစ်နိုင် စီးပွားဖြစ်ကြံစိုက်ပျိုးကြရာတွင် အောင်မြင်ဖြစ်ထွန်း၍ အကျိုးအမြတ်ရရှိလျက်ရှိသည်။



"ကျွန်တော်တို့အနေနဲ့ ယခင်နှစ်ကြံစိုက်ပျိုးရာမှာ တစ်တန်ကို ငွေကျပ် သုံးသောင်းလောက်ပဲ ရရှိပြီး ယခုနှစ် ကြံတစ်တန်ဈေးနှုန်းက ငွေကျပ် သုံးသောင်းနှစ်ထောင် အထိရရှိလို့ အဆင်ပြေပါတယ်။ အထွက်နှုန်းကလည်း အခင်းသစ်တစ်ဧကမှာ ၃၅ တန် ထွက်ရှိပြီး လမိုင်းတစ်ဧကကို တန် ၂၀ ထွက်ရှိပါတယ်။ စုစုပေါင်း ကြံတစ်ဧကအတွက် ကုန်ကျငွေဟာ ငွေကျပ် နှစ်သိန်းခန့်ရှိပြီး အမြတ်ငွေအနေနဲ့ကတော့ တစ်ဧကကို ငွေကျပ် ငါးသိန်းခန့် ရရှိပါတယ်"ဟု ကြံစိုက်တောင်သူ ဦးညိုမောင်က ပြောသည်။

**(ရွှေရဲရင့်)**

# ခင်ဦးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ စာသင်ကျောင်း ၁၃ ကျောင်းသို့ စာသင်ခုံများ လှူဒါန်း

**ခင်ဦး ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ စာသင်ကျောင်း ၁၃ ကျောင်းသို့ စာသင်ခုံများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးက အမှာစကားပြောကြားပြီး စာသင်ခုံများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဒုတိယပညာရေးမှူး ဦးအောင်ဇော်ဝင်းက လက်ခံရယူသည်။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ လှူဒါန်းသော စာသင်ခုံများမှာ လေးယောက်တွဲ သစ်သားစာသင်ခုံအမြင့်ဖြစ်ပြီး စာသင်ခုံအလုံး ၃၀ အတွက် စုစုပေါင်းငွေကျပ် ဆယ်သိန်းကုန်ကျကြောင်း သိရသည်။

**(ခင်ဦးစိုးဝေ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်(ရွှေဈေး) ၇၃၃၀၀၀ - ၇၃၃၀၀၀၊ မန္တလေး(ရွှေဈေး) ၇၃၃၀၀၀ - ၇၃၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၇၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၅၀/၇၈၀ ကျပ်၊ | ၈၄၀/၉၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၅၀/၆၇၅ ကျပ်၊ | ၇၂၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၇၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၇.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၇၅.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၂.၇၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆.၁၆၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄.၃၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၄၈၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၅၂.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၀.၉၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၇.၀၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၇.၈၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



# JICA (ODA Loan) ဖြင့် ဖျာပုံမြို့တွင်းသို့ ရေပေးဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**ဖျာပုံ ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် စည်ပင်သာယာရေးကော်မတီမှ JICA( ODA Loan)ဖြင့် မြို့တွင်းရေပေးဝေရေးလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းဆွေးနွေးခြင်းကို ဒီဇင်ဘာ ၂ ရက်က ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသံချောင်းတို့က အဖွင့်အမှာစကားပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို Diamond Wall Co.,Ltd မှ ပရောဂျက်ဒါရိုက်တာ ဒေါ်အိမြတ်မွန်နှင့် ဂျိုက်ကာမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် တက်ရောက်လာကြသူများက စီမံကိန်းနှင့်ပတ်သက်၍ မြစ်ရေအခြေအနေ၊ စွန့်ပစ်အနည်များ စနစ်တကျစွန့်ပစ်နိုင်ရေး၊ လျှပ်စစ်မီးလုံလောက်စွာဖြင့် လုပ်ငန်းလည်ပတ်နိုင်ရေးစီစဉ်ထားရှိရန် လိုအပ်ချက်များကို အပြန်အလှန် ဆွေးနွေးအကြံပြုခဲ့ကြသည်။

ဖျာပုံရေပေးဝေရေးစီမံကိန်းသည် ဖျာပုံမြို့ (၆)လမ်း ကန်အမှတ်(၅)တွင် အခြေတည်ကာ ဖျာပုံမြစ်ရေကို သန့်စင်၍ ဖျာပုံမြို့ပေါ်ရှိ ရပ်ကွက် ၁၃ ရပ်ကွက်ရှိ အိမ်ခြေ ၄၀၇၀မှ လူဦးရေ ၂၀၅၃၀၀ ထံသို့ တစ်နေ့လျှင် ရေဂါလန် ခြောက်သိန်းပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးလှုစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိုန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးရွှား)
အထူးသတင်းထောက် - သုနှင်းလှဲ၊ သီရိ

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ

[၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်) ကြာသပတေးနေ့]

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ ကိုယ်စိတ်နှစ်ဖြာကြည်သာရွှင်လန်း ချမ်းမြေ့စွာဖြင့် ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်တော်မူနိုင်ကြပါစေဟု ဆုတောင်းလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်များ ယခုလို ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိမိတို့၏ ကိုယ်ရေးကိုယ်တာ၊ တိုက်တာကိစ္စ စသည်တို့ကို လျစ်လျူရှု၍ သာသနာတော်အရေးကို အလေးပေးလျက် စုံညီစွာကြွရောက်အားပေးတော်မူကြသည့်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား။

ဤအစည်းအဝေးမှာ ဓမ္မပဒ၊ အပ္ပမာဒဝဂ်၊ ကုမ္ဘဃောသကသေဋ္ဌိဝတ္ထု၌ မြတ်စွာဘုရားဟောတော်မူအပ်သော -

ဥဋ္ဌာနဝတော သတီမတော၊ သုစိကမ္မဿ နိသမ္မကာရိနော။

သညတဿ ဓမ္မဇီဝိနော၊ အပ္ပမတ္တဿ ယသော ဘိဝဍ္ဎတိ။

ဟူသော ဂါထာဒေသနာတော်ကို သာရဏီယဩဝါဒကထာအဖြစ် ရှင်းလင်းလျှောက်ထားလိုပါသည်ဘုရား။

ဤဒေသနာတော်၌ "ဥဋ္ဌာနဝတော" ဟူသော ပါဌ်အရ ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနယကအဖွဲ့ဝင် ဆရာတော်များသည် သာသနာရေးကိစ္စအဝဝတို့ကို ဆောင်ရွက်ကြရာ၌ ထက်သန်တက်ကြွသော လုံ့လဝီရိယဖြင့် ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ သာသနာရေးရာကိစ္စဖြစ်စေ၊ ပညာရေးရာကိစ္စဖြစ်စေ၊ ဝိနိစ္ဆယရေးရာကိစ္စဖြစ်စေ (၄၇)ပါးစုံညီ အစည်းအဝေးက သဘောတူဆုံးဖြတ်ပြီးပါက ထိုအဆုံးအဖြတ်ကို အကောင်အထည်ပေါ်အောင် လုံ့လဝီရိယဖြင့် မဖြစ်မနေဆောင်ရွက်သင့်ပါသည်ဘုရား။

"သတီမတော"ဟူသော ပါဌ်အရ ကိစ္စကြီးငယ်အသွယ်သွယ်ကို ဆောင်ရွက်ကြရာ၌ သတိရှိဖို့လည်းလိုအပ်ပါသည်ဘုရား။

"သတိံ စခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိတိ လောကဓူပနံ ဝိယ သဗ္ဗကမ္မိကာမစ္စံ ဝိယ စ သဗ္ဗတ္ထ ဣစ္ဆိတဗ္ဗံ ဝဒါမိတိ အတ္ထော" ဟူသော မဟာဝဂ္ဂသံယုတ်အဋ္ဌကထာဖွင့်ပြတော်မူသည့်အတိုင်း ဟင်းလျာတိုင်းမှာ ဆားနှင့် အခိုးအထုံ ဟင်းမွှေးမဆလာမပါလျှင် မပြီးစီးမပြည့်စုံသလို၊ တိုင်းရေးပြည်ရေးကိစ္စဟူသမျှတို့၌ ကိစ္စအားလုံးကို စီမံခန့်ခွဲတတ်သော အမတ်မရှိလျှင် မပြီးစီး မပြည့်စုံနိုင်ပါ။ သို့ဖြစ်၍ ဆောင်ရွက်အပ်သမျှကိစ္စကြီးငယ်တို့၌ သတိမလစ်အောင် စိစစ်ဆောင်ရွက်တော်မူကြရန် လျှောက်ထားပါသည်ဘုရား။

"သုစိကမ္မဿ"ဟူသော ပါဌ်ကို "သုစိကမ္မဿာတိ နိဒ္ဒေါသေဟိ နိရပရာဓေဟိ ကာယကမ္မာဒီဟိ သမန္နာဂတဿ" ဟု အဋ္ဌကထာဖွင့်ပြသည့်အတိုင်း ဘုရားတပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနယကအဖွဲ့ကြီးသည် အမြင့်ဆုံးသံဃာ့အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဆောင်ရွက်ချက်များသည် သူတစ်ပါးကို ပြစ်တင်ကဲ့ရဲ့ဖွယ် အပြစ်ဒေါသကင်း၍ ချို့ယွင်းမှုမရှိအောင် ဆောင်ရွက်တော်မူကြရန် အထူးပင် လိုအပ်ပါသည်ဘုရား။

"နိသမ္မကာရိနော" ဟူသော ပါဌ်ကို "နိသမ္မကာရိနောတိ ဧဝဉ္စေ ဘဝိဿတိ ကရိဿာမိတိ ဝါ၊ ဣမသ္မိံ ကမ္မေ ဧဝံ ကတေ ဣဒံ နာမ ဘဝိဿတီတိ ဝါ ဧဝံ နိဒါနံ သလ္လက္ခေတွာ ရောဂတိကိစ္ဆကံ ဝိယ သဗ္ဗကမ္မာနိ နိသာမေတွာ ဥပဓာရေတွာ ကရောန္တဿ" ဟု အဋ္ဌကထာ ဖွင့်ပြသည့်အတိုင်း "ဤသို့ဖြစ်လာလျှင် ဤသို့ပြုလုပ်လိုက်လျှင် ဤသို့ သော အကျိုးအပြစ်ဖြစ်လာလိမ့်မည်"ဟုလည်းကောင်း၊ အကြောင်းကို ကောင်းစွာမှတ်သား၍ ရောဂါကို ဆေးကုသသော သမားတော်ကဲ့သို့ အားလုံးသောကိစ္စရပ်များကို စူးစမ်းဆင်ခြင်၍ ပြုတော်မူကြရန်လိုအပ်ပါသည်။ (ဥပမာ) တပည့်တော်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဩဝါဒဖြင့်ကျင်းပလျက်ရှိသော ပရိယတ္တိစာမေးပွဲများ၏ စည်းမျဉ်းများပြင်ဆင်ရေးကိစ္စတွင် အကျိုးနှင့်အပြစ်အားနည်းမှုနှင့် အားသာမှုစသည်တို့ကို စူးစမ်းဆင်ခြင်သုံးသပ်တော်မူကြ၍ ပြုပြင်သင့်သည်ကို ပြုပြင်ရန်ကိစ္စ စသည်များဖြစ်ပါသည်ဘုရား။

"သညတဿ" ဟူသော ပါဌ်ကို "သညတဿာတိ ကာယာဒီဟိ သညတဿ နိစ္ဆိဒ္ဒဿ"ဟု အဋ္ဌကထာဖွင့်ပြသည့်အတိုင်း မဟာနာယကဆရာတော်များသည် တစ်တိုင်းတစ်ပြည်လုံး၏ အကြည်ညိုခံဆရာတော်များဖြစ်သည့်အားလျော်စွာ သူတစ်ပါးတို့ ပြစ်တင်ကဲ့ရဲ့ဖွယ် အပေါက်အကြားမရှိအောင် ကိုယ်နှုတ်နှလုံးကို စောင့်စည်းတော်မူကြဖို့လည်း လိုအပ်ပါသည်ဘုရား။

"ဓမ္မဇီဝိနော" ဟူသော ပါဌ်ကို ရဟန်းတော်များအတွက် "အနဂါရိကဿ ဝေဇ္ဇကမ္မ ဒူတကမ္မာဒီနိ ဝဇ္ဇေတွာ ဓမ္မေန သမေန ဘိက္ခာစရိယာယ ဇီဝိတံ ကပ္ပေန္တဿ" ဟု အဋ္ဌကထာဖွင့်ပြသည့်အတိုင်း ရဟန်းတော်များသည် ဆေးကုခြင်း၊ တမန် အမှုပြုခြင်းစသော ကုလဒူသန၊ အနေသနအမှုတို့ကို ရှောင်ကြဉ်၍ တရားနှင့်အညီ အသက်မွေးကြရန် လိုအပ်ပါသဖြင့် သာသနာတော်၌ ကုလဒူသန၊ အနေသနမှုဖြင့် ဘုန်းကြီးရာဘုန်းကြီးကြောင်း ပြုလုပ်နေကြသော ရဟန်းများ၊ တစ်စတစ်စနည်းပါးပြီး လုံးဝကင်းရှင်းသွားအောင်လည်း ဆောင်ရွက်သင့်ပါသည်ဘုရား။

"အပ္ပမတ္တဿ"ဟူသော ပါဌ်အရ ရဟန်းတော်ဟူသမျှတို့သည် မမေ့မလျော့ မပေါ့မဆ အပ္ပမာဒတရားနှင့် ပြည့်စုံကြရန် လိုအပ်ပါသည်။ ဤ "အပမတ္တဿ" ဟူသော အဆုံးအမသည် မိမိတို့အတွက် အရေးအကြီးဆုံး အဆုံးအမဖြစ်သည်ဟု နှလုံးသွင်းတော်မူကြ၍ အပ္ပမာဒ တရားလက်ကိုင်ထားတော်မူကြပါရန် လေးနက်စွာလျှောက်ထားလျက် မြတ်စွာဘုရားဟောတော်မူအပ်သော ယခင်ဂါထာကိုပင် အနက်ပြန်ဆိုလျက် နိဂုံးချုပ်ပါမည်ဘုရား။

ဥဋ္ဌာနဝတော သတီမတော၊ သုစိကမ္မဿ နိသမ္မကာရိနော။

သညတဿ ဓမ္မဇီဝိနော၊ အပ္ပမတ္တဿ ယသော ဘိဝဍ္ဎတိ။

ဥဋ္ဌာနဝတော-ထကြွလုံ့လဝီရိယရှိသော၊ သတီမတော-အောက်မေ့မှုသတိရှိသော၊ သုစိကမ္မဿ-စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော ကိုယ်မှု၊ နှုတ်မှု၊စိတ်မှုရှိသော နိသမ္မကာရိနော-အမှုကိစ္စဟူသမျှတို့ကို စူးစမ်းဆင်ခြင်၍ ပြုလေ့ ရှိသော၊ သညတဿ-ကိုယ်နှုတ်နှလုံးစောင့်သုံးသော၊ ဓမ္မဇီဝိနော-တရားသဖြင့် အသက်မွေးလေ့ရှိသော၊အပ္ပမတ္တဿ-မမေ့မလျော့သော ပုဂ္ဂိုလ်အား၊ ယသော စည်းစိမ်ဥစ္စာအခြံအရံနှင့် အရာအထူးကျော်ဇုံသတင်းကျော်စောခြင်းသည်၊ အဘိဝဍ္ဎတိ-တစ်နေ့တခြား တက်နေအလားကဲ့သို့ တိုးပွားနိုင်ပါစေသတည်း။

# နိုင်ငံတော်အစိုးရအနေဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းခန့်ကုန်ကျရန် လျာထား

**နေပြည်တော် ဒီဇင်ဘာ ၃**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းကို အာဆီယံနိုင်ငံများ၏အဆင့်အတန်းနှင့် နိုင်ငံတကာအဆင့်အတန်းမီအောင် တိုးတက်မြင့်မားလာစေရေး၊ နိုင်ငံတော်၏ဦးစားပေးကျန်းမာရေးပြဿနာများကိုဖြေရှင်းနိုင်ရေး၊ မြို့ပြနှင့် ကျေးလက်ဒေသကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်လျော့နည်းစေရေး၊ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ ပြည့်မီရေး၊ ပြည်သူဗဟိုပြုကျန်းမာရေးဝန်ဆောင်မှုစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေး စသည့် မူဝါဒများချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနတွင် ကျင်းပသော "ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပိုလီယိုကာကွယ်ဆေးထိုးဆေး အသစ်ထည့်သွင်းထိုးနှံခြင်း အထိမ်းအမှတ်အခမ်းအနား" တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ကျန်းမာရေးအသုံးစရိတ်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ယခင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ကထက် ၈ ဒသမ ၇ ဆခန့် ပိုမိုသုံးစွဲနိုင်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းသည် ၂၀၁၅ ခုနှစ် မေလမှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကလေးငယ်များအား ကူးစက်ရောဂါပိုး ကိုးမျိုးမှ ကင်းဝေးစေရေးအတွက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးလျက်ရှိပါကြောင်း။

ပိုလီယိုကာကွယ်ဆေးမပေါ်မီက ကလေးအားလုံးလိုလို ပိုလီယိုရောဂါကူးစက်ခံရပြီး ကလေး ၂၀၀ တွင် တစ်ဦးမှာ အကြောသေရောဂါဖြစ်ပွားခဲ့ပါကြောင်း၊ ၁၉၈၈ ခုနှစ်တွင် နိုင်ငံပေါင်း ၁၂၅ နိုင်ငံမှာ ပိုလီယိုအရိုင်းပိုးကူးစက်ဖြစ်ပွားခဲ့ရာမှ ကလေးပေါင်း တစ်သိန်းသုံးသောင်းငါးထောင်ခန့်သည် အကြောသေပြီး မသန်စွမ်းသည့်ဘဝသို့ ရောက်ရှိခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် မေလတွင် ကျင်းပသော ကမ္ဘာ့ကျန်းမာရေးညီလာခံမှ ပိုလီယိုလုံးဝပပျောက်ရေးလုပ်ငန်း မဟာဗျူဟာစီမံကိန်း ၂၀၁၃ မှ ၂၀၁၈ Polio Eradication End Game Strategic Plan ၂၀၁၃-၂၀၁၈ ကို နည်းဗျူဟာလေးခုချမှတ်၍ ရေးဆွဲခဲ့ပါကြောင်း။

ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၅ခုနှစ်အတွင်း ပိုလီယိုအရိုင်းပိုး တွေ့ရှိသည့် နိုင်ငံနှစ်နိုင်ငံသာကျန်ရှိပြီး ဖြစ်ပွားသူ ၃၆ ဦးတွေ့ရှိသည်အထိ အောင်မြင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ပိုလီယိုရောဂါကို ၂၀၁၈ ခုနှစ်တွင် တစ်ကမ္ဘာလုံးပပျောက်စေရန် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့် ရည်ရွယ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံကို ပိုလီယိုရောဂါအရိုင်းပိုး လုံးဝကင်းစင်သည့် နိုင်ငံဖြစ်ကြောင်း ၂၀၁၄ ခုနှစ် မတ် ၂၇ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုကြေညာမှုကို ရရှိခဲ့ပါကြောင်း၊ ထိုအခြေအနေကို ဆက်လက်ထိန်းသိမ်းသည့်အနေဖြင့် နည်းဗျူဟာများအနက် ပိုလီယို ရောဂါပိုး အမျိုးအစား သုံးမျိုးစလုံးပါဝင်သော Trivalent OPV (tOPV)ကို သုံးစွဲလျက်ရှိရာမှ ပိုလီယိုရောဂါပိုး အမျိုးအစား နှစ်မျိုးပါဝင်သော Bivalent OPV(bOPV)ကို ၂၀၁၆ ခုနှစ် ဧပြီလကုန်တွင် ပြောင်းလဲသုံးစွဲခြင်းနှင့် မပြောင်းလဲမီ ငါးလအလိုတွင် ပိုလီယိုရောဂါပိုး အမျိုးအစား သုံးမျိုးစလုံးပါဝင်သော ပိုလီယိုကာကွယ်ဆေးထိုးဆေး (Inactivated Polio Vaccine-IPV)ကို ထပ်မံထည့်သွင်းထိုးနှံခြင်းလုပ်ငန်းများ ပါဝင်ပါကြောင်း။

မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါကာကွယ်ဆေးထိုးဆေး (IPV)စတင်ထည့်သွင်းထိုးနှံခြင်းလုပ်ငန်းအား စတင်ဆောင်ရွက်ရာတွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်မှာ ပိုလီယိုကာကွယ်ဆေးဒုတိယအကြိမ်ရရှိရန် လာရောက်သည့် အသက်လေးလအရွယ် ကလေးများအားစတင်၍ နောက်လများတွင် လစဉ်ဆက်လက်ထိုးနှံသွားမှာ ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်းကို ဦးစားပေးလုပ်ငန်းအနေဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကုန်အထိ နိုင်ငံတော်အစိုးရ၏ ထည့်ဝင်ငွေနှင့် GAVI Vaccine Allianceတို့၏ ပံ့ပိုးငွေတို့ဖြင့် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးအသစ်များ ပိုမိုထည့်သွင်းထိုးနှံနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးအသစ် (Pneumococcal Conjugate Vaccine-PCV 10)ကို ထပ်မံထည့်သွင်းထိုးနှံသွားမည်ဖြစ်ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်အစိုးရက ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် ကုန်ကျရန်လျာထားသည့်ငွေကြေးသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းခန့်ရှိသည့်အတွက် ကလေးတစ်ဦးအတွက် ခုနစ်ဒေါ်လာခန့် ကုန်ကျခံသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေး စတင်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော်က တင်သွင်းလျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးပထမနေ့ကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား အလှူရှင် မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)- ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

# တမီလ်နာဒူးရေဘေးကြည့်ရှုစစ်ဆေးရန် ဝန်ကြီးချုပ် မိုဒီ ချန်နိုင်းသို့ရောက်




**ချန်နိုင်း ဒီဇင်ဘာ ၃**

အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်၌ ရေလွှမ်းမိုးလျက်ရှိပြီး ရေလွှမ်းမိုးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရန် ဝန်ကြီးချုပ်နရိန္ဒြာမိုဒီသည် ချန်နိုင်းမြို့သို့ ဒီဇင်ဘာ ၃ရက်တွင် ရောက်ရှိလာကြောင်း၊ ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ရူပီးငွေကုဋေ ၁၀၀၀ သုံးစွဲဆောင်ရွက်သွားရန် မိုဒီက ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်၌ ရေလွှမ်းမိုးမှုများကြောင့် လူပေါင်း ၂၁၀ သေဆုံးခဲ့ရသည်။

ပြည်နယ်မြို့တော်ချန်နိုင်းလေဆိပ်၏ လေယာဉ်ပြေးလမ်းမှာ ရေနစ်မြုပ်နေပြီး ဒီဇင်ဘာ ၆ ရက်အထိ လေဆိပ်ကို ပိတ်ထားမည်ဟု အိန္ဒိယလေဆိပ်လုပ်ငန်း အာဏာပိုင်အဖွဲ့က ဒီဇင်ဘာ၂ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ထိုစဉ်အတွင်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်လုပ်ကိုင်လျက်ရှိသည်။

ရေဘေးကယ်ဆယ်ရေးတွင် ပါဝင်ကူညီလျက်ရှိကြသော တပ်မတော်သားများက လူပေါင်း၂၀၀၀ကျော်ကို ကယ်တင်ပေးနိုင်ခဲ့သည်။ အိန္ဒိယရေတပ်သည် ရေငုပ်သမားများ၊ မော်တော်ဘုတ်များနှင့် ကယ်ဆယ်ရေးပစ္စည်းများပါရှိသော စစ်ရေယာဉ်တစ်စင်းကို ဖြန့်ကြက်သွားရန် ဆုံးဖြတ်ခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် ဒေသခံပြည်သူသုံးသန်းကျော်အတွက် အခြေခံဝန်ဆောင်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့သည်။

ပြည်နယ်မြို့တော် အာဏာပိုင်များသည် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးသွားသော လမ်းများကို ပြင်ဆင်လျက်ရှိသည်။

လူဦးရေခြောက်သန်းနေထိုင်ရာ ချန်နိုင်းမြို့၏ မြေနိမ့်ပိုင်းအရပ်များ၌ ရေဘေးဒဏ်ကို ဆိုးဆိုးရွားရွား တွေ့ကြုံခံစားခဲ့ရပြီး တံတားများလည်းပျက်စီးခဲ့ရသည်။

**ရိုက်တာ။**

# အိုင်အက်စ်အဖွဲ့ကို ဗြိတိန်က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်

**လန်ဒန် ဒီဇင်ဘာ ၃**

အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)အဖွဲ့အား ချေမှုန်းမည့် လေကြောင်းစစ်ပွဲအတွင်း ဗြိတိန်နိုင်ငံက ပထမဆုံးအကြိမ်ပါဝင်လာကြောင်း၊ ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်အဖွဲ့၏ ပစ်မှတ်များကို ဗြိတိန်တော်ဝင်လေတပ်မှ စစ်လေယာဉ်များက ဒီဇင်ဘာ ၃ ရက်တွင် ပထမဆုံးအကြိမ် စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆိုက်ပရပ်ကျွန်း၌ အခြေစိုက်သည့် ဗြိတိန်တော်ဝင်လေတပ်မှ စစ်လေယာဉ်များသည် ဆီးရီးယားနိုင်ငံတွင်းရှိ အိုင်အက်စ်အဖွဲ့၏ပစ်မှတ်များအား ဒီဇင်ဘာ ၃ ရက်တွင် လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် စစ်စခန်းသို့ပြန်လည်ရောက်ရှိလာကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဗြိတိန်လေတပ် စစ်လေယာဉ်များက အိုင်အက်စ်ပစ်မှတ်များကို တိုက်ခိုက်ရန် ဒီဇင်ဘာ ၂ ရက်တွင် ဗြိတိန်ပါလီမန်အမတ်များက ဆန္ဒမဲပေးကာ အတည်ပြုခဲ့သည်။

အိုင်အက်စ်အဖွဲ့အား လေကြောင်းမှစီးနင်းတိုက်ခိုက်ရေးအတွက် ပါလီမန်၌ မဲခွဲဆုံးဖြတ်ရာတွင် ၃၉၇ ဦးက ထောက်ခံပြီး ၂၀၃ ဦးက ကန့်ကွက်ခဲ့သည်။

ဗြိတိန် အောက်လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ဝန်ကြီးချုပ်ကင်မရွန်နှင့် အမေရိကန်သမ္မတ အိုးဘားမားတို့က ကြိုဆိုခဲ့ကြသည်။ **ရိုက်တာ။**



# လူအစုအပြုံလိုက်ပစ်သတ်ခဲ့သည်ဟု သံသယရှိသူနှစ်ဦး အမေရိကန်ရဲတပ်ဖွဲ့၏ လက်ချက်ဖြင့် သေဆုံး

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၃**

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်တွင် လူအစုလိုက် အပြုံလိုက်ပစ်ခတ်သတ်ဖြတ်ခဲ့သည်ဟု သံသယရှိသူနှစ်ဦးသည် ရဲတပ်ဖွဲ့၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့သည်။ သံသယရှိသူနှစ်ဦးမှာ ဆာယဒ်ဖာရော့ခ်နှင့်တက်ရှ်ဖင်းမာလစ်ခ်တို့ ဇနီးမောင်နှံနှစ်ဦးဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ အစုလိုက်အပြုံလိုက် ပစ်ခတ်မှုသည် ဆန်ဘာနာဒီနိုမြို့ လူမှုအကျိုးပြုဌာနတွင် ဒီဇင်ဘာ ၃ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၁၄ ဦးသေဆုံးကာ ၁၇ ဦးဒဏ်ရာရရှိသွားခဲ့သည်။ သံသယရှိသူ သေနတ်သမားနှစ်ဦးက ပစ်ခတ်ပြီးနောက် ကားမောင်းထွက်ပြေးသွားခဲ့ကြသည်။ အခင်းဖြစ်ပွားပြီးနောက် လေးနာရီခန့်အကြာတွင် ပစ်ခတ်မှုဖြစ်ပွားသည့်နေရာနှင့် ကီလိုမီတာအနည်းငယ်အကွာအဝေးရှိ လမ်းတစ်လမ်းပေါ်တွင် ရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့သည်။

ဖာရော့ခ်သည် အဆိုပါလူမှုအကျိုးပြုဌာနတွင် အလုပ်လုပ်ခဲ့ဖူးသူတစ်ဦးဖြစ်ပြီး အဆင်မပြေမှုကြောင့် ဒေါသကြီးစွာဖြင့် နှုတ်ထွက်သွားခဲ့သူဖြစ်သည်။ နောက်ပိုင်းတွင် ပြန်လည်ရောက်ရှိလာခဲ့ပြီး ပစ်ခတ်မှုများပြုလုပ်သွားခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် တိုက်ခိုက်မှုအတွက် လျှို့ဝှက်ကြိုတင်ကြံစည်ခဲ့ခြင်းဖြစ်မည်ဟု ရဲတပ်ဖွဲ့က ယူဆခဲ့ပြီး လက်နက်ကြီးများ ကိုင်ဆောင်ထားသည်ဟု ဆိုသည်။ ၎င်းတို့သည် မွတ်စလင်များဖြစ်ဖွယ်ရှိသည်ဟုလည်း ယူဆရသည်။

သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ကာလီဖိုးနီးယားပြည်နယ်ရှိ အစ္စလာမ္မစ်အဖွဲ့တစ်ဖွဲ့က အဆိုပါပစ်ခတ်သတ်ဖြတ်မှုကို ပြစ်တင်ရှုတ်ချခဲ့ပြီး သေဆုံးသွားသူများနှင့် မိသားစုဝင်များအတွက် ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။ ဖာရော့ခ်၏ ယောက်ဖတော်သူတစ်ဦးက ယင်းကဲ့သို့တိုက်ခိုက်မှုမျိုး ဘာကြောင့်ပြုလုပ်ရသည်ကို စဉ်းစား၍မရကြောင်း ပြောကြားသည်။

အမေရိကန်နိုင်ငံတွင် သေနတ်ဖြင့် ရမ်းကားပစ်ခတ်မှုကြောင့် နှစ်စဉ် လူ ၁၀၀၀၀ ကျော် သေဆုံးနေရသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ။**

# မြောက်ကိုရီးယား၌ နျူစမ်းသပ်မှုပြုလုပ်ရန် ဥမင်လိုဏ်ခေါင်းသစ် တူးဖော်နေဟုဆို

**ဝါရှင်တန် ဒီဇင်ဘာ ၃**

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားစမ်းသပ်မှုပြုလုပ်နိုင်ရန်အတွက် ဥမင်လိုဏ်ခေါင်းသစ်တစ်ခုအား တူးလျက်ရှိသည်ကို ဂြိုဟ်တုဓာတ်ပုံအထောက်အထားများအရ သိရှိရကြောင်း အမေရိကန်သုတေသနလေ့လာရေးဌာနတစ်ခုက ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံအရှေ့ဘက်ကမ်းရိုးတန်းဒေသ ပန်ဂေးရီမြို့၌ ဧပြီလနောက်ပိုင်းကာလ၌ ကြီးကျယ်သော ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်နေရာကို ဂြိုဟ်တုဓာတ်ပုံများတွင် တွေ့မြင်ရကြောင်း မြောက်လတ္တီတွဒ် ၃၈ ဒီဂရီဟူ၍ အမည်ပေးထားသော အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ အဆိုပါဝက်ဘ်ဆိုက်မှာ အမေရိကန်ပြည်ထောင်စုရှိ ဂျွန်ဟော့ပကင်းတက္ကသိုလ် နိုင်ငံတကာလေ့လာရေးကောလိပ်က ဖွင့်လှစ်ထားသည့် ဝက်ဘ်ဆိုက်ဖြစ်သည်။

သို့ရာတွင် မြောက်ကိုရီးယားနိုင်ငံက လတ်တလောတွင် နျူကလီးယားစမ်းသပ်မှုတစ်ရပ် ပြုလုပ်မည့် လက္ခဏာများကို မတွေ့မြင်ရကြောင်း၊ အကယ်၍ နျူကလီးယားစမ်းသပ်မှုပြုလုပ်မည်ဆိုပါက အသုံးပြုနိုင်ရန် ဥမင်လိုဏ်ခေါင်းသစ်ကို တူးဖော်ခြင်းဖြစ်မည်ဟု ယူဆရကြောင်း ယင်းဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြထားသည်။

ဥမင်လိုဏ်ခေါင်းသစ်တစ်ခုကို တူးဖော်နေသည့် အလုပ်သမားများကို ထောက်လှမ်းတွေ့ရှိခဲ့ရကြောင်း တောင်ကိုရီးယားအစိုးရ သတင်းရပ်ကွက်ကို ကိုးကားလျက် ယွန်ဟပ်သတင်းအေဂျင်စီက အောက်တိုဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

**ရိုက်တာ။**

# နီပေါတွင် ကလေးငယ်သန်းနှင့်ချီ အစာရေစာပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရ

**ခတ္တမန္ဒူ ဒီဇင်ဘာ ၃**

နီပေါနိုင်ငံတွင် အစာရေစာနှင့် ဆေးဝါးပြတ်လပ်မှုများကြောင့် ရောဂါအမျိုးမျိုးကူးစက်ပြီး သေဆုံးမှုအန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ကလေးငယ်အရေအတွက် သန်းနှင့်ချီရှိနေကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ တာဝန်ရှိသူများက ဆိုသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်ပတ်သက်ပြီး ပြည်သူများက နိုင်ငံတောင်ဘက်ပိုင်းရှိလမ်းများပေါ်တွင် လှည့်လည်ဆန္ဒထုတ်ဖော်နေကြသဖြင့် အိန္ဒိယနိုင်ငံမှ ထောက်ပံ့ရေးမော်တော်ယာဉ်များသည် ၎င်းတို့ပါပစ္စည်းများကို နီပေါနိုင်ငံအတွင်းသို့ ပို့ဆောင်ရန် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

အသက် ငါးနှစ်အောက်အရွယ် ကလေးသုံးသန်းကျော်သည် ဆေးဝါးနှင့် အာဟာရ ပြတ်လပ်မှုများကြောင့် ရောဂါအမျိုးမျိုးကူးစက်ကာ သေဆုံးကြရသည့်အဖြစ်ဆိုးများ ဖြစ်ပွားလျက်ရှိကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ တာဝန်ရှိသူများက ပြောကြားခဲ့သည်။ တိုင်းရင်းသားလူမျိုးစုများပါဝင်ကြသည့်ဆန္ဒထုတ်ဖော်မှုများက အိန္ဒိယနိုင်ငံမှ အစားအစာများနှင့် လောင်စာဆီများသယ်ဆောင်လာသော မော်တော်ယာဉ်များ၏ ဝင်ပေါက်များကိုပိတ်ဆို့ကာ ဆန္ဒထုတ်ဖော်လျက်ရှိကြသည်။ စက်တင်ဘာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ပါလီမန်က အတည်ပြုလိုက်သည့်အတွက် ပြည်သူများက စတင်ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

လောင်စာဆီပြတ်လပ်မှုကြောင့် ချမ်းအေးသောရာသီတွင် ကိုယ်အပူချိန် အလွန်အမင်းလျော့ကျနေသည့် ကလေးငယ်များ၏ အသက်အန္တရာယ်စိုးရိမ်ရကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တာဝန်ရှိသူများက သတိပေးပြောကြားခဲ့သည်။ ပင်နီဆီလင်စသည့် ပဋိဇီဝဆေးဝါးများပြတ်လတ်မှုကြောင့် ကလေးငယ်များအနေဖြင့် ပြည့်စုံလုံလောက်သော ဆေးကုသမှုများမရရှိပါက အသက်အန္တရာယ်နှင့်ရင်ဆိုင်ရနိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **အင်န်အိတ်ချ်ကေ။**



ပြည်တွင်းရေးရာ

# ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်(နေပြည်တော်)ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ပူးပေါင်း၍ အင်းဝဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးသော ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်(နေပြည်တော်)၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဂေါက်ကလပ်တွင် ကျင်းပသည်။




အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ဂေါက်သီးရိုက် အားကစားသမားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားစတင် ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တီခုံအမှတ်(၁)၌ Smoke Ball နှင့် Colour Ball အား ရိုက်၍ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီးစိုးဝင်းနှင့် တက်ရောက်လာကြသူများက Colour Ball အား ရိုက်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် အားကစားသမားများက သတ်မှတ်တီခုံအသီးသီးတွင် ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲတွင် Professional အဆင့် ၂၉ ဦး၊ အပျော်တမ်းအဆင့် အမျိုးသား ၉၈ ဦး၊ အပျော်တမ်းအဆင့် အမျိုးသမီး ၂၁ ဦး စုစုပေါင်းအားကစားသမား ၁၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပထမနေ့ ၁၈ ကျင်းအပြီးတွင် Professional အဆင့် ပြိုင်ပွဲ၌ သိန်းဇော်မြင့် (KM Golf Centre) က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၆၅ ချက်ဖြင့် ပထမ၊ ဇော်ဇော်လတ် (HAN Golf Academy) က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၆၉ ချက်ဖြင့် ဒုတိယ၊ မျိုးဝင်းအောင် (PRGR)က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက် လျှော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် ၇၀ ဖြင့် တတိယနေရာတွင် ရှိကြပြီး ဝါသနာရှင်အဆင့် အမျိုးသား ပြိုင်ပွဲတွင် ဟိန်းစည်သူက သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ ရိုက်ကာ စုစုပေါင်းရိုက်ချက် ၆၈ ချက်ဖြင့် ပထမ၊ စည်သူရဲရင့်က စုစုပေါင်း ရိုက်ချက် ၇၂ ချက်ဖြင့် ဒုတိယနှင့် မောင်မောင်ဦးက စုစုပေါင်းရိုက်ချက် ၇၃ ချက်ဖြင့် တတိယအသီးသီး ရရှိထားသည်။

၂၀၁၅ ခုနှစ် မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်အား ဧရာဝတီဘဏ်မှ လည်းကောင်း၊ ဒုတိယပွဲစဉ်အား မြဝတီဘဏ်မှလည်းကောင်း၊ တတိယ ပွဲစဉ်အား IBTC Foundation မှ လည်းကောင်း၊ စတုတ္ထပွဲစဉ်အား KBZ ဘဏ်မှ လည်းကောင်း၊ ပဉ္စမပွဲစဉ်အား CB ဘဏ်မှလည်းကောင်း၊ ဆဋ္ဌမ ပွဲစဉ်အား မြန်မာ့ရှေ့ဆောင်ဘဏ်မှ လည်းကောင်း၊ သတ္တမပွဲစဉ်အား Phyo Si Thu Trading Co.,ltd မှ လည်းကောင်း၊ အဋ္ဌမပွဲစဉ်အား ရွှေမန်းတောင် Group မှ လည်းကောင်း အဓိက ကူညီပေးခဲ့ပြီး ယခု နောက်ဆုံးပွဲစဉ် အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် အင်းဝဘဏ်လီမိတက်မှ အဓိကကူညီခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Financial Times ၏ မြန်မာနိုင်ငံမှ အကောင်းဆုံးဘဏ်ဆု(၂၀၁၅)အား ကမ္ဘောဇဘဏ်လီမိတက် သုံးနှစ်ဆက် လက်ခံရရှိ

**လန်ဒန် ဒီဇင်ဘာ ၃**

အင်္ဂလန်နိုင်ငံ လန်ဒန် အခြေစိုက် Financial Times မှ ကျင်းပသည့် ၂၀၁၅ ခုနှစ်အတွက် နိုင်ငံအလိုက် အကောင်းဆုံးဘဏ်ဆု "The Banker Awards 2015" ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ Hilton London Bankside Hotel ၌ ကျင်းပရာ အဆိုပါဆုကို မြန်မာနိုင်ငံ ကမ္ဘောဇဘဏ်လီမိတက်မှ တတိယအကြိမ်မြောက် သုံးနှစ်ဆက် လက်ခံရရှိခဲ့သည်။ ထိုဆုများကို အင်္ဂလန်နိုင်ငံမှ Lloyds Banking Group၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ICBC Bank၊ တောင်ကိုရီးယားနိုင်ငံမှ KEN HANA Bank၊ စင်္ကာပူနိုင်ငံမှ UOB Bank၊ ထိုင်းနိုင်ငံမှ Bangkok Bank၊ ဂျပန်နိုင်ငံမှ Mitsubishi UFJ Financial Group တို့အပါအဝင် နိုင်ငံပေါင်း ၁၅၂ နိုင်ငံ၏ သက်ဆိုင်ရာဘဏ်အဖွဲ့အစည်းအသီးသီးမှလည်း ယင်းဆုကို လက်ခံရရှိခဲ့ကြသည်။



ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၅၂ နိုင်ငံမှ ဘဏ်ဥက္ကဋ္ဌများ၊ CEO များ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အဆင့်မြင့်အရာရှိကြီးများနှင့်အတူ မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ အမှုဆောင် ဒါရိုက်တာ ဒေါ်နန်းခမ်းနောင့်၊ အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးညိုမြင့်၊ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်လင်းအောင်နှင့် ကမ္ဘောဇဘဏ်လီမိတက်မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ ဆုကို ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက တက်ရောက်လက်ခံခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

Financial Times က ကြေညာချက် ထုတ်ပြန်ရာ၌ နှစ်အလိုက် အကောင်းဆုံးဘဏ်ဆု (Bank of the Year in Myanmar 2015) ဆုကို ရွေးချယ်ချီးမြှင့်ရာတွင် ကမ္ဘာအရပ်ရပ်ရှိ ဘဏ်လုပ်ငန်းများအတွက် ရည်ရွယ်ကာ သီးခြားဖွဲ့စည်းထားသော The Banker မှ ကမ္ဘာတစ်ဝန်းလုံး၌ ၎င်းတို့ဖြန့်ကြက်ထားသော သတင်းထောက်များ၊ သတင်းဌာနများ၊ မီဒီယာများမှ ဘဏ်လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို စုစည်းလျက် သတ်မှတ်ထားသော စံချိန်စံညွှန်းများအပေါ် အခြေခံ၍ ၂၀၁၅ ခုနှစ် စွမ်းဆောင်ရည် အကောင်းဆုံးဘဏ်ကို ရွေးချယ် ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကမ္ဘောဇဘဏ်ကို ရွေးချယ်ချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘောဇဘဏ်လီမိတက်၏ ဘဏ်လုပ်ငန်းဆိုင်ရာများ၊ ဝန်ဆောင်မှုများပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မှု၊ ဘဏ်ခွဲများနှင့် ATM စက်များ နိုင်ငံအတွင်း နေရာဒေသအနှံ့အပြား၌ တိုးချဲ့ဖွင့်လှစ်နိုင်မှု၊ ဈေးကွက်တိုးတက်ပိုင်ဆိုင်မှု၊ စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးအများဆုံး ပိုမိုထုတ်ချေးနိုင်မှု၊ ဝင်ငွေနှင့်အမြတ်ငွေ ပိုမိုတိုးတက်ရရှိမှု၊ ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်မှုနှင့် စီမံအုပ်ချုပ်မှုစွမ်းရည် မြင့်တက်ကောင်းမွန်မှု၊ ခေတ်မီဘဏ်လုပ်ငန်းဆိုင်ရာ နည်းပညာများနှင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်မှု၊ နိုင်ငံတကာဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေ တစ်နိုင်ငံလုံးတွင် ပထမနေရာမှ လေးနှစ်ဆက် အများဆုံး သယ်ပိုးထမ်းဆောင်နိုင်ခြင်း စသည်တို့ကို အခြေခံ၍ စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်များကလည်း Financial Times မှပေးအပ်သည့် Bank of the Year in Myanmar ဆုများကိုရရှိခဲ့ပြီး ယခုနှစ်အတွက် ထပ်မံ၍ ရွေးချယ်ခံရသည့်အတွက် ၎င်းဆုကို သုံးနှစ်ဆက်ရရှိခြင်းဖြစ်ကြောင်း သိရှိရပြီး ကမ္ဘာလုံးဆိုင်ရာ စွမ်းဆောင်ရည် အကောင်းဆုံး Global Award ဆုကို အမေရိကန်နိုင်ငံ Wells Fargo Bank မှ ရရှိခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဇော်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့်<br>တိုင်းရင်းသားရေးရာလူမျိုးများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) | ဦးရဲနိုင်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသား<br>လူမျိုးများဖွံ့ဖြိုးတိုးတက်ရေး<br>ဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၃) | ဗိုလ်မှူးချုပ်ကိုကိုနိုင်<br>စစ်သံမှူး<br>စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ<br>မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာသန်းထွဋ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၅) | ဦးဝင်းနောင်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ကျောင်းအုပ်ကြီး<br>ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန |

# စာပေဗိမာန်၊ ဘာသာပြန်ပြိုင်ပွဲ စာမူတင်သွင်းရန် နှိုးဆော်

**ရန်ကုန် ဒီဇင်ဘာ ၃**

လူငယ်များ ဘာသာပြန်စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာပေဗိမာန်နှင့် ဂျပန်နိုင်ငံ Shanti Volunteer Association (SVA) (ရှန်တိစေတနာ့ဝန်ထမ်းအဖွဲ့)တို့ ပူးတွဲပြီး ဘာသာပြန်ပြိုင်ပွဲကျင်းပမည်ဖြစ်ကြောင်း၊ အသက် (၁၈)နှစ်မှ (၃၀)အတွင်း စိတ်ဝင်စားသူအားလုံး ယှဉ်ပြိုင်နိုင်ပြီး ပြန်ဆိုရမည့် စာအုပ်မှာ Asia/Pacific Co-publication Programme က ပြုစုဖြန့်ချိသော "THE EARTH" စာအုပ်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်လိုသူများသည် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်ရုံးဘာသာပြန်ဌာနစုတွင် ပြဋ္ဌာန်းစာအုပ်နှင့် ပြိုင်ပွဲဝင်လျှောက်လွှာပုံစံကို အခမဲ့ထုတ်ယူနိုင်ကြောင်း၊ ဘာသာပြန်ပြီး စာမူများကို (၁၀-၁၀-၂၀၁၅)ရက်မှ (၃၁-၁၂-၂၀၁၅)ရက်ထိ လက်ခံသွားမည်ဖြစ်ကြောင်း ဖိတ်ခေါ်ခဲ့ပြီးဖြစ်သည်။ ပြိုင်ပွဲဝင်မည့်သူများသည် မိမိယှဉ်ပြိုင်မည့် စာမူများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားပေးပို့ကြရန် စာပေဗိမာန်က နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

❖ **မလေးရှားမှ**

အဆိုပါရင်းနှီးမြှုပ်နှံမှုမှာ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ကြေညာခဲ့သော ဒီဂျီစယ်မြန်မာတာဝါ ကုမ္ပဏီ၏ ရှယ်ယာအများစုကို ထိန်းချုပ်ရန် Axiata အုပ်စု၏ ဦးစားပေးဆက်လက်ဝယ်ယူမှုဖြစ်သည်။ Axiata အုပ်စုကရာနှုန်းပြည့်ပိုင်ဆိုင်သော တာဝါတိုင်တည်ဆောက်ရေး ကုမ္ပဏီ edotco က ဒီဂျီစယ်မြန်မာ၏ ရှယ်ယာ ၇၅ ရာခိုင်နှုန်းပိုင်ဆိုင်ရန် အတွက် ငွေသားအနေဖြင့် အမေရိကန်ဒေါ်လာ ၁၂၅ သန်း ပေးချေရမည်ဖြစ်သည်။ edotco ကုမ္ပဏီက လက်ရှိဆက်သွယ်ရေးတာဝါတိုင် ၁၂၅၀ မှ လာမည့်ရှစ်နှစ်အတွင်း မြန်မာနိုင်ငံ၌ ဆက်သွယ်ရေးတာဝါတိုင် ၅၀၀၀ အထိပိုင်ဆိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း edotco ကုမ္ပဏီ အမှုဆောင်ချုပ် ဆူရစ်ဆီဒူက ပြောကြားသည်။

Axiata အုပ်စုမှာ လျင်မြန်စွာတိုးတက်လာနေသော မြန်မာ့စီးပွားရေး ကဏ္ဍ၌ ခြေကုပ်တစ်ခုယူရန် စုပြုံဝင်ရောက်လာသည့် စင်ကာပူနိုင်ငံမှ ယူနိုက်တက်အိုဗာဆီးဘဏ်နှင့် ဂျပန်နိုင်ငံမှ ကီရင်ဟိုးလ်ဒင်းစ်ကဲ့သို့သော ပြည်ပကုမ္ပဏီများအနက်တစ်ခုဖြစ်သည်။ လူဦးရေ ၅၁ သန်းရှိသော မြန်မာနိုင်ငံ၌ ယခုအခါ မိုဘိုင်းဖုန်းမှ မော်တော်ဆိုင်ကယ်အထိ ဝယ်လိုအားမှာ သိသာစွာမြင့်တက်လျက်ရှိသည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏အဆိုအရ မြန်မာနိုင်ငံ၏ စုစုပေါင်းတစ်မျိုးသားလုံးထုတ်ကုန်တန်ဖိုး(ဂျီဒီပီ)မှာ ယခုနှစ်တွင် ၈ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်နိုင်သည်ဟု သိရသည်။

***(Nikkei Asian Review)***

(၉၅)နှစ်မြောက် အမျိုးသားနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အမျိုးသားနေ့ ဦးတည်ချက်များနှင့်အညီ

## အောင်ခန့်ဖြိုးဝေ(တောင်ငူ)

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ (၆-၁၂-၂၀၁၅) သည်မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားရေးစိတ်ဓာတ်ထက်မြက် မြင့်မားစွာဖြင့် အမျိုးသားပညာရေး လှုပ်ရှားမှုကြီးကို စတင်လှုပ်ရှားဆောင်ရွက်ခဲ့သည့် (၉၅)နှစ်မြောက် အမျိုးသားနေ့ဖြစ်ပေသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၂၀၁၅ ခုနှစ် (၉၅)နှစ်မြောက် အမျိုးသားနေ့ကို "နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးသား ပညာရည်မြင့်မားရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး"ဟူသော ဦးတည်ချက်များနှင့်အညီကျင်းပသွားမည်ဖြစ်ပါသည်။

အမျိုးသားနေ့သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်သော် ၁၉၂၀ ပြည့်နှစ်တိုင်အောင် မြန်မာနိုင်ငံပညာရေးအတွက် တက္ကသိုလ်ဟူ၍ မရှိသေးဘဲ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ဟူ၍သာရှိပြီး ကိုးလ်ကတ္တားတက္ကသိုလ်ကကျင်းပသော စာမေးပွဲကိုဖြေဆိုကြရသည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် အင်္ဂလိပ်အစိုးရက ရန်ကုန်တက္ကသိုလ် အက်ဥပဒေကြမ်းကို ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေကြမ်းတွင်ဖော်ပြထားသည်မှာ ၁။ မြန်မာနိုင်ငံ၌ တက္ကသိုလ်တစ်ခုတည်းသာရှိရမည်ဖြစ်ပြီး လက်အောက်ခံ ကောလိပ်များသည်လည်း ရန်ကုန်မြို့၌သာရှိရမည်။ ၂။ တက်ရောက်ခွင့်ရသော ကျောင်းသားတိုင်းသည် ကျောင်းအိပ်ကျောင်းစားနေရမည်။ ၃။ တက္ကသိုလ်ဝင်တန်းစာမေးပွဲမရှိ၊ အစိုးရက High School Final ခေါ်သော အလယ်တန်းစာမေးပွဲ အောင်မြင်ရမည်။ ၄။ အင်္ဂလိပ်နှင့် အခြားဘာသာရပ်တစ်ခုခုကိုထူးချွန်စွာအောင်မြင်မှ တက္ကသိုလ်ဝင်ခွင့်ပြုမည်။ ၅။ ဂုဏ်ထူးနှင့် ဝိဇ္ဇာဘွဲ့တန်းသည် တစ်ခါဖြေဆိုရန်မအောင်မြင်ပါက နောက်နောင်ဖြေဆိုခွင့်မပြု၊ တက္ကသိုလ်မှထုတ်ပစ်မည်။ ၆။ တက္ကသိုလ်ဝင်ခွင့်ရရှိပါကလည်း တက္ကသိုလ်ပညာရပ်များကို တစ်ပါတည်းစ၍ မသင်ရသေးဘဲ၊ တက္ကသိုလ် ပြင်ဆင်ခွင့်အတန်းတွင် တစ်နှစ်နေရမည်။ ၇ ပြင်ဆင်ခွင့်အတန်းတွင် တစ်နှစ်နေရသော်လည်း တက္ကသိုလ်ပညာရပ်များ မလိုက်နာနိုင်သေးဟု သတ်မှတ်ခံရလျှင် တက္ကသိုလ်ပညာကို ဆက်လက်သင်ယူခွင့်မပြုဟု ပြဋ္ဌာန်းပါရှိရာ အရင်းရှင်၊ နေရှင်တို့၏ အကျိုး၊ ချမ်းသာကြွယ်ဝသူတို့နှင့် အင်္ဂလိပ်အရာရှိကြီးများ၏ သားသမီးများအတွက် ရေးဆွဲထားသည့် ဥပဒေကြမ်းဖြစ်ခဲ့ပေသည်။

ဤဥပဒေကြမ်းအရ၊ တက္ကသိုလ်ပညာရေးကို မြန်မာတိုင်းရင်းသားများသင်ယူနိုင်ခွင့်နည်းပါးသည်။ မြန်မာနိုင်ငံသား ပညာတတ်များ မွေးထုတ်ပေးမည့်အစားလူနည်းစုတို့သာ တက္ကသိုလ်ဝင်ခွင့်ရစေ၍ အင်္ဂလိပ်အစိုးရ ကျွန်ပညာရေးစနစ်ကိုသာ အလေးထားခဲ့သည်။ ဤဥပဒေကြမ်းကိုကျောင်းသားများနှင့် ပြည်သူတို့ ကန့်ကွက်သည့် ကြားမှပင်၊ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် တက္ကသိုလ်ဥပဒေကိုအတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် ယုဒသန်(ဂျပ်ဆင်)ကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်တို့အားပေါင်းစည်း၍ ရန်ကုန်တက္ကသိုလ်ကိုထူထောင်လိုက်ကြောင်း ကြေညာခဲ့သည်။ ဤဥပဒေကိုအင်္ဂလိပ်အစိုးရက အတည်ပြုပြဋ္ဌာန်းပြီး ယူနီဗာစတီ (တက္ကသိုလ်)ဖွင့်ပွဲကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၇ ရက်တွင် ဖွင့်လှစ်ရန်ကြေညာခြင်းအား အကြောင်းပြုလျက် ကျောင်းသားတို့က ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် တက္ကသိုလ်ဥပဒေကို လုံးဝကန့်ကွက်ကြောင်းဖော်ပြကြွေးကြော်ခဲ့ရာမှ မြန်မာနိုင်ငံသမိုင်းအလှည့်အပြောင်း တစ်ခုဖြစ်သော တက္ကသိုလ်ကျောင်းသားသပိတ်ကြီးပေါ်ပေါက်လာ ခဲ့သည်။

ထိုသပိတ်တိုက်ပွဲကို မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ရှိ ကျောင်းများက ဝိုင်းဝန်းထောက်ခံခဲ့ကြသည်။ ထိုသပိတ်ကို အကြောင်းပြု၍ အမျိုးသားကောလိပ်နှင့်အမျိုးသားတက္ကသိုလ်ဟူ၍ ပေါ်ပေါက်ခဲ့သည်။ အမျိုးသားကျောင်းများ ပေါ်ပေါက်လာခြင်းကြောင့် မြန်မာစာပေ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ယဉ်ကျေးမှုတို့ ဂုဏ်သိက္ခာ ပြန်လည်တက်လာခဲ့သည်။ "အမျိုးသားရေးစိတ်ဓာတ်ခွန်အားများ နိုးကြားရှင်သန်လာကာလွတ်လပ်ရေးပန်းတိုင်ဆီသို့ မြန်မာတစ်မျိုးသားလုံး အရောက်လှမ်းနိုင်ခဲ့ကြသည်"။ အမျိုးသားရေးစိတ်ဓာတ်ခွန်အားဖြစ်ပေါ်လာမှုသည်"အမျိုးသားနေ့ ၏အသက်"ဖြစ်ခဲ့သည်။

လွန်ခဲ့သော(၉၅)နှစ်က မြန်မာတစ်မျိုးသားလုံး၏ ညီညွတ်စုစည်းသော"အမျိုးသားရေးစွမ်းပကား"ဖြင့်အမျိုးသားရေးအောင်ပွဲကြီးတစ်ရပ်ရရှိခဲ့သည်။ ကိုလိုနီဗြိတိသျှနယ်ချဲ့အစိုးရ၏ ရန်ကုန်ယူနီဗာစတီအက်ဥပဒေကို ဆန့်ကျင်ဖယ်ရှားပစ်နိုင်ခဲ့သောအောင်ပွဲဖြစ်သည်။ ယင်းဥပဒေကို ဆန့်ကျန်ကန့်ကွက်အောင်မြင်သောနေ့ မြန်မာပြက္ခဒိန်အရ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို "အမျိုးသားနေ့"အဖြစ် ဂျီစီဘီအေ(ခေါ်)မြန်မာအသင်းများကောင်စီ(ဝံသာနု)အသင်းချုပ်ကြီးက သတ်မှတ်ခဲ့သည်။ ထိုနေ့သည် အုပ်ချုပ်သူ နယ်ချဲ့အစိုးရကို ထိထိရောက်ရောက်တော်လှန်သောနေ့၊ ရန်ကုန်တက္ကသိုလ်ဥပဒေကိုကန့်ကွက်သည့်အနေဖြင့် ကျောင်းသားများ သပိတ်မှောက်သည့်နေ့၊ အမျိုးသားတော်လှန်ရေးစတင်သည့်နေ့ဖြစ်ခြင်းတို့ကြောင့်"အမျိုးသားနေ့"အဖြစ် တညီတညွတ်တည်းဆုံးဖြတ်အတည်ပြုခဲ့သည်။ ထိုနေ့သည်အင်္ဂလိပ်နယ်ချဲ့အစိုးရအပေါ်အောင်ပွဲခံသည့်နေ့ဖြစ်၍ "အမျိုးသားအောင်ပွဲနေ့"ဟု ခေါ်ကြသေးသည်။

ထိုစဉ်က ကိုလိုနီကျွန်ဘဝတွင် ဗြိတိသျှအုပ်စိုးသူတို့အရှိန်အဝါကြီးနေဆဲဖြစ်သောကြောင့်"အမျိုးသားနေ့"ဟူသောနေ့ထူးနေ့မြတ် တစ်ရက်ရွေးချယ်သတ်မှတ်သည့်ကိစ္စမှာ ကြီးမားသောဇာတိမာန်နှင့် တော်လှန်ရေးစွန့်စားချက်အပြုအမူတစ်ရပ်ပင်ဖြစ်သည်။ ရက်သတ်မှတ်ရာတွင် အမျိုးသားနေ့၏အဓိပ္ပာယ်ပေါ်လွင်စေရန် တက္ကသိုလ်ဥပဒေကို သပိတ်မှောက်သည့် အင်္ဂလိပ်ရက်ဖြစ်သည့် ဒီဇင်ဘာ ၅ ရက်ဟုမသတ်မှတ်ဘဲ မြန်မာရက်ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ဟု တမင်တကာ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ဤသို့ဖြင့်အမျိုးသားရေးလက္ခဏာသည် ပို၍ပေါ်လွင်ထင်ရှားစေခဲ့ပါသည်။

မျိုးချစ်စိတ်ဓာတ်ကိုအရင်းခံ၍ မြန်မာတို့၏ လူမှုစီးပွားဘဝနှင့် လိုက်လျောညီထွေရှိသည့် ပညာရေးစနစ်တစ်ရပ်ပေါ်ထွန်းလာရေးအတွက် တစ်မျိုးသားလုံးပူးပေါင်းပါဝင်လှုပ်ရှားခဲ့သည့် အမျိုးသားရေးလှုပ်ရှားမှုကြီးမှ တစ်ဆင့် နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝစွာဖြင့် ကိုလိုနီနယ်ချဲ့တို့ကို စည်းလုံးညီညွတ်စွာ တွန်းလှန်နိုင်ခဲ့သဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးအောင်ပန်းကို အရှိန်အဟုန်ဖြင့် ဆက်လက်တက်လှမ်းရယူနိုင်ခဲ့ပေသည်။

လွတ်လပ်ရေးရပြီးနောက် အစိုးရအဆက်ဆက်က နိုင်ငံတော်တာဝန်များကို ရယူဆောင်ရွက်ခဲ့ရာတွင် မြန်မာနိုင်ငံကဲ့သို့သော ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်းအစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်အဖြစ် ခံယူဆောင်ရွက်သွားရမည်ဖြစ်သည်။

မိမိနိုင်ငံနှင့်မိမိလူမျိုး၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင်လွတ်လပ်စွာဆွေးနွေးဆုံးဖြတ်အကောင်အထည်ဖော်နိုင်ရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဘဝပြည့်စုံလုံခြုံရေးတို့အတွက် နိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

ယနေ့အချိန်တွင် နိုင်ငံတော်ကြီးကိုအေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ယနေ့နိုင်ငံတော်၌ ပါတီစုံ ဒီမိုကရေစီစနစ်ကျင့်သုံးနေချိန်တွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်နှင့်ဒေသတွင်း နိုင်ငံများကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်အခြေခံအုတ်မြစ်မှာ ပညာရေးပင်ဖြစ်ပြီး ပညာရေးတိုးတက်မှုသာ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကဏ္ဍများတွင် ဦးဆောင်မည့်သူများ ထွက်ပေါ်လာနိုင်မည်ဟူသော ရည်မှန်းချက်များဖြင့်ဆောင်ရွက်လျက်ရှိနေပါသည်။

အစိုးရသစ် စတင်တာဝန်ယူသည့်အချိန်မှစပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးအတွက်သိသာထင်ရှားသော နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးအခြေခံအုတ်မြစ်များ ချနိုင်ရန်ကြိုးစားခဲ့သည်။ နိုင်ငံတစ်နိုင်ငံတိုးတက်မှုသည် ယင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် လုံးဝအမှီသဟဲပြုနေသဖြင့်ပြုပြင်ပြောင်းလဲမှုများကို အစွမ်းရှိသမျှတစ်နိုင်ငံလုံးအတိုင်းအတာ ဖြင့်ဆောင်ရွက်ရာတွင် "ပညာရေးပြုပြင်ပြောင်းလဲမှု"များ ပါဝင်ခဲ့သည်။ ပညာရေးသည် နိုင်ငံနှင့်လူမျိုး၏ အသက် ဝိဉာဉ်၊ ဖွံ့ဖြိုးမှုအခြေခံအုတ်မြစ်၊ လူ့အဖွဲ့အစည်းတည်ငြိမ် အေးချမ်းမှု၏ ဗဟိုဖြစ်ကြောင်းကို နိုင်ငံတော်အစိုးရသစ်မှ ခံယူကျင့်သုံးခဲ့သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည်အထူးအရေးပါသည်။ အခြေခံပညာကျောင်းများသည်ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ပင်မဌာနများအဖြစ်ပေါ်ထွန်းလာစေရန်၊ နိုင်ငံတော်အစိုးရမှ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားတိုင်းအခြေခံပညာကိုသင်ယူခွင့်ရရှိကာ အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခမဲ့ပညာရေးမှ ဘက်စုံလွှမ်းခြုံသောပညာရေးဆီသို့ ဦးတည်ကြိုးပမ်းလျက်ရှိပါသည်။ ပညာရေးအသုံးစရိတ်ကို ငါးနှစ်တာကာလအတွင်း လေးဆကျော်တိုးမြှင့်သုံးစွဲလျက်ရှိသည်။ ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်၌ အခြေခံပညာ ကဏ္ဍတွင် ကျောင်းစုစုပေါင်း ၄၅၃၇၈ ကျောင်း၊ ဆရာ ဆရာမပေါင်း ၃၂၂၅၁၄ ဦးနှင့်ကျောင်းသားကျောင်းသူပေါင်း ၈၈၅၃၄၈၀ ဦး ရှိကြောင်းသိရသည်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မူလတန်းအဆင့်အခမဲ့ပညာရေးကိုစတင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အထက်တန်းအဆင့်အထိတိုးတက်ဆောင်ရွက်ခဲ့သည်။ အခြေခံပညာကျောင်းများရှိ (ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်) ကျောင်းသားကျောင်းသူများက ကျောင်းသုံးဖတ်စာအုပ်များနှင့် ဗလာစာအုပ်များအခမဲ့ပေးဝေပြီးကျောင်းအသုံးစရိတ် များကို နိုင်ငံတော်ဘတ်ဂျက်နှင့်ကမ္ဘာ့ ချေးငွေဖြင့် ပံ့ပိုးပေး လျက်ရှိသည်။ အခြေခံပညာသင်ဆုများလည်း နှစ်စဉ် ချီးမြှင့် ပေးလျက်ရှိသည်။ ကျောင်းအဆောက်အအုံများကိုလည်း နှစ်စဉ်တိုးချဲ့တည်ဆောက်ပေးလျက်ရှိပါသည်။ ၂၀၁၁ ခုနှစ်တွင်ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အထိ ကိုယ်ပိုင်ကျောင်း ၃၃၅ ကျောင်းဖွင့်လှစ်ခွင့်ပြုခဲ့သည်။

အဆင့်မြင့်ပညာကဏ္ဍတွင် ပညာရေးဝန်ကြီးဌာနအောက်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၁၃၆ ခုရှိပြီး တက္ကသိုလ်ဆရာ ဆရာမ ၂၂၅၃၀ ဦးရှိသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း စစ်ကိုင်းတက္ကသိုလ်၊ မန္တလာကောလိပ်နှင့်တောင်ကုတ်ကောလိပ်တို့ကိုအသစ်ဖွင့်လှစ်ပေးခဲ့ပြီး ပဲခူးဒီဂရီကောလိပ်နှင့်ရွှေဘိုဒီဂရီကောလိပ်တို့ကို တက္ကသိုလ်အဆင့်သို့တိုးမြှင့်ခဲ့သည်။ ၂၀၁၃ -၂၀၁၄ ပညာသင်နှစ်မှစ၍ ဝိဇ္ဇာ-သိပ္ပံဘာသာရပ် ၂၁ ခုအတွက် ထူးချွန်ကျောင်းသား ၅၀ စီကိုရွေးချယ်၍ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်၌ ပထမနှစ်သင်တန်းမှစတင် သင်ကြားပေးလျက်ရှိပြီး ဝိဇ္ဇာထူးချွန်ဆု၊ သိပ္ပံထူးချွန်ဆုများ ချီးမြှင့်ပေးလျက်ရှိသည်။ ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိတက္ကသိုလ်ဆရာ ဆရာမ စုစုပေါင်း ၁၆၃၀ ကို ပြည်ပနိုင်ငံများသို့ဆွေးနွေးပွဲ၊ အစည်းအဝေး၊ ညီလာခံ၊ လေ့လာရေး၊ သင်တန်းနှင့်ပညာတော်သင်စေလွှတ်ခဲ့သည်။ အားကစားပညာဘွဲ့ B.Sc (Sports) သင်တန်းကိုလည်း ဒဂုံတက္ကသိုလ်နှင့်ရတနာပုံတက္ကသိုလ်တို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်တွင် ရေကြီးနစ်မြုပ်မှု သဘာဝဘေးကြောင့် အခြေခံပညာကျောင်းပေါင်း ၆၄၃ ကျောင်းပျက်စီးခဲ့ပြီး ယင်းကျောင်းများ ပြန်လည်ပြုပြင်ရန်အတွက် အစိုးရဘတ်ဂျက်နှင့် ပြည်တွင်းပြည်ပ ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်၌ ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၁ ဖြင့် "အမျိုးသားပညာရေးဥပဒေ"ကိုပြဋ္ဌာန်းနိုင်ခဲ့သည်။ စာရေးသူတို့၏ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် စတင်ကျင့်သုံးခဲ့သည့် လွန်ခဲ့သောလေးနှစ်ကျော်မှစတင်ကာနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ အပါအဝင် နယ်ပယ်ကဏ္ဍစုံတို့တွင် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်လျက်ရှိရာ ပညာရေးသည်လည်းတစ်ခု အပါအဝင်ဖြစ်သည်။ နိုင်ငံတော်အစိုးရသစ်လက်ထက် ပညာရေးကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများမှာ ယခင်အစိုးရအဆက်ဆက်လက်ထက်များထက် ပိုမိုတိုးတက်ကောင်းမွန်ခဲ့ပြီး နောင်သားစဉ်မြေးဆက် မြန်မာ့ပညာရေးအဆင့်အတန်းမြင့်မားရေးအတွက်လည်းအခြေခံအုတ်မြစ်ကောင်းများချပေးနိုင်ခဲ့ပြီဟု ဆိုရမည်သာဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်နေ့နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီအစည်းအဝေးတွင်"ပညာရေးကဏ္ဍမှာ ပြည်သူတွေ သိသာထင်ရှားစေတဲ့ရလဒ်ကတော့ အထက်တန်းအဆင့်အထိ အခမဲ့ပညာရေးဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ တက္ကသိုလ်အဆင့်တွေမှာ စကောလားရှစ်စတိုင်ပင် အသုံးစရိတ်တွေ ပိုမိုသုံးစွဲပေးနေသလို စနစ်တကျဖြစ်ဖို့လည်းလုပ်ဆောင်နေပါတယ်။ ထူးခြားမှုတစ်ခုက နိုင်ငံတော်သမ္မတရဲ့ ပညာသင်ဆုချီးမြှင့်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အဲဒါဟာ အနာဂတ်နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါတယ်"ဟုပြောကြားချက်မိန့်ခွန်းသည် ပညာရေးကဏ္ဍ၏ သိသာထင်ရှားသောပြောင်းလဲမှုများဖြစ်ပါကြောင်း ဖော်ပြလိုပါသည်။

နိုင်ငံတော်တွင်ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေးအတွက် "ပညာရေး ကောင်းမွန်မှု၏အရေးပါမှု"ကို နိုင်ငံတော်အစိုးရက အလေးအနက်ထားဆောင်ရွက်လျက်ရှိရာ နိုင်ငံသူနိုင်ငံသားအားလုံးသည် ၂၀၁၅ ခုနှစ် (၉၅)နှစ်မြောက် အမျိုးသားနေ့ဦးတည်ချက်များနှင့်အညီ အမျိုးသားရေးအားမာန်အပြည့်အဝစိုက်ထုတ်၍ ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## အမျိုးသားနေ့တို့မမေ့

* လက်နက်အားကိုး၊ နယ်ချဲ့မျိုးတို့
ဆိုးညစ်စစ်ပွဲ၊ သုံးကြိမ်နွှဲ၍
ဆင်းရဲရရှာ၊ တို့မြန်မာသည်
ရာကျော်ကျွန်သက်ရှည်ခဲ့သည်။

* စာရေးစာချီ၊ ရာထူးမည်ဖြင့်
ကူညီစေပါ၊ ရုံးသမားကို
ခန့်ထားရုံသာ၊ ကျွန်ပညာဖြင့်
စာကိုသင်စေ၊ ကျေနပ်စေခဲ့
တွေဝေကျွန်သက်ရှည်ခဲ့သည်။

* ညီနောင်နွယ်ဖွား၊ တိုင်းရင်းသားတို့
စိတ်ထားတူညီ၊ ရှေ့သို့ရည်လျက်
အရှည်မြော်တွေး၊ ပညာရေးကို
အရေးတယူ၊ အလေးမူ၍
တန်းတူညီမျှ၊ ခွင့်ရေးရအောင်
ကျနသေချာ၊ ပေါင်းစုကာလျှင်
ပညာရေးစနစ်၊ တွန်းလှန်ပစ်ခဲ့
မျိုးချစ်စိတ်ဓာတ်၊ ဖော်ကျူးအပ်သည့်
မြင့်မြတ်နေ့ထူး၊ ဂုဏ်ရောင်မြူးကို
ကြည်နူးလှစွာ၊ အောက်မေ့ပါသည်
ကမ္ဘာဆုံးတိုင် တည်စေသတည်း။ ။

ပန်းတောင်းသန်းကြွယ်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းအား ရေနက်ဆိပ်ကမ်းစီမံကိန်း၊ စက်မှုဇုန်စီမံကိန်းနှင့် အဆင့်မြင့်အိမ်ရာစီမံကိန်းများထည့်သွင်း၍ တည်ထောင်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၃**

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ရှင်းလင်းဆွေးနွေးခြင်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ကြေညာသည့် အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေးကိစ္စရှင်းလင်းခြင်းနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာရေး သဘောတူစာချွန်လွှာကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးပြီး အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် **၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးကံချွန်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်တို့က ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် လွှတ်တော်နာယကက ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လွှတ်တော် ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၏ ပြန်လည် ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်ပြီးဆုံးသဖြင့် ယင်းဥပဒေကြမ်းအပေါ် ဆွေးနွေးခဲ့သည့် ကိုယ်စားလှယ် ၇ ဦးမှ ရငွေ၊ သုံးငွေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို ထပ်မံ တင်သွင်းလိုပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း၊ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လိုအပ်ပါက ထပ်မံဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် **ကျောက်ဖြူအထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ကြေညာသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးကိစ္စ**နှင့် စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းအား ရေနက်ဆိပ်ကမ်းစီမံကိန်း၊ စက်မှုဇုန်စီမံကိန်းနှင့် အဆင့်မြင့်အိမ်ရာစီမံကိန်းများ ထည့်သွင်း၍ တည်ထောင်သွားမည်ဖြစ်သည့်အတွက် လိုအပ်သည့်မြေ ၄၂၈၉ ဒသမ ၃၂ ဧကအား နယ်နိမိတ်ဧရိယာအဖြစ် သတ်မှတ်ပြီး အမိန့်ကြော်ငြာစာထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း။



**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပစဉ်။** (သတင်းစဉ်)

စက်မှုဇုန်စီမံကိန်း နယ်နိမိတ်ဆောင်ရွက်မည့် ဧရိယာသည် ကျောက်ဖြူမြို့၏ တောင်ဘက် ၈ ဒသမ ၅ ကီလိုမီတာခန့်အကွာအဝေးတွင်ဖြစ်ပြီး ကန္ဒီးကျေးရွာအုပ်စု၊ သိုင်းချောင်းကျေးရွာအုပ်စု၊ ကြတ္တိန်ကျေးရွာအုပ်စု၊ ကပ်သပြေကျေးရွာအုပ်စုနှင့် ချောင်းဝကျေးရွာအုပ်စုတို့ ပါဝင်ပါကြောင်း၊ အဆင့်မြင့်အိမ်ရာစီမံကိန်း နယ်နိမိတ်ဆောင်ရွက်မည့် ဧရိယာတွင် ကျောက်ဖြူမြို့၏ တောင်ဘက် ယွန်းယွန်း ၁၂ ကီလိုမီတာခန့် အကွာအဝေးတွင်ရှိပြီး ချောင်းဝကျေးရွာအုပ်စု၊ မင်းပြင်ကျေးရွာအုပ်စုတို့ပါဝင်ကြောင်း၊ ရေနက်ဆိပ်ကမ်းစီမံကိန်းအမှတ်(၁) နယ်နိမိတ်ဆောင်ရွက်မည့်ဧရိယာသည် မဒဲကျွန်း၏မြောက်ဘက်တွင်ဖြစ်ပြီး ရေနက်ဆိပ်ကမ်းစီမံကိန်းအမှတ်(၂) ဆောင်ရွက်မည့်ဧရိယာသည် ရမ်းဗြဲကျွန်း၏ မြောက်ဘက် သစ်ပုတ်တောင်အနီးတွင်ဖြစ်ပါကြောင်း။

သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပြီး နယ်နိမိတ်မှတ်တိုင်များကို စိုက်ထူနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ကျေးရွာများကိုလည်း ရှောင်လွှဲနိုင်ခဲ့ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်စဉ်မှစ၍ ယခုအချိန်ထိ လုပ်ငန်းအဆင့်တိုင်းကို နိုင်ငံတော်က ချမှတ်ထားသော မူဝါဒသဘောထားများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိသည့်အပြင် သက်ဆိုင်သူများအားလုံးပါဝင်နိုင်သည့်နည်းလမ်း၊ ပြည်သူလူထု၏သဘောထားကို အခြေခံသည့်နည်းလမ်း၊ သက်ဆိုင်သည့်မိတ်ဖက်အဖွဲ့ပေါင်းစုံနှင့် ဆွေးနွေးတိုင်ပင်သည့် နည်းလမ်း၊ ပွင့်လင်းမြင်သာသည့်နည်းလမ်း၊ တာဝန်ခံနိုင်သည့်နည်းလမ်းများဖြင့်ပါ စနစ်တကျ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် အထူးစီးပွားရေးဇုန်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်တို့တွင် ကျရောက်လာနိုင်သည့် ထိခိုက်နစ်နာမှုများကို လေ့လာစောင့်ကြည့်ကြပ်မတ်ရန်အတွက် ဒေသခံအများစုပါဝင်သည့် မိတ်ဖက်အဖွဲ့ပေါင်းစုံစောင့်ကြည့်လေ့လာရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသလွှမ်းခြုံပင်မစီမံချက်တွင် ကျောက်ဖြူ ရမ်းဗြဲ၊ မာန်အောင်မြို့နယ်များ ပါဝင်ပါကြောင်း၊ ကျောက်ဖြူကို စက်မှုလုပ်ငန်းများ အဓိကထားဆောင်ရွက်မည့်ဇုန်၊ ရမ်းဗြဲကို စိုက်ပျိုးရေးလုပ်ငန်း အခြေပြုဆောင်ရွက်မည့်ဇုန်၊ မာန်အောင်ကို သဘာဝအခြေခံခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်ဇုန်များအဖြစ် ထည့်သွင်းရေးဆွဲထားပါကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန် နယ်နိမိတ်ဧရိယာကို ဒေသလွှမ်းခြုံပင်မစီမံချက်အနေဖြင့် သတ်မှတ်ဆောင်ရွက်မည်ဖြစ်သော်လည်း ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှစတင်ပြီး အကောင်အထည်ဖော်မည့်ဧရိယာမှာ စက်မှုဇုန်စီမံကိန်းအတွက် ဧက ၂၅၀ (ဟက်တာ ၁၀၀)သာ ဖြစ်ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် နယ်နိမိတ်အဖြစ် အမိန့်ကြော်ငြာ စာထုတ်ပြန်ကြေညာမည့် ဧရိယာစုစုပေါင်း ၄၂၈၉ ဒသမ ၃၂ ဧက (၁၇၃၅ ဒသမ ၈၃ ဟက်တာ) သည် နောင်နှစ် ၂၀၊ ၃၀ ကာလများတွင် တိုးချဲ့ဆောင်ရွက်သွားနိုင်မည့် ဧရိယာများသာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် **အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအဖွဲ့များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ အစိုးရအဖွဲ့များအကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာရေးသဘောတူစာချွန်လွှာကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ**နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေနှင့် ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်တို့က ဆွေးနွေးကြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဒီဇင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်းသိရသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ အစီရင်ခံစာ (၂)ခု တင်သွင်းပြီး အစီရင်ခံစာ(၁)ခု လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ဥပဒေကြမ်း(၄)ခု လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ကြသည်။



**ဦးတင်မောင်ဦး**



**ဦးခိုင်မောင်ရည်**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ပြည်သူရေးရာစီမံခန့်ခွဲမှုကော်မတီနှင့် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီတို့က အစီရင်ခံစာများကို တင်သွင်းကြရာ ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးအဋ္ဌမနေ့က တင်ပြခဲ့သည့် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီ၏ အစီရင်ခံစာနှင့် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာတို့ကို လွှတ်တော်က သဘောတူကြောင်း အတည်ပြုသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသည့် **"သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"၊ "ပြည်ထောင်စုလွှတ်တော်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"၊ "နိုင်ငံခြားသုံးငွေ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း"** တို့ကို ပြင်ဆင်ချက်များဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

**စာမျက်နှာ ၉ ကော်လံ ၆ သို့ ❖**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ၂၀၁၅ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်းကို အတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၃**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**အပါအဝင် ဥပဒေကြမ်း ၅ ခု ဆွေးနွေးခြင်း၊ အစီရင်ခံစာ ဖတ်ကြားခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။



**ဒုတိယဝန်ကြီး ဦးထင်အောင်**



**ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးစံပြည့်**

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေ**ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ ဦးစံပြည့်က ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်များစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစား၊ သဘာဝအရင်းအမြစ် အနေအထားနှင့်အလုပ်အကိုင် အခွင့်အလမ်း အနေအထားတို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ လုပ်ကိုင်ခွင့်ခွဲဝေပေးနိုင်မှု အခွင့်အလမ်း နယ်ဘောင်ကျဉ်းသွားမည်ဖြစ်ပါကြောင်း၊ ဥပဒေပြင်ဆင်ခြင်း၏ ရည်ရွယ်ချက်ကို လွဲချော်သွားနိုင်သည်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၁၂ ပုဒ်မခွဲ (ဆ)ကို အဆိုပြုအတိုင်းသာ ထားသင့်ပါကြောင်းဆွေးနွေးရာ လွှတ်တော်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ပြန်လည်ကြားနာရန် ဆုံးဖြတ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ**ကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ✻**

## ပြည်တွင်းရေးရာ

❒ **ရှေ့ဖုံးမှ**

တစ်ဖက်ကလည်း ကမ္ဘာ့နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်ဆံမှုပိုမိုကောင်းမွန်လာခဲ့ပြီး နိုင်ငံတကာ အကူအညီ အထောက်အပံ့နှင့် ချေးငွေများသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ဘဏ္ဍာငွေအရင်းအမြစ်များအဖြစ် တိုးပွားလာခဲ့သည့်အတွက် နိုင်ငံ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

အောင်မြင်သည့် ပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်ကောင်းအဖြစ် ၂၀၁၂ ခုနှစ် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)ကနေပြီး ပုံမှန်ဆက်ဆံရေးရရှိသည့် နိုင်ငံအဆင့် (Normal Country Program)ကို ပြန်လည်ပေးလာခဲ့ပြီး အကျိုးဆက်အနေဖြင့် ယခင်က ရရှိခဲ့သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီ (Humanitarian Aid)ထက် နိုင်ငံဖွံ့ဖြိုးမှုကို အထောက်အကူပြုမည့် (Development Aid)များကို ကူးပြောင်းပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ စသည့် ဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ဆွေးနွေးနိုင်သည့် Platform တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Myanmar Development Cooperation Forum - MDCF)များကို ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်များတွင် ကျင်းပနိုင်ခဲ့ပြီး ပထမအကြိမ်ဖိုရမ်မှာ နေပြည်တော် သဘောတူညီချက် (Nay Pyi Taw Accord) ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း။

ဒုတိယအကြိမ်ဖိုရမ်တွင် အကူအညီများ ထိရောက်မှုရှိရေး၊ တတိယအကြိမ် ဖိုရမ်တွင် ပွင့်လင်း၍အားလုံးအကျုံးဝင်ပြီး တီထွင်ဆန်းသစ်သည့် ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ဆက်လက်လုပ်ဆောင်သွားရန် ဆိုသည့် သဘောတူညီချက်များကို ရရှိခဲ့ပြီး ဖွံ့ဖြိုးမှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတကာ၏ ဖွံ့ဖြိုးမှုအကူအညီများကို ရရှိခဲ့သည့်နေရာတွင် တရားဝင်ဖွံ့ဖြိုးမှု အကူအညီ (Official Development Assistance-ODA)များ၊ အတိုးနှုန်း သက်သာသော ချေးငွေများကို ရရှိနိုင်ခဲ့သည့်အပြင် ကုန်သွယ်ရေးဖွံ့ဖြိုးမှုအတွက် ချေးငွေ(Aid For Trade and Commercial Loan)၊ မြို့ရွာကျေးလက်ဖွံ့ဖြိုးရေးအတွက် ချေးပေးသော (Community Development Loan)များ၊ ကုန်သွယ်မှုအထူးခံစားခွင့်များ (Generalize Scheme of Preferences-GSP)များကိုလည်း ရရှိလာခဲ့ပါကြောင်း၊ ရရှိလာသည့် ပြည်ပအကူအညီ အထောက်အပံ့များကို ဆောင်ရွက်ပေးခဲ့သည့်နေရာတွင် ဒေသဖွံ့ဖြိုးရေးစီမံကိန်း (Regional Development Plan)အရ ဦးစားပေးကဏ္ဍ(Priority Sector)နှင့် ဦးစားပေးနယ်မြေ(Priority Area)ကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ အပြန်အလှန် ညှိနှိုင်း၍ အချိုးကျမျှတစွာဖြစ်ရေးကို အလေးထား ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများ အတွင်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံဖြစ်မှု၊ မြေပြိုမှု စသည့် သဘာဝဘေးအန္တရာယ်များ ကြုံခဲ့သည့်အခါတွင်လည်း အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများက တတ်နိုင်သည့် ငွေကြေးအကူအညီများ၊ စားနပ်ရိက္ခာ အကူအညီများအပြင် နည်းပညာဆိုင်ရာအကူအညီများကို ပံ့ပိုးပေးခဲ့ကြသည့်အတွက်လည်း အဖွဲ့အစည်းများအားလုံးကို ပြည်သူများ၏ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။

ဖွံ့ဖြိုးမှုအကူအညီများကို ရယူဆောင်ရွက်သည့်အခါ နိုင်ငံအတွက် အကျိုးရှိအောင် အသုံးပြုရန်၊ ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်ရန်၊ ထိရောက်သော ဖွံ့ဖြိုးမှု အကူအညီဖြစ်ရန်နှင့် ပြည်သူများလက်တွေ့ခံစားနိုင်သော ဖွံ့ဖြိုးမှုအသီးအပွင့်များဖြစ်စေရန် ရှေးရှုပြီး အစဉ်တစိုက် အာရုံထားဆောင်ရွက်ခဲ့ကြပြီး ရှေ့ဆက်ဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်ခြင်း (Monitoring and Evaluation)ကို ဆောင်ရွက်နိုင်အောင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများနှင့် မိမိနိုင်ငံအတွင်းက အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများအားလုံးကပါ ကြည့်ရှုဆန်းစစ်နိုင်မည့် နိုင်ငံခြားအကူအညီ အထောက်အပံ့ သတင်းအချက်အလက်စနစ် (Aid Information Management System)ကိုလည်း တည်ထောင်နိုင်ခဲ့သည့်အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ယုံကြည်မှုကို ပိုမိုရရှိလာခဲ့ပါကြောင်း။

ယခုအစည်းအဝေးတွင် မိမိတို့အစိုးရ သက်တမ်းကာလအတွင်း လက်စသတ်ရမည့် လုပ်ငန်းများကို လက်စသတ်နိုင်အောင် ဆောင်ရွက်ပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို လက်ရှိရောက်ရှိနေသည့် အခြေအနေနှင့် ပြီးစီးမည့်အချိန်၊ ငွေကြေးရရှိထားမှု၊ သုံးစွဲမှုများကို ပွင့်ပွင့်လင်းလင်း စိစစ်ဆွေးနွေးသွားကြရန် မှာကြားခဲ့သည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အစိုးရစတင်တာဝန်ထမ်းဆောင်ခဲ့စဉ်ကစပြီး အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူ မိတ်ဖက်အစည်းအဝေး ကျင်းပခဲ့ပါကြောင်း၊ ထို့အတူ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု မူဘောင်(FESR)ကို ရေးဆွဲချမှတ်ခဲ့ပါကြောင်း၊ ၎င်းမူဘောင်သည် မိမိတို့၏ သတ်မှတ်ညွှန်းမှတ်ဖြစ်ပါကြောင်း၊ Loan/Grant & Aid ရယူရန် စဉ်းစားသည့်အခါတွင် ၎င်းညွှန်းမှတ်က အဓိကဖြစ်ပြီး နိုင်ငံခြားအကူအညီ အထောက်အပံ့ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ၊ ဗဟိုကော်မတီအဆင့်ဆင့် ဖွဲ့စည်းစိစစ် ဆောင်ရွက်ခဲ့ပါကြောင်း။

လုပ်ငန်းစဉ်ကိုတင်ပြရလျှင် သက်ဆိုင်ရာ Development Partners (DPs) များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးမှု ပထမဦးစွာ လုပ်ရပါကြောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန FESRနှင့် မူတည်ညှိနှိုင်းရပါကြောင်း၊ ညှိနှိုင်းပြီးက လုပ်ငန်းကော်မတီတွင် ဆွေးနွေးပြီး ဗဟိုကော်မတီဥက္ကဋ္ဌထံ တင်ပြရပါကြောင်း၊ ထို့နောက် အစိုးရအဖွဲ့ထံ တင်ပြအတည်ပြုရပါကြောင်း။

ချေးငွေနှင့်ပတ်သက်လျှင် ပိုပြီးတင်းကျပ်စွာ စိစစ်ဆောင်ရွက်ရပါကြောင်း၊ လုပ်ငန်းကော်မတီအပြင် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကြွေးမြီချေးယူမှု ခံနိုင်ရည်ဆန်းစစ်ခြင်းကိုလည်း တွက်ချက်ညှိနှိုင်းပါကြောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့်အတူ ဗဟိုဘဏ်နှင့်လည်း ညှိနှိုင်းရပါကြောင်း၊ ဗဟိုကော်မတီ ဥက္ကဋ္ဌထံ တင်ပြပြီးက အစိုးရအဖွဲ့ထံ တင်ပြရပါကြောင်း၊ ပြီးမှ လွှတ်တော်ကို လျှောက်ထားရပါကြောင်း။

လုပ်ဆောင်ချက်များအားလုံး စနစ်တကျ ဆောင်ရွက်ခဲ့ပါကြောင်း၊ Grant/Aid များက ငွေရတာမဟုတ်ဘဲ နည်းပညာနှင့်ပစ္စည်း ၎င်းတို့ပညာရှင်များ၏ လစာစရိတ်များသာ ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် ငွေကြေး လက်ခံရယူခြင်း မရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံတော်အစိုးရ တာဝန်ယူခဲ့သည့် ၂၀၁၁ ခုနှစ် ဧပြီလမှစပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလကုန်အထိ ရယူဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတကာအကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီများဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြရာတွင် နိုင်ငံအချင်းချင်း ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများအနေဖြင့် ၂၃ ခု၊အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းအနေဖြင့် ငါးခု၊ ကုလသမဂ္ဂအဖွဲ့အစည်း အနေဖြင့် အခု ၂၀ ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ၁၁၇ ခု၊ ကော်မတီများအပါအဝင် အခြားအဖွဲ့အစည်းများ အနေဖြင့် ၁၀ ခု စုစုပေါင်းဖွံ့ဖြိုးမှု မိတ်ဖက်များအနေဖြင့် ၁၇၆ ခုရှိပါကြောင်း။

အဆိုပါအဖွဲ့အစည်းများဖြင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံအချင်းချင်းဆောင်ရွက်မှုတွင် စီမံချက် ၂၉၇ ခု၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ဆောင်ရွက်မှုတွင် စီမံချက် ၄၆ ခု၊ ကုလသမဂ္ဂအဖွဲ့အစည်းများဖြင့် ဆောင်ရွက်မှုတွင် စီမံချက် ၄၃၇ ခု၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများဖြင့်ဆောင်ရွက်မှုတွင် စီမံချက် ၁၅၇ ခု၊ အခြားအဖွဲ့အစည်းများဖြင့် ဆောင်ရွက်မှုတွင် စီမံချက် ၁၁ ခု စုစုပေါင်း စီမံချက် ၉၄၈ ခုကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တန်ဖိုးအားဖြင့် စုစုပေါင်းအမေရိကန်ဒေါ်လာ သန်းပေါင်း ၃၆၁၄ ဒသမ ၈၅၅ ညှိနှိုင်းမှုများရှိခဲ့ပြီး ရရှိပြီးတန်ဖိုး ပစ္စည်းနှင့်နည်းပညာ တန်ဖိုးများ အပါအဝင် အမေရိကန်ဒေါ်လာသန်းပေါင်း ၂၃၃၄ ဒသမ ၈၅၇ ရရှိခဲ့ပါကြောင်း။

ဆောင်ရွက်ပြီးလုပ်ငန်းများအနေဖြင့် နိုင်ငံအချင်းချင်းအနေဖြင့် လုပ်ငန်းပြီးစီးမှု ၁၂၁ ခု၊ ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်း ၁၇၆ ခု၊ ရရှိရန်ကျန်သည့်တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၉၂၉ ဒသမ ၀၂၀ ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း အနေဖြင့် လုပ်ငန်းပြီးစီးမှု ၁၈ ခု၊ ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်း ၂၈ ခု၊ ရရှိရန်ကျန်သည့်တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၇ ဒသမ ၀၃၀၊ ကုလသမဂ္ဂ အဖွဲ့အစည်းအနေဖြင့် လုပ်ငန်းပြီးစီးမှု ၃၃၃ ခု၊ ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်း ၁၀၄ ခုနှင့် ရရှိရန်ကျန်သည့်တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၁၃၁ ဒသမ ၈၂၇၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း အနေဖြင့် လုပ်ငန်းပြီးစီးမှု ၄၃ ခု၊ ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်း ၁၁၄ ခု၊ ရရှိရန်ကျန်သည့်တန်ဖိုး အမေရိကန် ဒေါ်လာ သန်းပေါင်း ၁၂၉ ဒသမ ၄၉၅ ၊ အခြားအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းပြီးစီးမှုငါးခု၊ ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်း ခြောက်ခု၊ ရရှိရန်ကျန်သည့်တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၂ ဒသမ ၆၂၃ ရှိပါကြောင်း။

ထို့ကြောင့် စုစုပေါင်းအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းအရေအတွက် ၁၇၆ ခု၊ စီမံချက်ပေါင်း ၉၄၈ ခု၊ စီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၃၆၁၄ ဒသမ ၈၅၅ ဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီး စီမံချက်ပေါင်း ၅၂၀ ၊ ဆောင်ရွက်ပြီးစီမံချက် တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၁၃၅၅ ဒသမ ၆၁၈၊ ဆောင်ရွက်ဆဲလုပ်ငန်းစဉ်ပေါင်း ၄၂၈ ခု၊ ဆောင်ရွက်ဆဲစီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၂၂၅၉ ဒသမ ၂၃၈ ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်တွင်း၊ပြည်ပ ကြွေးမြီစီမံခန့်ခွဲမှုကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ငွေတိုက်ဦးစီးဌာနကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ငွေတိုက်ဦးစီးဌာနအောက်တွင် ကြွေးမြီစီမံခန့်ခွဲမှုဌာနခွဲအား ဖွဲ့စည်းထားရှိပြီး

**စာမျက်နှာ ၉ သို့❖**



ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။

### အကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီတို့ဖြင့် ဆောင်ရွက်သော လုပ်ငန်းစီမံချက်များစာရင်းပေါင်းချုပ် (၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလကုန်ထိ ရရှိမှု)

| စဉ် | နိုင်ငံ / အဖွဲ့အစည်း | နိုင်ငံ/ အဖွဲ့ အစည်း အရေ အတွက် | စုစုပေါင်း | | | ဆောင်ရွက်ပြီး | | | ဆောင်ရွက်ဆဲ | | | ရရန်ကျန် တန်ဖိုး (USD)သန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | စီမံချက် | စီမံချက်တန်ဖိုး (USD)သန်း | ရရှိပြီးတန်ဖိုး (USD)သန်း | စီမံချက် | စီမံချက် တန်ဖိုး(USD) သန်း | ရရှိပြီးတန်ဖိုး (USD)သန်း | စီမံချက် | စီမံချက် တန်ဖိုး (USD)သန်း | ရရှိပြီးတန်ဖိုး (USD)သန်း | |
| က | နိုင်ငံအချင်းချင်း | ၂၃ | ၂၉၇ | ၁,၉၅၄.၁၈၈ | ၁,၀၂၅.၁၆၉ | ၁၂၁ | ၆၉၆.၀၄၆ | ၆၈၉.၉၂၃ | ၁၇၆ | ၁,၂၅၈.၁၄၃ | ၃၃၅.၂၄၅ | ၉၂၉.၀၂၀ |
| ခ | အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း | ၅ | ၄၆ | ၁၄၃.၄၆၆ | ၅၆.၄၃၂ | ၁၈ | ၁၅.၃၇၉ | ၁၅.၁၇၉ | ၂၈ | ၁၂၈.၀၈၇ | ၄၁.၂၅၃ | ၈၇.၀၃၀ |
| ဂ | ကုလသမဂ္ဂအဖွဲ့ အစည်းများ | ၂၀ | ၄၃၇ | ၈၇၄.၁၆၉ | ၇၄၂.၇၄၂ | ၃၃၃ | ၄၂၀.၈၁၄ | ၄၄၁.၀၁၅ | ၁၀၄ | ၄၅၂.၃၅၅ | ၃၀၁.၃၂၆ | ၁၃၁.၈၂၇ |
| ဃ | နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့ အစည်းများ | ၁၁၇ | ၁၅၇ | ၆၃၆.၃၆၆ | ၅၀၆.၈၇၁ | ၄၃ | ၂၁၇.၉၅၂ | ၁၉၂.၀၉၂ | ၁၁၄ | ၄၁၈.၄၁၄ | ၃၁၄.၇၇၉ | ၁၂၉.၄၉၅ |
| င | အခြား | ၁၀ | ၁၁ | ၆.၆၆၆ | ၄.၀၄၃ | ၅ | ၄.၄၂၇ | ၃.၀၃၂ | ၆ | ၂.၂၃၉ | ၁.၀၁၁ | ၂.၆၂၃ |
| | စာရင်းပေါင်းချုပ် | ၁၇၆ | ၉၄၈ | ၃,၆၁၄.၈၅၅ | ၂,၃၃၄.၈၅၇ | ၅၂၀ | ၁,၃၅၅.၆၁၈ | ၁,၃၄၁.၂၄၂ | ၄၂၈ | ၂.၂၅၉.၂၃၈ | ၉၉၃.၆၁၅ | ၁.၂၇၉.၉၉၈ |

# ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီအစိုးရစနစ်နဲ့သွားတဲ့ နောက်ပိုင်းကာလကစပြီးတော့ ပြည်ပချေးငွေများအားလုံးသည် လွှတ်တော်ရဲ့အတည်ပြုချက်ရရှိပြီးမှ ချေးနိုင်တာဖြစ်ပါတယ်

ဦးမောင်မောင်ဝင်း
အမြဲတမ်းအတွင်းဝန်၊ ဘဏ္ဍာရေးဝန်ကြီးဌာန

နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲမှုဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ရာပြည်ပချေးငွေများရယူပုံအဆင့်ဆင့်၊ ပြည်ပကြွေးမြီများနှင့်ပတ်သက်ပြီး လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ဝင်း၏ ရှင်းလင်းပြောကြားချက်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီဗဟိုကော်မတီကိုနိုင်ငံတော်သမ္မတကြီးက ဦးဆောင်ပြီး ပုံမှန်ပြုလုပ်ပါတယ်။ ကော်မတီရဲ့လုပ်ငန်းတွေထဲမှာ နိုင်ငံခြားအကူအညီတွေ၊ အထောက်အပံ့တွေ၊ နိုင်ငံခြားက ချေးငွေတွေနဲ့ ပတ်သက်ပြီး စီမံခန့်ခွဲဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တွေပါဝင်ပါတယ်။

ပြည်ပချေးငွေများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြရရင် ဘာဖြစ်လို့ ပြည်ပချေးငွေတွေ ယူရသလဲဆိုတော့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ပြည်ပချေးငွေတွေကို ပုံစံအမျိုးမျိုးနဲ့ ရယူနေကြတာ ဖြစ်ပါတယ်။ နိုင်ငံဆင်းရဲတာ၊ ချမ်းသာတာနဲ့ အဓိကသက်ဆိုင်မှုမရှိဘဲနဲ့ သက်ဆိုင်ရာနိုင်ငံကို စီမံခန့်ခွဲရတဲ့ အစိုးရရဲ့ဖွံ့ဖြိုးရေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒတို့၊ အခြားငွေရေးကြေးရေးမူဝါဒတို့နဲ့ ဆက်စပ်ပြီး ပြည်သူလူထုအတွက်၊ တိုင်းပြည်အတွက်ဖွံ့ဖြိုးတိုးတက်အောင်၊ တိုးတက်ကောင်းမွန်အောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ပြည်ပချေးငွေတွေကို အကျိုးရှိရှိအသုံးချနိုင်အောင် ရည်ရွယ်ချက်နဲ့ ရယူကြရတာကို အဓိကတွေ့ရှိရပါတယ်။

ပြည်ပချေးငွေများနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း သတ်မှတ်ထားတဲ့ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေရှိပါတယ်။ အလားတူ ချေးငွေပေးမယ့်နိုင်ငံဖြစ်ဖြစ်၊ အဖွဲ့အစည်းဖြစ်ဖြစ်၊ သူတို့နိုင်ငံရဲ့ ဥပဒေ၊ စည်းမျဉ်း၊စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေရှိပါတယ်။ ဒါ့အပြင် နိုင်ငံတကာလိုက်နာကျင့်သုံးရတဲ့ ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ၊ စံချိန်စံညွှန်းတွေလည်းရှိပါတယ်။ ဒီအပေါ်တွေမှာ အားလုံးခြုံပြီး ညှိနှိုင်းဆွေးနွေးပြီးမှ ရယူကြတာဖြစ်ပါတယ်။ ပထမဦးဆုံး ချေးငွေရယူချင်တဲ့ဝန်ကြီးဌာနနဲ့ ချေးငွေပေးမယ်ဆိုတဲ့ အဖွဲ့အစည်း(သို့မဟုတ်)နိုင်ငံ(သို့မဟုတ်)ကုမ္ပဏီဖြစ်ဖြစ် အဖွဲ့အစည်းတွေနဲ့ ယူမယ့်သူနဲ့ ပထမဦးဆုံး ဆွေးနွေးရပါတယ်။ ယူမယ့်သူဘက်က စပြီးကမ်းလှမ်းတာလည်း ရှိပါတယ်။ ယူချင်တဲ့သူဘက်က ကမ်းလှမ်းချက်ကို လက်ခံပြီးတော့ လာတာလည်းရှိပါတယ်။ ပုံစံအမျိုးမျိုးပါပဲ။ ယူချင်တဲ့သူအနေနဲ့က ယူချင်တဲ့အကြောင်းကို သူကိုယ်တိုင်တိုက်ရိုက်ပြောလို့ဖြစ်စေ၊ သက်ဆိုင်ရာ စီမံကိန်းနဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တစ်ဆင့်ပြောလို့ဖြစ်စေ ချိတ်ဆက်ပြီး ဆွေးနွေးပါတယ်။ ဆွေးနွေးပြီးတဲ့အခါ အခြေခံအားဖြင့် ဖြစ်နိုင်ခြေရှိပြီ လို့ယူဆလို့ရှိရင် ဆက်ပြီးအဆင့်ဆင့် အဆိုပြုတင်ပြရပါတယ်။

ကျွန်တော်တို့ စတင်ညှိနှိုင်းတဲ့အချိန်ကစပြီး ချေးငွေကို ထုတ်ယူသုံးစွဲနိုင်တဲ့အချိန်အထိ ခြောက်လတန်သည်၊ တစ်နှစ်တန်သည် စတဲ့လုပ်ငန်းစဉ်အဆင့်ဆင့်ကို လုပ်ရတာဖြစ်ပါတယ်။ အဲဒီလို ချေးငွေထုတ်ယူနိုင်ပြီဆိုတဲ့ အချိန်မှာလည်းပဲ တစ်ခါတည်းနဲ့အပြီး ချေးငွေအားလုံးကို ထုတ်ပေးတာမျိုး မဟုတ်ပါဘူး အဆင့်ဆင့် Disbursement Period လို့ခေါ်တဲ့အချိန်ကို၊ ချေးငွေထုတ်ယူသုံးစွဲနိုင်မယ့်ကာလကို စာချုပ်ချုပ်စဉ်ကတည်းက ညှိနှိုင်းသတ်မှတ်ထားတာဖြစ်ပါတယ်။ ဥပမာ-ဒေါ်လာသန်း ၁၀၀ ရှိတဲ့ ချေးငွေကို တစ်နှစ်လျှင် ဒေါ်လာသန်း ၂၀ စီနဲ့ ငါးနှစ်ထုတ်ပေးမယ်ဆိုရင်လည်း ငါးနှစ်အချိန်ယူပြီးတော့ ထုတ်ရတာမျိုးဖြစ်ပါတယ်။ တချို့ကျတော့လည်း သန်း ၁၀၀ ကို တစ်ပြိုင်တည်းပေးတာမျိုးလည်းရှိပါတယ်။ အမျိုးမျိုးပေါ့။



အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ဝင်း။

ပြည်ပချေးငွေနဲ့ပတ်သက်ပြီး လက်ရှိဆောင်ရွက်နေတဲ့ အခြေအနေကို တင်ပြရမယ်ဆိုရင် ပြည်ပကြွေးမြီဟာ ပုံစံအမျိုးမျိုးနဲ့ ရှိကြပါတယ်။ ပြည်ပကြွေးမြီယူကြတဲ့အခါမှာ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ Development စီမံကိန်းတွေအတွက် ယူကြတာလည်းရှိပါတယ်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးဖို့ယူတာတွေလည်းရှိပါတယ်။ ပြည်သူအခြေပြုစီမံကိန်းတွေအတွက်၊ ဆင်းရဲမှုလျှော့ချရေးစီမံကိန်းများအတွက် စသည်ဖြင့် ယူကြတာလည်းရှိပါတယ်။ ဘယ်လိုနည်းနဲ့ပဲယူယူ ကျွန်တော်တို့သည် အဓိကအားဖြင့် နိုင်ငံတော်နဲ့ ပြည်သူအတွက်ပဲ ယူခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ ချေးငွေကို ပြန်လည်ပေးဆပ်ရမယ့် တာဝန်ကလည်း ရှိလာတာကြောင့် အဓိကအရေးအကြီးဆုံးကတော့ ချေးငွေကို ရယူခဲ့တဲ့အခါမှာ ထိထိရောက်ရောက် ချမှတ်ထားတဲ့စီမံကိန်းအတိုင်း ပီပြင်အောင် သုံးစွဲနိုင်ဖို့နဲ့ အလေအလွင့်မရှိအောင်ထိန်းသိမ်းပြီးတော့သုံးစွဲနိုင်ဖို့၊ ဆက်လက်ပြီး စီမံကိန်းကို အကောင်အထည်ဖော်တဲ့လုပ်ငန်းစဉ်တွေကို အမြဲတမ်းစောင့်ကြပ်ကြည့်ရှုပြီးတော့မှ အကဲဖြတ်နေဖို့၊ ဒါ့အပြင် ချေးငွေတွေကို ကတိစာချုပ်အတိုင်း သက်ဆိုင်ရာစေ့ရောက်တဲ့အချိန်တွေမှာ အတိုးဆိုလည်းအတိုး၊ အရင်းဆိုလည်း အရင်းပြန်ဆပ်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။

ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီအစိုးရစနစ်နဲ့သွားတဲ့ နောက်ပိုင်းကာလကစပြီးတော့ ပြည်ပချေးငွေများအားလုံးသည် လွှတ်တော်ရဲ့ အတည်ပြုချက်ရရှိပြီးမှ ချေးနိုင်တာဖြစ်ပါတယ်။ လွှတ်တော်ကလည်း အတည်ပြုထားတယ်။ နိုင်ငံတော်ကလည်း ခွင့်ပြုထားတယ်ဆိုတဲ့ ချေးငွေတွေကို နှစ်အချိန်ကာလ၊ သူ့ချေးငွေသက်တမ်းနဲ့သူ ပြန်လည်ပေးဆပ်ဖို့ စနစ်တကျဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒီချေးငွေတွေအနက် အချို့ချေးငွေအများစုဟာ တစ်ခါတည်းနဲ့၊ တစ်ကြိမ်တည်းနဲ့ ထုတ်ယူရရှိသုံးစွဲနိုင်တဲ့ ချေးငွေတွေလည်း မဟုတ်ပါဘူး။ သူ့အချိန်နဲ့သူ ထုတ်ယူသုံးစွဲရတဲ့ ချေးငွေတွေဖြစ်ပါတယ်။ သက်ဆိုင်ရာချေးငွေပေးတဲ့ နိုင်ငံ၊ အဖွဲ့အစည်းအနေနဲ့လည်း သူတို့ဘက်ကလည်းဒါကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီးတော့၊ အမြဲတမ်း အနီးကပ်ထိတွေ့ပြီးတော့၊ ဆက်ဆံပြီးတော့မှ ဆောင်ရွက်ရတဲ့လုပ်ငန်းစဉ်တွေဖြစ်ပါတယ်။ ဒါကို အထူးဂရုပြုဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။

(သတင်းအဖွဲ့)

## (၉၅)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- အမျိုးသားပညာရည်မြင့်မားရေး၊
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး၊

❖ စာမျက်နှာ ၈ မှ

နိုင်ငံတကာအဆင့်မီ ကြွေးမြီစီမံခန့်ခွဲမှု ဆောင်ရွက်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

ထို့အပြင် ကြွေးမြီမှတ်တမ်းတင်မှုနှင့် စီမံခန့်ခွဲမှုစနစ် တိုးတက်ဖွံ့ဖြိုးရန်၊ ပြည်သူ့ကြွေးမြီ ဆိုင်ရာဥပဒေနှင့် ဖွဲ့စည်းမှုမူဘောင် သတ်မှတ်ပြဋ္ဌာန်းရန်၊ ကြွေးမြီစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန်တို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းပြည်ပ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေခဲ့ပါကြောင်း။

ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ (မူကြမ်း)ကိုလည်း ရေးဆွဲပြုစုပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် တင်ပြထားပါကြောင်း၊ ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ (Medium Term Debt Management Strategy) ချမှတ်ခြင်း၊ ချေးငွေယူမှုအစီအစဉ် (Borrowing Plan) ရေးဆွဲခြင်းတို့ကို အာရှဖွံ့ဖြိုးရေးဘဏ်မှ ကျွမ်းကျင်ပညာရှင်အကူအညီဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကြွေးမြီခံနိုင်ရည်ရှိမှု လေ့လာသုံးသပ်ချက် (Debt Sustainability Analysis)ကိုလည်း ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဆောင်ရွက်မှုများကြောင့် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုများလာပါကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံခြားအကူအညီအထောက်အပံ့နှင့် ပတ်သက်သည့် စနစ်တကျ စီမံခန့်ခွဲနိုင်မှု၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်မှု၊ ပြည်နယ်/တိုင်းဒေသကြီးများ အချိုးကျမျှတစွာ ရရှိခံစားနိုင်စေရန် စီစဉ်ဆောင်ရွက်ခဲ့မှု၊ လူမှုရေးနှင့်စီးပွားရေး၊ နိုင်ငံရေးကဏ္ဍများတွင် အကျိုးရှိရှိသုံးစွဲနိုင်အောင် စီမံဆောင်ရွက်နိုင်ခဲ့မှုများကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထိုက်အသင့် ရှိလာသည်ကို ကိန်းဂဏန်းများအရ သိရှိနိုင်ပါကြောင်း။

ဝန်ကြီးဌာနအသီးသီးနှင့် ဗဟိုအဖွဲ့အစည်းများက တင်ပြခဲ့ရာတွင် ငွေကြေးပစ္စည်းနှင့် နည်းပညာ အကူအညီ အထောက်အပံ့များ၊ ချေးငွေများကို စနစ်တကျရယူဆောင်ရွက်ခဲ့ကြရာတွင် မိမိတို့၏ အစိုးရသက်တမ်းကာလအတွင်း ပြီးစီးခဲ့သည့် လုပ်ငန်းများရှိသကဲ့သို့ နောင်ကာလများတွင် ဆက်လက်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများကျန်ရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ကျန်ရှိနေသေးသည့် လုပ်ငန်းစီမံကိန်းများထဲမှ မိမိတို့အစိုးရသက်တမ်းအတွင်း လက်စသတ်နိုင်မည့်လုပ်ငန်းများကို လက်စသတ်နိုင်အောင်ဆောင်ရွက်ပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျ စာရင်းဇယားများဖြင့် ဆောင်ရွက်ထားရှိရန်နှင့် မိမိတို့စတင်လမ်းခင်းပေးသည့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရေး၊ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားစေရေး စသည့်လုပ်ငန်းစဉ်များကို အထောက်အကူပြုစေမည့် ဖွံ့ဖြိုးမှုအကူအညီ လုပ်ငန်းများအဖြစ် ထားရှိသွားနိုင်ရေး ဆောင်ရွက်သွားကြရန် ပြောကြားသည်။

(သတင်းစဉ်)

### ✻ အမျိုးသားလွှတ်တော်မှ

ဦးစံပြည့်က အဆိုပြုချက်အတိုင်းသာ ထားရှိရန် ထောက်ခံဆွေးနွေးရာ လွှတ်တော်က အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတွင် ပြန်လည်ကြားနာရန် ဆုံးဖြတ်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာတူးမြောင်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က ခေတ်နှင့်လျော်ညီစွာ ပြန်လည်ရေးဆွဲနိုင်ရန်အတွက် အကျိုးအကြောင်းဖော်ပြပြီး ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရန်သဘောတူသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်ကအတည်ပြုသည်။

ယင်းနောက် **၂၀၁၅ ခုနှစ် ဆိုင်များနှင့်အလုပ်ဌာနများဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းရာ လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က **၂၀၁၅ ခုနှစ် ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်းသိရသည်။

(သတင်းစဉ်)

### ❖ ပြည်သူ့လွှတ်တော်မှ

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာနကတင်သွင်းသည့် “ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”ကို လွှတ်တော်ကအတည်ပြုသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၄ ရက်တွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

(သတင်းစဉ်)

**သစ်တောနဲ့ သစ်ပင်**
**ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက်**
**ရှေ့တိုက်ကိုစိုး**

# နိုင်ငံတကာရဲ့ လက်ခံယုံကြည်မှုတွေ၊ ထောက်ခံအားပေးမှုတွေကြောင့် ကျွန်တော်တို့နိုင်ငံကို နိုင်ငံခြားအကူအညီ အထောက်အပံ့တွေ သိသာထင်ရှားစွာ စီးဆင်းဝင်ရောက်လာခြင်း ဖြစ်ပါတယ်



ဦးထွန်းထွန်းနိုင် (အမြဲတမ်းအတွင်းဝန်)အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

**နိုင်ငံခြားအကူအညီအထောက်အပံ့စီမံခန့်ခွဲမှု ဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ ပြည်တွင်းသို့ စီးဝင်ရောက်ရှိလာသည့်နိုင်ငံခြားအကူအညီအထောက်အပံ့များနှင့် ပတ်သက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်၏ ပြောကြားချက်များမှ ကောက်နုတ်၍ ဖော်ပြလိုက်ပါသည်။**

ကျွန်တော်တို့နိုင်ငံဟာ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်ကစတင်ပြီး ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ အစိုးရအပေါ် မူတည်ပြီး ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်တွေကို ဆောင်ရွက်ခဲ့တယ်။ အဲဒီလို ပွင့်လင်းလာတဲ့ အခြေအနေတွေ အပေါ် မူတည်ပြီး နိုင်ငံတကာရဲ့ လက်ခံယုံကြည်မှုတွေ၊ ထောက်ခံအားပေးမှုတွေကြောင့် ကျွန်တော်တို့နိုင်ငံကို နိုင်ငံခြားအကူအညီ အထောက်အပံ့တွေ သိသာထင်ရှားစွာ စီးဆင်းဝင်ရောက်လာခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ကို ထောက်ပံ့ပေးလိုကြတဲ့ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းတွေ တစ်နည်းအားဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံတွေကနေပြီးတော့ တာဝန်ယူဆောင်ရွက်နေကြတဲ့ ကဏ္ဍအသီးသီးမှာ ဥပမာအားဖြင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့လိုဟာမျိုး၊ သူတို့က ဆေးရုံနဲ့ပတ်သက်တာ၊ ကလေးသူငယ်နဲ့ ပတ်သက်တာတွေကို လုပ်ကိုင်ဆောင်ရွက်ပေးတယ်။ ထို့အတူ ပညာရေးနဲ့ပတ်သက်လို့ ကျောင်းဆောက်မယ့် ဖွံ့ဖြိုးမှု မိတ်ဖက်တွေရှိပါတယ်။ သက်ဆိုင်ရာဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံအသီးသီးက သူတို့ စိတ်ဝင်စားတဲ့ကဏ္ဍ အသီးသီးမှာ လိုအပ်တဲ့အကူအညီအထောက်အပံ့ကို ပံ့ပိုးပေးဖို့ သူတို့ရဲ့ဧရိယာအလိုက်၊ ကဏ္ဍအလိုက်ရှိကြတယ်။ ဒီအခါမှာ ကျွန်တော်တို့က အဲဒီ ဖွံ့ဖြိုးမှု မိတ်ဖက်တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်မယ့် သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ အရင်ဆုံးညှိနှိုင်းရပါတယ်။ တစ်ဖက်ကလည်း ဖွံ့ဖြိုးတိုးတက်မှုတွေ အတွက် အကူအညီပေးမယ်၊ သက်ဆိုင်ရာ လက်ခံတဲ့ အဖွဲ့အစည်းအနေနဲ့ ကလည်း အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုတဲ့ဟာဖြစ်ပေါ်လာရင် ကျွန်တော်တို့ရဲ့ နိုင်ငံခြားအကူအညီ အထောက်အပံ့ကို တင်ပြပါတယ်။ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံတွေက ဘယ်ကဏ္ဍတွေမှာ လုပ်ငန်းပမာဏကို ဆောင်ရွက်ဖို့အတွက် ငွေကြေးပမာဏ ဘယ်လောက် ထောက်ပံ့ပေးပါ့မယ်ဆိုတဲ့ ကမ်းလှမ်းလာတဲ့ဟာကို တင်ပြပါတယ်။ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီက အဖွဲ့နဲ့အကြံဉာဏ်တွေရယူပြီး ကိုယ့်ရဲ့ ဦးစားပေး သတ်မှတ်ထားတဲ့နယ်မြေတွေနဲ့ ကိုက်ညီတယ်ဆိုတဲ့ဟာတွေမှာ လက်ခံဖို့အတွက် ဗဟိုကော်မတီကို ဆက်လက်တင်ပြပါတယ်။ အဲဒီဗဟိုကော်မတီမှာ နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပါတယ်။ ဗဟိုကော်မတီရဲ့ ခွင့်ပြုချက်ရပြီဆိုရင် ကျွန်တော်တို့ရဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံကို တရားဝင် လက်ခံဆောင်ရွက်ပါမယ်လို့ အကြောင်းပြန်ကြားပါတယ်။ အဲဒီအခါမှ လုပ်ငန်းကဏ္ဍဟာ စတင်အသက်ဝင်လာမှာ ဖြစ်ပါတယ်။ အဲဒါနဲ့တစ်ဆက်တစ်စပ်တည်း နှစ်ဖက်သဘောတူ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပါတယ်။ ဒီလိုလက်မှတ်ရေးထိုးနိုင်ဖို့ အတွက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရှေ့နေချုပ်ရုံး၊ ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတွေ အပြန်အလှန်ညှိနှိုင်းတိုင်ပင်ကြရပါတယ်။

နိုင်ငံခြားအကူအညီအထောက်အပံ့တွေရယူတယ်ဆိုတဲ့နေရာမှာ ကိန်းဂဏန်း အချက်အလက်တွေနဲ့ ငွေကြေးတွေဟာ ကျွန်တော်တို့ဆီကို တိုက်ရိုက်ရောက်ရှိလာတာမဟုတ်ပါဘူး။ ဥပမာအားဖြင့် ကျောင်းဆောက်ပေးမယ်ဆိုရင် ကျောင်းဆောက်ဖို့အတွက် လိုအပ်တဲ့ ပစ္စည်းတွေတင်သွင်းလာတာရှိတယ်။ လိုအပ်တဲ့ အတိုင်ပင်ခံအဖွဲ့တွေ၊ ကျွမ်းကျင်ပညာရှင်တွေကို ငှားရမ်းတဲ့ ကုန်ကျစရိတ်တွေရှိပါတယ်။ ဂျပန်နဲ့ပူးပေါင်းဆောင်ရွက်မယ့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးတဲ့ ကျောင်းတွေကိစ္စရပ်မှာ သက်ဆိုင်ရာ ဂျပန်ကနေပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနကို တရားဝင်လွှဲပြောင်းပေးဖို့ ဆွေးနွေးတိုင်ပင်ညှိနှိုင်းထားပါတယ်။ အဲဒီအခါမှာ သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနက သူတို့ရဲ့ကျောင်းတွေကို ဒီငွေကြေးတွေနဲ့ တည်ဆောက်မှာ ဖြစ်တယ်။ လက်ရှိအနေနဲ့ကတော့ နိုင်ငံခြားငွေကြေးအကူအညီအထောက်အပံ့တွေဟာ ငွေကြေးပိုင်းအားဖြင့် ရောက်ရှိလာတာ မဟုတ်ပါဘူး။ transmission lines တွေ တိုးချဲ့မယ်ဆိုရင် လိုအပ်တဲ့ကြိုးတွေ၊ ထရန်စဖော်မာတွေ၊ အစရှိတဲ့ပစ္စည်းတွေ စီးဝင်ရောက်လာပါတယ်။ ကျွန်တော်တို့နိုင်ငံကို သူများနိုင်ငံနဲ့ တန်းတူသတ်မှတ်ဆက်ဆံပြီးတော့ ကျွန်တော်တို့ဆီကို ငွေကြေးစီးဝင်မှုတွေ ပိုမိုရောက်ရှိလာခဲ့တာဖြစ်တယ်။ အဲဒီမတိုင်ခင်က လူ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်နဲ့ပဲ ကူညီခဲ့တာဖြစ်တယ်။ ရရှိမှုပမာဏလည်း နည်းပါးခဲ့တယ်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနကတော့ ပူးပေါင်းဆောင်ရွက်မယ့် ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့၊ တကယ်လက်တွေ့လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ကြမယ့်သူတွေနဲ့ သူတို့နှစ်ခုကြားမှာ လုပ်ငန်းအကောင်အထည်ဖော်အောင်မြင်လာအောင်၊ အဆင်ပြေပြေဖြစ်လာအောင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးတဲ့လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ပေးတာဖြစ်ပါတယ်။

နည်းပညာအကူအညီနဲ့ အကူအညီထောက်ပံ့ဆိုတဲ့ ကွာခြားချက်ကို ခွဲကြည့်မယ်ဆိုရင် နည်းပညာအကူအညီဆိုတာ လိုအပ်တဲ့ ကိုယ့်ဌာနတွေမှာ လိုအပ်တဲ့ လုပ်ကိုင်ဆောင်ရွက်မှုနည်းလမ်းတွေကို ကူညီပံ့ပိုးပေးတာဖြစ်ပါတယ်။ ဥပမာ - ဆောက်လုပ်ရေးမှာ အထပ်မြင့်အဆောက်အအုံတွေဆောက်တာမျိုး၊ လမ်းတံတားတွေ တည်ဆောက်တာမျိုးတွေမှာ မရှိသေးတဲ့နည်းပညာကို ပံ့ပိုးပေးတာဖြစ်တယ်။ အကူအညီ အထောက်အပံ့ဆိုတာ ဆေးရုံတွေ တည်ဆောက်တယ်။ transmission lines တွေ တိုးချဲ့တည်ဆောက်ဖို့အတွက် လိုအပ်တဲ့ ငွေကြေးပမာဏနဲ့ ယန္တရားတွေ ပံ့ပိုးကူညီပေးတာတွေဖြစ်တယ်။ နည်းပညာအကူအညီပဲဖြစ်ဖြစ်၊ အကူအညီ အထောက်အပံ့ပဲဖြစ်ဖြစ် နှစ်ခုစလုံးဟာ ချေးငွေလို အတိုးတွေဆပ်ရတာမျိုး၊ ငွေကြေးတွေပြန်လည်ပေးဆပ်ရတာမျိုး မဟုတ်ဘဲနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသားတင်ရရှိလာတာဖြစ်တယ်။ ဒါတွေအားလုံးဟာ ငွေကြေးနဲ့ဝင်ရောက်လာတာမဟုတ်ပါဘူး။ ကျွမ်းကျင်သူတွေရဲ့ စရိတ်တွေ၊ လစာတွေဟာလည်း ဒီပမာဏထဲမှာ အကျုံးဝင်တာ ဖြစ်ပါတယ်။

နိုင်ငံခြားအကူအညီအထောက်အပံ့တွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ဘက်ကပေးရတဲ့ အာမခံချက်က အထူးသဖြင့် ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်တာတွေကို ကူညီထောက်ပံ့တာဖြစ်တဲ့အတွက် သွင်းလာတဲ့ပစ္စည်းတွေကို အခွန်ကင်းလွတ်ခွင့် ပေးပါဆိုတာမျိုးတွေ၊ ကျွမ်းကျင်သူတွေအတွက် လိုအပ်တဲ့ပြည်ဝင်ဗီဇာတွေ အဆင်ပြေအောင် စီမံဆောင်ရွက်ပေးရမယ်ဆိုတာတွေ ဖြစ်တယ်။ ဒါကြောင့် နားလည်မှုစာချွန်လွှာတွေ၊စာချုပ်တွေလက်မှတ်ထိုးတော့မယ်ဆိုရင် ရှေ့နေချုပ်ရုံးက ဥပဒေရေးရာ ရှုထောင့်ကနေပြီး ကိုယ့်တိုင်းပြည်က လက်ခံသင့်တယ်။ လက်မခံသင့်ဘူး။ ကိုယ့်နိုင်ငံက ခွင့်ပြုနိုင်တယ်။ ခွင့်မပြုနိုင်ဘူးဆိုတာတွေကို စဉ်းစားသုံးသပ်ပြီး လိုအပ်တဲ့ အကြံဉာဏ်တွေ ပံ့ပိုးပေးတာဖြစ်ပါတယ်။ ဒီအကူအညီ အထောက်အပံ့တွေပေးဖို့ အတွက် ကျွန်တော်တို့က ဘယ်ဟာတွေပြန်ပေးရမယ်၊ ဘယ်လုပ်ငန်းတွေ ခွင့်ပြုရမယ်ဆိုတာမျိုး အပေးအယူတွေ မရှိပါဘူး။ အနှောင်အဖွဲ့ကင်းကင်းနဲ့ လုပ်ကိုင်ဆောင်ရွက်တာဖြစ်ပြီး အနှောင်အဖွဲ့တွေသာ ပါဝင်ခဲ့မယ်ဆိုရင် ဒီလိုအကူအညီ အထောက်အပံ့တွေရယူဖို့ အစီအစဉ်မရှိပါဘူး။

ကျွန်တော်တို့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေ တိုးပွားရရှိလာတဲ့အထဲမှာ Reform Process တွေလုပ်ခဲ့ပါတယ်။ Myanmar Development Coordination Forum ကို (၃)ကြိမ် ကျင်းပခဲ့ပါတယ်။ အဲ့ဒီမှာ နိုင်ငံတကာက ပူးပေါင်းဆောင်ရွက်မယ့် ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့၊ ကျွန်တော်တို့ သက်ဆိုင်ရာဌာနတွေနဲ့ ပိုပြီးတော့ ရင်းရင်းနှီးနှီးထိတွေ့လာပြီး တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ယုံကြည်မှုတွေ တိုးပွားလာမှုဟာလည်း ကျွန်တော်တို့ရဲ့ နိုင်ငံခြားအကူအညီ အထောက်အပံ့တွေ တိုးတက်ရရှိတဲ့အထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ပထမအကြိမ် လုပ်ကိုင်ဆောင်ရွက်စဉ်ကတည်းက Nay Pyi Taw Accord ဆိုတာလေးကို ဌာနဆိုင်ရာ နိုင်ငံတော်အစိုးရနဲ့ တစ်ဖက်က ဖွံ့ဖြိုးမှုမိတ်ဖက် အပြန်အလှန်လက်မှတ်ရေးထိုးပြီးတော့ နားလည်မှုတည်ဆောက်နိုင်ခဲ့ပါတယ်။ ဒီ Nay Pyi Taw Accord ကြောင့်လည်း တစ်ဦးကိုတစ်ဦး အပြန်အလှန် ယုံကြည်ကိုးစားမှုတွေနဲ့ နိုင်ငံခြားအကူအညီ အထောက်အပံ့တွေဟာ ပိုမိုစီးဝင်လာတာလည်း ပါဝင်ပါတယ်။

Reform Process လို လုပ်ငန်းအမျိုးမျိုး လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ နောက်တစ်ခါ FESR လို့ခေါ်တဲ့ Frame Work for Economic and Social Reform ဒါတွေကို ကျွန်တော်တို့ လုပ်ကိုင်ဆောင်ရွက်ခဲ့တယ်။ ဒီအချက်တွေအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့နဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေဟာ တစ်ယောက်ကိုတစ်ယောက် ယုံကြည်မှုတွေ တိုးပွားလာခဲ့တယ်။ နောက်ပြီးတော့ Nay Pyi Taw Accord ကိုလည်း နှစ်ဖက်သဘောတူညီ လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ အဲ့ဒီအပေါ် မူတည်ပြီးတော့ ကျွန်တော်တို့နိုင်ငံကို ယုံကြည်မှုတိုးပွားလာတဲ့အတွက် ဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီးတော့ ကူညီထောက်ပံ့ဆောင်ရွက်ပေးမှုတွေ ဒါတွေဟာ တိုးပွားရောက်ရှိလာတာပဲ ဖြစ်ပါတယ်။

## ဥစားကြက်များ အလိုအလျောက်ပိုက်တန်းရေတိုက်စနစ်ဖြင့် မွေးမြူထား

**နောင်ချို ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ကုန်ကြီးရွာမအုပ်စု ရေဝင်ကျေးရွာရှိ ဒေသခံကျေးလက်ပြည်သူများသည် တောင်ယာသီးနှံများဖြစ်သော ကြံ၊ ဂျုံ၊ အာလူးစသည့်သီးနှံများကို စိုက်ပျိုးကြသကဲ့သို့ မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ကြသဖြင့် မိသားစု စားဝတ်နေရေး အဆင်ပြေကြောင်း သိရသည်။

အဆိုပါဒေသသည် တိုင်းရင်းသားအများစု နေထိုင်ကြပြီး ယင်းရွာအနီးရှိ ကော်ဖီခြံအတွင်း၌ ဥစားကြက်များကို အလိုအလျောက်ပိုက်တန်း ရေတိုက်စနစ်ဖြင့် စီးပွားဖြစ်မွေးမြူထားသဖြင့် လုပ်ငန်းရှင်များ အဆင်ပြေသလို နေ့စားအလုပ်သမားများ နေ့စဉ်ပုံမှန်ဝင်ငွေရရှိသဖြင့် အဆင်ပြေကြောင်း သိရသည်။

"ဥစားကြက်အကောင်ရေ သုံးသောင်းခန့် မွေးမြူထားပါတယ်။ ဥစားကြက်တစ်ကောင်ဖြစ်ဖို့ဆိုတာ တော်တော်ကို ဂရုစိုက်မွေးမြူရပါတယ်။ တစ်ရက်သားမှ လေးလသားအထိ(ကြက်ပေါက်) လေးလသားမှ ၂၂ ပတ်သားအထိ (ဥစမ်း-မဒါန်း) ၂၂ ပတ်သားမှ ၂၆ ပတ်သားအထိဆို ကောင်းမွန်စွာ ရောင်းတန်းဝင် ဥရရှိပါတယ်။ ဥထွက်နှုန်းအနေနဲ့ ရာသီဥတုနဲ့လိုက်၍ ဥထွက်နှုန်း တက်/ကျ ရှိပါတယ်။ ဥစားကြက်တစ်ကောင်ရဲ့ ဥနိုင်တဲ့သက်တမ်းအနေနဲ့ ၅၄ ပတ် သက်တမ်းရှိပါတယ်။ ဥစားကြက်တစ်ကောင်ရဲ့ တန်ဖိုးအနေနဲ့ တစ်သားမှ ဥရတဲ့အချိန်အထိ တစ်သောင်းခန့်ရှိပါတယ်"ဟု ယင်းကျေးရွာမှ ဥစားကြက်မွေးမြူရေးခြံပိုင်ရှင်က ဆိုသည်။

"ကြက်စာကိုတော့ သာမန်ကြက်စာကျွေးလို့မရပါဘူး။ ပြောင်း၊ ပဲပုပ်၊ ပဲဖတ်စသည်တို့ကို ဝယ်ယူကျွေးရပါတယ်။ အထူးသဖြင့် ဥစားကြက်တွေဟာ ရေတအားသောက်ပါတယ်။ အဲဒါကြောင့် အလုပ်သမားအင်အားနဲ့တင် မလုံလောက်ဘူး။ ဥစားကြက်တွေအတွက် သီသန့်လူမပါဘဲ ရေတိုက်စနစ်ဖြစ်သော ပိုက်တန်းအလိုအလျောက် ရေတိုက်စနစ်ကိုပါ လုပ်ထားရပါတယ်။ နေ့စဉ်ကြက်ခြံအလုပ်သမား တစ်ဦးကို ငွေကျပ် ၃၀၀၀ ပေးရပါတယ်။ တင်ပို့ရောင်းချမှုအနေနဲ့ ပြင်ဦးလွင်၊ မန္တလေးအစရှိတဲ့ မြို့ကြီးတွေကို တင်ပို့ရောင်းချပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါဒေသခံ ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင်များသာမက နေ့စား အလုပ်သမားများပါ မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**

## သတင်းအဖွဲ့

### ဆိပ်ဖြူမြို့နယ်ထွက် ကြက်သွန်နီများ ဒီဇင်ဘာလကုန်ပိုင်းတွင် လှိုင်လှိုင်ထွက်မည်

**ဆိပ်ဖြူ ဒီဇင်ဘာ ၃**

ကြက်သွန်နီသည် စားဖိုဆောင်သုံးသီးနှံတစ်မျိုးဖြစ်ပြီး အိမ်တိုင်းတွင် ကြက်သွန်နီကို အစားအသောက်များ စားသုံးရာတွင် ထည့်သွင်းချက်ပြုတ်စားသောက်ခဲ့ကြသည်။ ယခုနှစ်တွင် ကြက်သွန်နီဈေးနှုန်းမှာ အဆမတန်မြင့်တက်မှုများအား စားသုံးသူပြည်သူအများ ရင်ဆိုင်ကြုံတွေ့လျက်ရှိပြီး ယခင်နှစ်အတွင်းက ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀ မှ ကျပ် ၃၀၀ ထိသာ ဈေးနှုန်းရှိခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင် ကြက်သွန်နီသည် တစ်ပိဿာ လျှင် အရွယ်အစားလိုက်ကာ ကျပ် ၂၈၀၀ မှ ကျပ် ၃၀၀၀ ကျော်ရှိနေကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် စိုက်ပျိုးရေးကို အဓိကထားကာ လုပ်ကိုင်စားသောက်ကြပြီး အခြားသီးနှံများနှင့် ကြက်သွန်နီကို အဓိကအားထားစိုက်ပျိုးကြသည်။ ဆိပ်ဖြူကြက်သွန်နီသည် ရန်ကုန်ဈေးကွက်တွင် ထိပ်ပိုင်းတွင်တည်ရှိလျက်ရှိရာ အခြားသောနယ်မြို့များသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ကြက်သွန်နီကို ဥစိုက်နှင့် အပင်စိုက်ဟူ၍ နှစ်မျိုးခွဲခြား၍စိုက်ပျိုးရာ ကြက်သွန်နီဥစိုက်ကို သီတင်းကျွတ်လပြည့်ကျော်မှစတင်ကာ စိုက်ပျိုးကြောင်း၊ ဒီဇင်ဘာလကုန်ပိုင်းတွင် ထွက်ရှိကြောင်း၊ အပင်စိုက်ကို ဒီဇင်ဘာလကုန်ပိုင်းနှင့် ဇန်နဝါရီလဆန်းပိုင်းတွင် စတင်စိုက်ပျိုးကြကာ အပင်စိုက်မှကြက်သွန်နီသည် ဧပြီလတွင်ပေါ်ထွက်ကြောင်း သိရသည်။

ဥစိုက်မှထွက်ရှိသော ကြက်သွန်နီသည် ကုန်ချိန်အလျော့တွက်များခြင်းကြောင့် နှစ်လခန့်သာ အထားခံနိုင်ပြီး အပင်စိုက်မှထွက်ရှိသည့် ကြက်သွန်နီသည် ဧပြီလမှ နောက်ခြောက်လနှင့် ခုနစ်လနီးနီး အထားခံသည်။ ဆိပ်ဖြူကြက်သွန်နီသည် စိုက်ပျိုးရာတွင် နွားချေးနှင့် နှမ်းဖက်တို့ကို မြေဩဇာအဖြစ် အဓိကထားသုံးစွဲကာ ဓာတုမြေဩဇာအနည်းငယ်သာ သုံးစွဲရကြောင်း၊ ဓာတုမြေဩဇာ အလွန်အကျွံသုံးစွဲမိပါက အရည်ပျော်၍ တာရှည် အထားမခံကြောင်း၊ စားသုံးသူပြည်သူများ ဓာတုဓာတ်ကြောင့် ကြက်သွန်အရသာပျက်စီးကြောင်းသိရှိရကာ ဆိပ်ဖြူကြက်သွန်နီသည် ဓာတုဆေးဝါးနည်းပါးခြင်းနှင့်သဘာဝမြေဩဇာအဓိကထားကာ ဒေသရာသီဥတုနှင့် ရေချိန်စိုက်ပျိုးခြင်းတို့ကြောင့် ဈေးကွက်ဝင် ကြက်သွန်နီအဖြစ် ရပ်တည်ဆဲဖြစ်ကြောင်း ကြက်သွန်နီရောင်းချတင်ပို့သူတစ်ဦးက ပြောသည်။ **စိုးလင်းနိုင် (IPRD)**

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့(International day of Persons with Disabilities for 2015) အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ MICC(2)၌ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက်တွင် မသန်စွမ်းသူများအား ထောက်ပံ့ပေးခြင်းလုပ်ငန်းများအပါအဝင် လူမှုရေးအရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် အုပ်စုများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် တစ်ဆင့်ပြီးတစ်ဆင့် ထောက်ပံ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းအရ မသန်စွမ်းသူဦးရေသည် လူဦးရေစုစုပေါင်း၏ ၄ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး ကိန်းဂဏန်းအားဖြင့် ၂ ဒသမ ၃သန်းကျော်ရှိပါကြောင်း၊ ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Convention on the Rights of Persons with Disabilities-UNCRPD)ကို မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း။

"မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ" (The Right of Persons with Disabilities Law) ကို ပြည်ထောင်စုလွှတ်တော်က ယခုနှစ် ဇွန် ၅ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ယင်းဥပဒေတွင် နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာအဖြာဖြာ၌ မသန်စွမ်းသူများအားလုံး ပေါင်းစည်းပါဝင်နိုင်အောင် လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းကျောင်းရှစ်ကျောင်းကို စံပြမသန်စွမ်းကျောင်းများအဖြစ် ဖွင့်လှစ်ထားပြီး ပြင်ပရှိ မျက်မမြင်၊ နားမကြား စသည့် မသန်စွမ်းစောင့်ရှောက်ရေး ပရဟိတဂေဟာ ၁၀ ခုကိုလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၅၇ ဒသမ ၇၂၃ သန်း ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုနှစ် နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် မျက်မမြင်သုံး သင်္ကေတများပါရှိသော Temple (ပုံစံပြား)ကိုအသုံးပြုပြီး အခြားအကူအညီမပါဘဲ မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးခဲ့ကြပါကြောင်း၊ 'လူတိုင်းအကျုံးဝင် ဖွံ့ဖြိုးဖို့ မသန်စွမ်းအားလုံး စွမ်းအားမြှင့်တင်စို့' (Inclusion matters: access and empowerment for People of all abilities)ဆိုသည့် ဆောင်ပုဒ်အတိုင်း မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးက အသိအမှတ်ပြုကြရန်နှင့် မသန်စွမ်းသူများ၏ လူနေမှုဘဝလုံခြုံစိတ်ချမှုရှိပြီး ဖွံ့ဖြိုးတိုးတက်မြင့်မားလာအောင် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဌာနေကိုယ်စားလှယ်က ဖတ်ကြားပြီး မသန်စွမ်းသူများဆိုင်ရာ ဗီဒီယို မှတ်တမ်းပြသသည်။

ထို့နောက် အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီးလှေလှော်ပြိုင်ပွဲဖွင့်

**ပုသိမ် ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၁၅ ခုနှစ် ဒုတိယအကြိမ်မြောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အမျိုးသား၊ အမျိုးသမီး လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကန်သုံးဆင့်(ကန်သာယာ)၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်များနေရာယူခြင်း၊ အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းနှင့် ဝန်ကြီးချုပ်အား ပြိုင်ပွဲဝင်များက အလေးပြုကြသည်။ ထို့နောက် ပြိုင်ပွဲဝင်များ ပြန်လည်ထွက်ခွာသွားကြပြီး ပြိုင်ပွဲကို စတင်ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသား ၁၀ တက်(မီတာ ၅၀၀၊ မီတာ ၂၀၀)၊ အမျိုးသား(၅)တက် (မီတာ ၅၀၀၊ မီတာ ၂၀၀)နှင့် အမျိုးသမီး(၅)တက် (မီတာ ၂၀၀)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်အားကစားသမားများကလည်း ကယက်လှေ၊ ကနူးလှေ၊ အပြည်ပြည်ဆိုင်ရာလှေ၊ နဂါးလှေလှော်ခတ်ခြင်းနှင့် ရွက်လှေသရုပ်ပြ ရွက်လွှင့်ခြင်းများကိုသရုပ်ပြပေးသွားမည်ဖြစ်သည်။ အဆိုပါ လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




○ **ကျောဖုံးမှ**

ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာ ခေတ်မီနှစ်ထပ်ဈေးသစ်ကြီးသို့ အမြန်လမ်းမကြီးမှ ဝင်ရောက်နိုင်ရန်အတွက် လမ်းစီစဉ်ဆောင်ရွက်ထားပြီး မန္တလေးမြို့(၇၈)လမ်းကနေ မြို့ထဲမှ ဘတ်(စ်)ကားများ သွားရေးလာရေး လုံခြုံလွယ်ကူချောမွေ့ရန်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ ခေတ်မီနှစ်ထပ်ဈေးသစ်ကြီး ရေရှည်တည်တံ့ရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့အတွက် ဝန်ဆောင်မှုအားလုံးကို Management Company တစ်ခုမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး သီးခြားလုံခြုံရေးစနစ်များနှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ လျှပ်စစ်အနေဖြင့် National Power Line ကို ၂၀ MW ထိရရှိအောင် စီစဉ်၍ Solar System ကိုလည်း Project တစ်ခုလုံးကို အဆောက်အအုံအတွက် Lighting နှင့် လမ်းမီးများကို ၂၄ နာရီအပြည့် မီးရရှိအောင်လည်း စီစဉ်ဆောင်ရွက်ထားပြီး သွားလာ တက်ဆင်းရလွယ်ကူအောင် စက်လှေကား လေးစင်း၊ ဓာတ်လှေကား သုံးစင်း တပ်ဆင်ပေးသွားမည်ဖြစ်သည်။ Food Court, Food Shops နှင့် Super Market, Mini Market များအပြင် ငွေကြေးကိစ္စအဆင်ပြေစေရန်အတွက် Money Changer နှင့် ဘဏ်တွေကို ဈေးကြီးအတွင်းတွင် ထည့်သွင်းတည်ဆောက်ထားမည်ဖြစ်သည်။ ရောင်းသူများနှင့် ကျောက်မျက်ရတနာနှင့် ငွေကြေးများ လုံခြုံစိတ်ချရန်အတွက် Locker များကို ဘဏ်တွေမှာထားရှိပေးမည်ဖြစ်သည်။ Hawker Shed ထဲတွင် ကားပါကင်သီးခြားနေရာလုပ်ပေးထားရာ ဆိုင်ကယ်အစီး ၃၀၀၀၊ ကားအစီး ၃၀၀ အပြင် ကားလေး၊ ကားကြီး၊ ဘတ်(စ်)ကားများအတွက် အစီး ၁၀၀၀ စာပါရှိမည်ဖြစ်သည်။ CCTV များလည်းတပ်ဆင်ထားမည်ဖြစ်ပြီး ဈေးအတွင်းရောင်းဝယ်ကြသူများအတွက် လုံခြုံရေးအပြည့်အဝ အာမခံပေးထားကာ ရေနှင့်မိလ္လာကိုလည်း နောက်ဆုံးပေါ် သန့်စင်စနစ်များနှင့် စီစဉ်ထားပြီး နောက်ပိုင်းကာလများတွင် ကျောက်သွေးကျောက်ဖြတ်နှင့် အချောထည်လုပ်ငန်းရှင်များအတွက် သီးခြားဆိုင်ခန်းများရရှိအောင် သက်သာသည့်နှုန်းထားဖြင့် လျာထားစီစဉ်ထားသည့်အပြင် အသားကျောက်များထားရှိနိုင်ရန် ဂိုဒေါင်စီစဉ်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာဈေးဆိုင်ခန်းများမှ ၁၂ ပေပတ်လည်ဆိုင်ခန်းများ၊ (၁၀×၁၂)ပေ ဆိုင်ခန်းများ၊ (၈×၁၂)ဆိုင်ခန်းများ ဝယ်ယူရန် အဆိုပြုစလစ်ပြားပိုင်ရှင်များသည် ဒီဇင်ဘာ ၃ ရက်မှ ၂၄ ရက်အထိ နောက်ဆုံးထား၍ သတ်မှတ်ငွေများပေးသွင်းရမည်ဖြစ်သည်။ ကြိုတင်ငွေပေးသွင်းပြီးသူများ ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ဈေးဆိုင်ခန်းများကို မဲနှိုက်နေရာချထားပေးမည်ဖြစ်ပြီး ဆိုင်ခန်းဝယ်ယူရန် အဆိုပြုကတ်ပြားပိုင်ရှင်များအနေဖြင့် ဒီဇင်ဘာ ၂၄ ရက်ထိ ငွေပေးသွင်းမှုမရှိခဲ့ပါက ဆိုင်ခန်းဝယ်ယူခွင့်ပျက်ပြယ်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ကျောက်မျက်ရောင်းချခြင်းနှင့် ပတ်သက်သည့် စိတ်ဝင်စားသူ မည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ပြီး ဈေးဆိုင်ခန်းဝယ်ယူလိုသူများ ယနေ့မှစတင်၍ စာရင်းပေးသွင်းနိုင်သည်။ စာရင်းပေးသွင်းပြီး ကြိုတင်ငွေပေးသွင်းသူများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတ်မှတ်ထားသောဈေးနှုန်းအတိုင်း ဦးရာလူစနစ်ဖြင့် ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ယူနန်ပြည်နယ်အစိုးရမှ ရေဘေးသင့်ဒေသများ၌ အိမ်ခေါင်မိုးသွပ်ပြားများ လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရမှ အလျား ၂၂၀၀ မီလီမီတာ × အနံ ၉၂၀ မီလီမီတာ × အထူ ၀.၃၂ မီလီမီတာ အတိုင်းအတာရှိ အလူမီနီယံသွပ်ပြား အချပ်ရေ နှစ်သိန်းကို ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားသံရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စရှင်လင်းနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် မစ္စတာဝမ်ယုတို့က ဒီဇင်ဘာ ၃ ရက်တွင် မူဆယ်မြို့၌ လာရောက်လှူဒါန်းသည်။ ယင်းလှူဒါန်းပစ္စည်းများကို ရှမ်းပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးနိုင်နှင့် မူဆယ်ခရိုင် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းတို့က လက်ခံရယူသည်။ ယင်းအိမ်ခေါင်မိုးသွပ်ပြားများကို အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီမှ ရေဘေးသင့်ဒေသများဖြစ်သည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့သို့ ဆောလျင်စွာ ဖြန့်ဝေသွားနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ကျော်ဦးက မူဆယ်မြို့သို့ လာရောက်ပြီး အဆိုပါလွှဲပြောင်းခြင်းကိစ္စများ အဆင်ပြေချောမွေ့စေရေးအတွက် ကူညီဆောင်ရွက်ပေးသည်။

အိမ်ခေါင်မိုးသွပ်ပြားများ လွှဲအပ်ခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟောင်လျန်မှ နေပြည်တော်သို့ မကြာမီလာရောက်ပေးအပ်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၄ - ၁၂ -၂၀၁၅ (သောကြာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ အဖွင့်
-အလင်္ကာဝတ်ရည်မြန်မာမှု
တေးဂီတအဖွဲ့ဖျော်ဖြေခန်း
(အပိုင်း-၄)
၆:၂၀ ပြည်သူ့နီတိ “အရွယ်သုံးပါး”
(ဇာတ်သိမ်း)
၆:၄၀ ရောင်စုံရေးသီတေးပန်းချီ
၇:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
“မင်္ဂလာပါဂင်ချီ” (အပိုင်း-၅၀)
၈:၃၅ တေးဂီတအစီအစဉ်
၈:၅၀ “ဘဝဆည်းဆာအလှဆည်းဆာ”
(စောမြတ်နိုး၊ ဝေယံမင်း၊
ထက်နေချမ်း၊ ဘလိတ်၊
စောယုနန္ဒာ၊ ချိုတေးလွင်လွင်၊
A.3)
[ဒါရိုက်တာ- သီတာလင်း
(Laural Art Academy)]
၉:၄၅ လှပသောတမန်တော်
(တရုတ်မသန်စွမ်း အနုပညာအဖွဲ့
ဖျော်ဖြေတင်ဆက်မှုအစီအစဉ်)
၁၀:၀၀ မြန်မာဗီဒီယိုဇာတ်လမ်း
“လူပျိုကြီးနဲ့ နံပါတ်တူးအချစ်”
(ခန့်စည်သူ၊ အိချောပို)
(ဒါရိုက်တာ-သိန်းဟန်
(ဖိုးနစ်)]

**တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။**

## မြန်မာ့ရုပ်မြင်သံကြား New Channel

၆:၀၀ တောင်တန်းသာသနာပြု
ဆရာတော်ကြီး၏
ပရိတ်တရားတော်
၆:၃၀ မင်းကွန်းဆရာတော်ကြီး၏
အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာ
ပွားများခြင်းတရားတော်
၆:၄၅ အံ့ဖွယ်ထူးခြားမဟာအံ့ထူးကံသာ
ဆုတောင်းပြည့်မြတ်စွာဘုရား
၇:၀၀ နံနက်ခင်းသတင်း၊
မိုးလေဝသအခြေအနေ
၇:၃၀ Head Line NEWS
၈:၀၀ ပြည်တွင်းသတင်း၊
နိုင်ငံတကာသတင်း
၈:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၀:၃၅ မြန်မာ့ရုပ်မြင်သံကြား
လူငယ်အစီအစဉ်
၁၁:၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၂:၃၅ ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ
၁၂:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
“တောင်းတဲ့ဆု” (အပိုင်း-၃၉)
၁:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
“ကြယ်စင်ခတဲ့နှလုံးသား”
(အပိုင်း-၁၉)
၂:၀၅ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်
(အပိုင်း-၁)
၂:၄၅ မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့
၄:၁၅ လေ့လာအပန်းဖြေစရာ
လောကနန္ဒာ
ဘေးမဲ့တော်ဥယျာဉ်မှာ
၄:၃၅ Weekly Sport Info
၅:၃၅ Hyper Sports
၆:၂၀ အမျိုးသားနေ့ဒို့မမေ့
၈:၃၅ အင်းလေးရေပြင်ထာဝစဉ်
ကြည်လင်စေရမည်
၈:၄၅ လူသားနှင့် ဇီဝအဝန်းနယ်မြေ
ကန်သာအင်းလေးရေ

## MRTV- 4

၅:၀၀ ပဌာန်းပါဠိတော်+
အာဋ္ဌာနာဋိယသုတ်
၅:၂၀ MRTV-4 သတင်း
၅:၄၀ “ဗုဒ္ဓဘာသာဝင်တို့၏
တာဝန်ဝတ္တရားများ”တရားတော်
(ပါမောက္ခချုပ်ဆရာတော်
ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာ
ဘိဝံသ)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“အကြင်နာလက်ကလေး”
(အပိုင်း-၃၀)
၇:၅၀ ရန်ကုန်မြင်ကွင်းကျယ်
(City Mart မြောက်ဒဂုံပင်လုံ
စစ်တောင်းဆိုင်ခွဲသစ်ဖွင့်ပွဲ
အခမ်းအနား)
၈:၄၀ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
၉:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“မျဉ်းပြိုင်ကြားကမေတ္တာများ”
(အပိုင်း-၅၄)
၉:၄၀ အနုပညာမိုးကောင်းကင်
၁၀:၀၅ ခေတ်သစ်ပျိုမေ
၁၁:၃၅ MRTV-4 Stage
၁၂:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“တော်ဝင်သူရွှေမျက်နှာ”
(အပိုင်း-၈)
၁၂:၅၀ မြန်မာကားလ်စ်ဘတ်မှ
ရိုးရာမပျက်အပန်းဖြေနိုင်ရန်
ရည်ရွယ်ရာ တောင်ကြီးမြို့တွင်
၎င်း၏ ပထမဦးဆုံး
“ရိုးမအေးဆေးအပန်းဖြေဖုန်”
(Yoma Chill Zone)အား
စတင် မိတ်ဆက်ပွဲအခမ်းအနား
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
“ဝက်ပါစံအိမ်” (အပိုင်း-၉)
၂:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“အကြင်နာလက်ကလေး”
(အပိုင်း-၃၀)
၃:၄၀ (၁၁)ကြိမ်မြောက် ပြင်ဦးလွင်တန်
ဆောင်တိုင်ပွဲတော်နှင့် 4TV၏
တန်ဆောင်တိုင်အထူးအစီအစဉ်
(အပိုင်း-၂)
၆:၁၀ Health Fix
၈:၂၀ ရသစုံညွှန်းတမ်းများ
၉:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“တော်ဝင်သူရွှေမျက်နှာ”
(အပိုင်း-၉)

## မြဝတီ

၆:၀၃ တရားတော်
၆:၁၅ မေတ္တာပို့
၆:၂၀ ဓမ္မပူဇာတေး
၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆:၃၅ မျိုးချစ်တပ်မတော်
၆:၄၀ မှတ်တမ်း
၆:၅၀ မြန်မာသံစဉ်ချိုနားဝင်
၇:၂၀ မြန်မာပြည်တွင်ထုတ်လုပ်သည်
၇:၂၅ အမျိုးသားရေးတေးကဗျာ
၇:၃၀ သင့်အတွက်တစ်နေ့တာ
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈:၀၅ အမျိုးသားရေးတေးကဗျာ
၈:၁၀ စိုက်ပျိုးသုတ
၈:၂၅ DVD Hits
၈:၃၅ ဟန်ချက်ညီညီ
နိုင်ငံတော်သစ်ဆီ
၈:၅၀ မြဝတီနေ့စဉ်သတင်း
၉:၂၀ သူနှင့်သူ၏သီချင်းများ
၄:၄၀ ဇာတ်လမ်းတို
၄:၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅:၂၀ လည်မယ် . . .
စားမယ်ကမ္ဘာတစ်ခွင်ဝယ်
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ရှုမောဖွယ်ရာရွှေရုပ်လွှာ
၆:၃၀ “ရွှာ”ဟာသဇာတ်လမ်းတွဲ
အပိုင်း(၃၂၉)
ဒါရိုက်တာ မိုးဇော်ကို
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရင်နှစ်သီးခြားချစ်လိပ်ပြာ
အပိုင်း(၄၄)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
VOA အင်္ဂလိပ်စာသင်ခန်းစာ
သံစဉ်များနှင့်ကမ္ဘာ
ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်

# Angry Bird ဗီဒီယိုသစ် ထွက်ရှိ



ကလေးပရိသတ်များ၏အသည်းစွဲ “ Angry Bird ”လေးများ၏ တေးဗီဒီယိုသစ်ကို ကိုလံဘီယာပစ်ချားစ်က အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ပြသခဲ့သည်။ ယင်းဗီဒီယိုတွင် အကောင်ပေါက်လာခါစ Angry Bird ပေါက်စလေးများက လူတိုင်းအတွက် ပျော်စရာအားလပ်ရက်တွေ ပိုင်ဆိုင်နိုင်ပါစေဟု ဆန္ဒပြုထားသည့် တေးသီချင်း“Deck the Halls ”ကို သီဆိုရန် ကြိုးပမ်းခဲ့ကြပုံကို ရိုက်ကူးထားသည်။

ယင်းတေးဗီဒီယိုသစ်တွင် Angry Bird ပေါက်စလေးများက အဓိကဇာတ်ဆောင်များဖြစ်ကြပြီး မျက်လုံးပြူးပြူးလေးများဖြင့်ချစ်စရာကောင်းလှသော ငှက်ပေါက်လေးငါးကောင်အတွက် အသံကို ကလေးငါးဦးက ပါဝင်သရုပ်ဆောင်ထားကြောင်း အဆိုပါရုပ်ရှင်၏ ထုတ်လုပ်သူ ဂျွန်ကိုဟန်က People မဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

နောင်ထွက်ရှိမည့် “Angry Bird ” ရုပ်ရှင်သစ်တွင် အမြဲပျော်ရွှင်နေတတ်ပြီး ပျံသန်းခြင်းမရှိသော ငှက်များနေထိုင်ရာကျွန်းကို ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်ဖြစ်ပြီး အဆိုပါကျွန်းသို့ အနီရောင်ငှက်က ကျန်ငှက်များကို ဦးဆောင်ခေါ်သွားခဲ့ခြင်းဖြစ်ကာ ယင်းကျွန်းတွင်လည်း သူတို့၏ အသိုက်များကို ဝက်များကလာရောက်ဖျက်ဆီးသည့်အတွက် ငှက်များက အုပ်စုဖွဲ့ကာ ပြန်လည်တိုက်ခိုက်ခဲ့ပုံများကို ရိုက်ကူးထားသည်။

ယင်းရုပ်ရှင်သစ်ကို အမေရိကန်နိုင်ငံ၌ ၂၀၁၆ ခုနှစ် မေ ၂၀ ရက်တွင် စတင်ရုံတင်သွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

အေးပြည့် – ရေးသားသည်

# အာရှဂီတဆုပေးပွဲမှာ ကမ္ဘာ့အနှစ်သက်ဆုံးဂီတပညာရှင်ဆုရရှိခဲ့တဲ့ BIGBANG

တောင်ကိုရီးယားအမျိုးသားပေါ့ပ်တေးဂီတအဖွဲ့တွေထဲက ကျော်ကြားတဲ့တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “ BIGBANG ” ဟာ ဟောင်ကောင်မှာ ဒီဇင်ဘာ ၂ ရက်က ကျင်းပခဲ့တဲ့ MNet ရုပ်သံလိုင်းရဲ့ ၂၀၁၅ ခုနှစ်အတွက် အာရှတေးဂီတဆုပေးပွဲမှာ ကမ္ဘာ့ အနှစ်သက်ဆုံး ဂီတပညာရှင်ဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါဆုပေးပွဲတွင် BIGBANG အနေဖြင့် ယင်းဆုအပြင် အခြားသောဆုတံဆိပ်နှစ်ခုကိုပါ ပိုင်ဆိုင်ခွင့်ရခဲ့ပါတယ်။ ယင်းတို့မှာ တစ်နှစ်တာအတွက် အကောင်းဆုံးဂီတပညာရှင်ဆုနှင့် တစ်နှစ်တာအတွက် အကောင်းဆုံးတေးသီချင်းဆုတို့ဖြစ်ကြပါတယ်။

ဒီနှစ်မှာရရှိခဲ့တဲ့ တစ်နှစ်တာအတွက် အကောင်းဆုံး ဂီတပညာရှင်ဆုဟာ BIGBANG အတွက် တတိယမြောက်ဖြစ်ပြီး အဆိုပါအဖွဲ့ဟာ တစ်နှစ်တာအတွက်အကောင်းဆုံးဂီတပညာရှင်ဆုကို ၂၀၀၈ ခုနှစ်က တစ်ကြိမ်နဲ့ ၂၀၁၂ ခုနှစ်က တစ်ကြိမ်လက်ခံရရှိခဲ့ဖူးပါတယ်။

ယင်းဂီတဆုပေးပွဲညမှာ နောက်ထပ်ဆုတံဆိပ်တွေကိုသိမ်းပိုက်နိုင်ခဲ့တဲ့ တေးဂီတအဖွဲ့ကတော့ “EXO”ဖြစ်ပါတယ်။ EXO ဟာ အကောင်းဆုံး အမျိုးသား အဖွဲ့ဆု၊ အကောင်းဆုံးတေးအယ်လ်ဘမ်ဆု၊ အကောင်းဆုံးအာရှစတိုင်လ်ဆုနဲ့ ပရိသတ်အကြိုက်ဆုံး အမျိုးသားတေးဂီတအဖွဲ့ဆုများကို ရရှိခဲ့ပါတယ်။ အခြားသောအမျိုးသားပေါ့ပ်တေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “SHINee”ကတော့ အကောင်းဆုံးအက (အမျိုးသား)ဆုကို ရရှိခဲ့ပြီး အကောင်းဆုံးအက (အမျိုးသမီး) ဆုကိုတော့ “Red Velvet”အဖွဲ့က ရခဲ့ပါတယ်။ ထိပ်တန်းတောင်ကိုရီးယား အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့“Girls' Generation”ကအကောင်းဆုံး အမျိုးသမီးအဖွဲ့ ဆုကို ပိုင်ဆိုင်နိုင်ခဲ့ပါတယ်။

ဖျော်ဖြေရေးအစီအစဉ်အနေနဲ့ အဆိုပါညမှာ တောင်ကိုရီးယားနာမည်ကျော် အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ “2NE1”က အဖွဲ့ဝင်စုံစုံလင်လင်ဖြင့် ပါဝင်ဖျော်ဖြေခဲ့ရာ ပရိသတ်များ အံ့အားသင့်ခဲ့ရပါတယ်။ 2NE1ဟာ ယခုနှစ်အတွင်း အဖွဲ့ဝင်တစ်ဦးချင်းစီ၏ အနုပညာလှုပ်ရှားမှုများသာရှိခဲ့ပြီး အဖွဲ့လိုက်အနုပညာလှုပ်ရှားမှုများ ရပ် နားထားခဲ့ရာမှ အဖွဲ့လိုက်အနုပညာလှုပ်ရှားမှု တစ်ခု ပြုလုပ်သွားမည်ဟု ပြီးခဲ့သည့်နိုဝင်ဘာလ အစပိုင်းကထုတ်ပြန်ကြေညာခဲ့ပြီးနောက် ယခုကဲ့သို့ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါတယ်။

# ကြေးမုံရုပ်ရှင်အညွှန်း

ယမန်နေ့မှအဆက်





## THE GOOD DINOSAUR ( 3D )

တကယ်လို့ ကမ္ဘာကြီးပေါ်ကို လွန်ခဲ့တဲ့နှစ်သန်းပေါင်းများစွာက ဥက္ကာခဲကြီးသာ ဝင်မတိုက်ခိုက်ခဲ့ရင် ကမ္ဘာကြီးပေါ်မှာ ယခုတိုင် ဒိုင်နိုဆောသတ္တဝါကြီးတွေ ရှိနေနိုင်ဦး မလားဆိုတာ လူတိုင်းသိချင်ကြမှာပါ။ ကမ္ဘာပေါ်က ဒိုင်နိုဆောသတ္တဝါကြီးတွေထဲက Apatosannus မျိုးနွယ်စုမှာပါတဲ့ Arlo လို့ခေါ်တဲ့ ဒိုင်နိုဆောသတ္တဝါကြီးဟာ ထူးထူးခြားခြား လူသားတွေကို မိတ်ဆွေအဖြစ်သတ်မှတ်နေထိုင်နိုင်ပြီး အန္တရာယ်မပေးဘဲ ကူညီတဲ့သတ္တဝါကြီး ဖြစ်ပါတယ်။ Arlo ဟာ ထူးခြား ကြမ်းတမ်းတဲ့ ဒေသကြီးတစ်ခုမှာ အခက်အခဲတွေကို ကျော်ဖြတ်ပြီး ရှင်သန်ဖို့ ကြိုးစားရတဲ့အခါမှာတော့ သူ့ရဲ့ကြီးမားတဲ့ ခွန်အားနဲ့ စွမ်းဆောင်ရည်တွေကြောင့် သူအရင်က ကြောက်ရွံ့ခဲ့တဲ့အရာတွေကို ကောင်းစွာ ဖြတ်ကျော်နိုင်ခဲ့ကာ သူ၏ခွန်အားနှင့်စွမ်းဆောင်ရည်ကို ယုံကြည်ချက်ပိုမိုခိုင်မာလာပုံကို ရိုက်ကူးတင်ဆက်ထားတဲ့ ရုပ်သံဖန်တီးမှု ရုပ်ရှင်ဇာတ်ကားတစ်ကား ဖြစ်ပါတယ်။

## Star Wars: The Force Awakens ( 3D )

ဒီဇာတ်ကားမှာ ဝါရင့်အမေရိကန်သရုပ်ဆောင်တွေဖြစ်တဲ့ ဟယ်ရီစင်ဖို့ဒ်၊ မာ့ခ်ဟမေးလ်နဲ့ မင်းသမီးကယ်ရီးဖစ်ရှာတို့က အဓိကပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒါရိုက်တာ ဂျေဂျေအာဘမ်ရဲ့လက်ရာဖြစ်တဲ့ ဒီဇာတ်ကားသစ်ကို ဝေ့ါသ်ဒစ်စနေကနေ ဖြန့်ချိထားတာပါ။

စကြာဝဠာတခွင်ကြီးစိုးခဲ့တဲ့ Seond Death Star အင်ပါယာကြီးကို အောင်အောင်မြင်မြင် တော်လှန်ခဲ့တဲ့ စုပေါင်းတော်လှန်ရေးအဖွဲ့သည် အောင်မြင်မှုရရှိခဲ့ပြီး နှစ်(၃၀)အကြာမှာတော့ ကြယ်စုကြီးတွေအကြားမှာ စစ်ပွဲဟာ ပြန်လည်ပေါ်ပေါက်လာခဲ့ပါတယ်။ သမ္မတ နိုင်ငံတော်ဟာ စကြာဝဠာကြီး အေးချမ်းသာယာဖို့ ပေါ်ပေါက်လာခဲ့ပေမယ့် ယခင်ကရှိခဲ့တဲ့ Galactie အင်ပါယာကြီးရဲ့ အန်တုမှုဟာ ပိုမိုကြီးထွားလာခဲ့ပါတယ်။ ယခင် ကြယ်တာရာစစ်ပွဲတွေတုန်းက တိုက်ခိုက်ခဲ့တဲ့ လီယာအော်ဂန်နာ၊ ဟန်ဆိုလို၊ ချူးဘတ်ခ်ကာနဲ့ စက်ရုပ် R2-D2နဲ့ C-3PO တို့သည်လည်း ဆက်လက်တိုက်ပွဲဝင်ကြရပြီး သူရဲကောင်းတွေဖြစ်တဲ့ အာကာသယာဉ်မှူး ပိုးဒမ်မာရွန်နှင့် လေဆာဓားသူရဲကောင်း ဖင်းန် တို့ ပူးပေါင်းမိကြပါတယ်။ သူရဲကောင်း ဖင်းန်၏ လေဆာဓားသည် သူရဲကောင်း အနာကင်စကိုင်းဝေါ့ကာ နှင့် လုခ်စကိုင်းဝေါ့ကာတို့ ပိုင်ဆိုင်ခဲ့တဲ့ နာမည်ကြီး လေဆာဓားဖြစ်ပါတယ်။ ဖြစ်သလိုနေတတ်တဲ့ လူလေ လူလွင့်ရေးနဲ့ စက်ရုပ် BB-8 တို့နဲ့အတူ ကတ်ပတိန် ဖက်စမာနဲ့ အနီရောင်လေဆာဓားကိုင်တဲ့ ကြောက်စရာကောင်းလှတဲ့ ကိုင်လိုရန်တို့သည်လည်း စကြာဝဠာကြယ်စုစစ်ပွဲတွင် အသီးသီး ပါဝင်လာကြပုံကို ရိုက်ကူးတင်ဆက်ထားသော သိပ္ပံဆိုင်ရာ စွန့်စားမှုအသားပေး ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ပါကြောင်း ယခုတစ်ပတ်အတွက် ကြေးမုံရုပ်ရှင်အညွှန်းအဖြစ် တင်ဆက်လိုက်ရပါတယ်။



ဖြိုးစန္ဒာမြင့် - ရေးသားသည်

အားကစား

## အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်) အားကစားပြိုင်ပွဲများ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၃**

အားကစားဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပညာသင်စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစားနှင့်ကာယသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်)မှ ကျောင်းသားများ အားကစားပြိုင်ပွဲကို အားကစားနည်း ၂၉မျိုးဖြင့် စုစုပေါင်း ပြိုင်ပွဲဝင်ဦးရေ ၁၉၅၆ ဦး ပါဝင်ကာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၁၂ ရက်အထိ နေပြည်တော်ရှိ အားကစားကွင်း/ရုံ အသီးသီး၌ အားကစားနည်း ၂၇ မျိုးကိုလည်းကောင်း၊ ရန်ကုန်မြို့ အင်းလျားကန်လှေလှော်အဖွဲ့ချုပ်၌ ရွက်လှေနှင့် လှေလှော်အားကစားနည်းများ ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အဆိုပါ ပြိုင်ပွဲများအား မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

### ဒီဇင်ဘာ ၃ ရက် ကစားခဲ့သည့် အနိုင်/အရှုံးရလဒ်များ

**ပြင်သစ်လီဂူး ပွဲစဉ် - ၁၆**

| | | | | |
|---|---|---|---|---|
| မိုနာကို | ၁ | - | ၁ | ကာအန် |
| ဂူအင်ဂမ့် | ၁ | - | ၂ | ရိမ်းစ် |
| ထရိုယက်စ် | ၀ | - | ၃ | တူးလော့စ် |
| မွန့်ပယ်လီယာ | ၀ | - | ၂ | ဂါဇီလက်စ် |
| ဘက်စတီယာ | ၁ | - | ၀ | ဘော်ဒိုး |
| လိုင်လီ | ၁ | - | ၀ | စိန့်အက်တီယန် |

**ကက်ပီတယ်ဝမ်းဖလား (ကွာတားဖိုင်နယ်)**

| | | | | |
|---|---|---|---|---|
| ဆောက်သမ်တန် | ၁ | - | ၆ | လီဗာပူး |

**မောင်မောင်ဇော်**

## ကတ်ပီတယ်ဝမ်းဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မန်စီးတီးနှင့် အဲဗာတန်၊ လီဗာပူးနှင့် စတုတ်တွေ့မည်

ကတ်ပီတယ်ဝမ်းဖလားဆီမီးဖိုင်နယ်တွင် မန်စီးတီးအသင်းသည် အဲဗာတန်အသင်းနှင့် ထိပ်တိုက်တွေ့မည်ဖြစ်ပြီး လီဗာပူးအသင်းမှာမူ စတုတ်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဲဗာတန်အသင်းသည် ကတ်ပီတယ်ဝမ်းဖလား ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် မန်စီးတီးအသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားရမည်ဖြစ်ပြီး စတုတ်စီးတီးအသင်းမှာမူ လီဗာပူးအသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားရမည်ဖြစ်ကြောင်း သိရသည်။

ကတ်ပီတယ်ဝမ်းဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ရက်တို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လီဗာပူးအသင်းသည် ကတ်ပီတယ်ဝမ်းဖလား ကွာတားဖိုင်နယ်အဆင့်တွင် ဆောက်သမ်တန်အသင်းကို ခြောက် ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်ပြီး နည်းပြဂျာဂင်ကလော့က ၎င်း၏ဘဝတွင် ဗိုလ်လုပွဲတက်လှမ်းနိုင်ခဲ့သည့် ပြိုင်ပွဲမှာ အနည်းငယ်မျှသာရှိကြောင်း ပြောကြားခဲ့သည်။

လီဗာပူးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ကတ်ပီတယ်ဝမ်းဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် လီဗာပူးအသင်းအတွက် သွင်းဂိုးများကို စတားရစ်က နှစ်ဂိုး၊ အိုရီဂီက သုံးဂိုးနှင့် အိုင်ဘီက တစ်ဂိုးတို့ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် ဆောက်သမ်တန်အသင်းသည်ပွဲစပြီး တစ်မိနစ်မှာပင် မာနီး၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးရရှိခဲ့ သော်လည်း လီဗာပူးအသင်း၏သွင်းဂိုးများကို ခွင့်ပြုပေးလိုက်ရခြင်းကြောင့် ပြိုင်ပွဲမှထွက်လိုက်ရပြီဖြစ်သည်။ လီဗာပူးအသင်းမှာမူ နည်းပြဂျာဂင်ကလော့ ရောက်ရှိလာခဲ့ပြီးနောက်ပိုင်း ယခုလက်ရှိတွင် ပြိုင်ပွဲအရပ်ရပ်၌ နောက်ဆုံးငါးပွဲဆက် တိုက်နိုင်ပွဲရရှိထားပြီး ယူရိုပါလိဂ်နှင့် ကတ်ပီတယ်ဝမ်းဖလားတို့တွင် အခြေအနေကောင်း တစ်ရပ်ကို ပိုင်ဆိုင်ထားဆဲဖြစ်သည်။ **ငွေကြယ်**




ပြင်သစ်နိုင်ငံ ဝန်ကြီးချုပ် မန်နျူရယ်ဗဲလက်စ်က လိင်ကိစ္စဗီဒီယိုခွေ ငွေညှစ်ခြိမ်းခြောက်မှုဖြစ်စဉ်မှာ ပါဝင်ပတ်သက်နေတဲ့ တိုက်စစ်မှူး ဘင်ဇီမာအတွက် လက်ရွေးစင် အသင်းမှာ နေရာရှိမှာမဟုတ်ကြောင်း ပြောကြားခဲ့ရာ ဘင်ဇီမာအနေနဲ့ လာမယ့်၂၀၁၆ ခုနှစ် ဇွန်၁၀ရက်မှာ စတင်ကျင်းပမယ့် ယူရိုဖလားပွဲ ဝင်ရောက်ဆင်နွှဲခွင့်ရပ့ါမလားဆိုတာ စဉ်းစားစရာဖြစ်လာပါပြီ။ ဘင်ဇီမာဟာ တောင်းခံတဲ့ငွေမပေးရင် ပြင်သစ်လက်ရွေးစင်အသင်းကစားဖော် ဗယ်လ်ဘူနာရဲ့ လိင်ကိစ္စဗီဒီယိုခွေကို အများပြည်သူဆီကို ပြန့်နှံ့အောင် ချပြလိုက်မယ်ဆိုတဲ့ ခြိမ်းခြောက်မှုမှာ ပါဝင်ပတ်သက်ခဲ့တယ်လို့ စွပ်စွဲခံနေရပြီး အထောက်အထားအချို့ကို ရရှိခဲ့ပြီးဖြစ်တယ်လို့ပြင်သစ်ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားထားပြီးဖြစ်ပါတယ်။ တကယ်လို့အပြစ်ရှိကြောင်း ထင်ရှားခဲ့ရင် ပြင်သစ်နိုင်ငံဥပဒေအရ ဘင်ဇီမာအနေနဲ့ အနည်းဆုံးထောင်ဒဏ်ငါးနှစ် ကျခံရမှာဖြစ်ပါတယ်။

ဘင်ဇီမာက သူ့အနေနဲ့ ဒီကိစ္စတွင် လုံးဝပါဝင်ခဲ့ခြင်းမရှိခဲ့ဘူးလို့ ငြင်းဆိုခဲ့ပေမယ့်လည်း ယခုထိ စစ်ဆေးမှုခံနေရဆဲပဲဖြစ်ပါတယ်။ ယူရို-၂၀၁၆အိမ်ရှင်အဖြစ်လက်ခံကျင်းပမယ့် ပြင်သစ်လက်ရွေးစင်အသင်းမှာ ဘင်ဇီမာဟာ အသင်းရဲ့ သော့ချက်ကစားသမားဖြစ်လာမယ်လို့မျှော်လင့်ထားပေမယ့် ဂျာမနီနဲ့ အင်္ဂလန်အသင်းတို့ ကို ရင်ဆိုင်ခဲ့တဲ့ ချစ်ကြည်ရေးခြေစမ်းပွဲတွေမှာလည်း ပြင်သစ်လက်ရွေးစင်အသင်းမှာ ရွေးချယ်ခြင်းမခံခဲ့ရပါဘူး။

ဘင်ဇီမာက ပဲရစ်ဗုံးခွဲတိုက်ခိုက်မှုဖြစ်စဉ်ပြီးနောက် ပြင်သစ်နိုင်ငံတော်သီချင်းကို ဘာနေဗျူးကွင်းထဲမှာ သီဆိုပြီး ဒုက္ခသည်တွေကို သူ့အနေနဲ့ ထောက်ခံကြောင်းပြသခဲ့ပေမယ့် လူမှုမီဒီယာတွေ ဘင်ဇီမာကို ပြင်းပြင်းထန်ထန်ဝေဖန်မှုများရေးသားခဲ့ကြတဲ့အတွက် သူ့ရဲ့ ရှေ့နေဖြစ်သူက "အရှုပ်တော်ပုံ ကိစ္စရပ်"နှင့် ပတ်သက်တဲ့သက်ရောက်မှုများ သာဖြစ်ကြောင်း ကြေညာချက်တစ်စောင်ပြန်လည်ထုတ်ပြန်ခဲ့ပါတယ်။

ဒါပေမယ့် ပြင်သစ်နိုင်ငံ ဝန်ကြီးချုပ် ဗဲလက်စ်က ပြင်သစ်ရေဒီယိုနှင့်တွေ့ဆုံခဲ့ရာမှာ"ကစားသမားကောင်းတစ်ယောက်ဆိုတာ တိုင်းသူပြည်သားတွေရဲ့ စံပြဖြစ်ရပါမယ်။ ခင်ဗျားအနေနဲ့ ပြင်သစ်နိုင်ငံ ကိုယ်စားပြု အပြာရောင်ဂျာစီကို ဝတ်ဆင်ထားတယ်ဆိုရင် ဒီအခိုက်အတန့်က တကယ့်ကိုအရေးကြီးပါတယ်။ ဒါကြောင့်အပြုအမူကောင်းမရှိသူက လက်ရွေးစင်အသင်းမှာလည်းနေရာရှိမှာ မဟုတ်ပါဘူး"လို့ ဖြေကြားခဲ့ပါတယ်။

ဒီလို စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ပြီးနောက်မှာ ရီးယဲလ်နည်းပြ ဘင်နီတက်ဇ်က ဘင်ဇီမာကို ထောက်ခံစကားပြောကြားခဲ့ပေမယ့်လည်း ရှက်တာဒိုးနက်ခ်နဲ့ ချန်ပီယံလိဂ်ပွဲ၊ အီဘာနဲ့ လာလီဂါပွဲစဉ်များမှာ ပွဲထွက်ကစားခွင့်မပေးခဲ့တာကို တွေ့ကြရပါတယ်။

ပြင်သစ်တိုက်စစ်မှူးဟောင်း ဆစ်စီက ပြင်သစ်အာဏာပိုင်များအနေနဲ့ ဘင်ဇီမာမှာ အပြစ်ရှိတာ ထင်ရှားရင် လျင်လျင်မြန်မြန် အရေးယူမှုဆောင်ရွက်သင့်ကြောင်း၊ တကယ်လို့ ဥပဒေပလုပ်ရပ်တစ်စုံတစ်ရာမတွေ့ရှိရင်လည်းစွပ်စွဲမှုကနေ ကင်းလွတ်ခွင့်ပေးသင့်ပြီဖြစ်ကြောင်း မှတ်ချက်ပြုခဲ့ပါတယ်။ဒါ့ကြောင့် ဘင်ဇီမာအနေနဲ့ ယူရို-၂၀၁၆မှာ ပြင်သစ်အသင်းနဲ့ အတူနွှဲခွင့်ရပ့ါမလားဆိုတာ . . .။

**မေလှဲ့သင်း**

## အားကစားမြင့်တင် စိတ်လန်းရွှင်

## ဂျူဗင်တပ်ရဲ့ နိုင်ပွဲဆက်မှုကို လာဇီယို ရပ်တန့်နိုင်မလားဆိုတာ အဖြေရှာပေးနိုင်မယ့် . . .

**ဝိုးဂိုးအောင်ခုနှံ - ၁၅**

အီတလီစီးရီးအေပြိုင်ပွဲရဲ့ပွဲစဉ် (၁၅) ကို လာမယ့် ဒီဇင်ဘာ ၅၊ ၆၊ ၇ ရက်တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ဂျူဗင်တပ်ဟာ အိမ်ကွင်းကစားပုံကောင်းတဲ့ လာဇီယိုနဲ့ လာဇီယိုရဲ့အိမ်ကွင်းမှာ သွားရောက်ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ပ့ါမလားဆိုတာ စောင့်ကြည့်ချင်စရာဖြစ်နေပါတယ်။



**လာဇီယို - ဂျူဗင်တပ်** နံနက် ၂း၁၅ (၅-၁၂-၁၅)

လာဇီယိုက ဒီရာသီစီးရီးအေပြိုင်ပွဲမှာ ခြေစွမ်းပိုင်းမတည်ငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းကစားပုံအတော်လေးကောင်းပါတယ်။ လာဇီယိုအနေနဲ့ အိမ်ကွင်း ခုနစ်ပွဲမှာ ငါးပွဲအထိ အနိုင်ရထားသလို ရှုံးပွဲတစ်ပွဲသာရှိလို့ ဂျူဗင်တပ်ခြေတည်ငြိမ်လာပေမယ့် အခက်တွေ့နိုင်ပါတယ်။ လာဇီယိုရဲ့ရှုန်းအားကြောင့်သရေကျသွားနိုင်တယ်။

**တိုရီနို - ရိုးမား** ည ၇း၃၀ (၅-၁၂-၁၅)

ရိုးမားဟာ ဒီရာသီမှာအဝေးကွင်းခြေစွမ်းတည်ငြိမ်မှု အားနည်းပါတယ်။ ရိုးမားအနေနဲ့ အိမ်ကွင်းမှာရှုံးပွဲမရှိကစားထားနိုင်ပေမယ့် အဝေးကွင်းမှာတော့ သုံးပွဲသာအနိုင်ရထားပါတယ်။ တိုရီနိုကလည်း အိမ်ကွင်းမှာ အရှုံးတစ်ပွဲသာရှိတဲ့အထိ ကစားပုံကောင်းတတ်တယ်။ ရိုးမားနိုင်မယ်ဆိုရင်တောင်မှ ပြတ်သားဖို့ခက်မယ်။

**အင်တာမီလန် - ဂျီနိုအာ** နံနက် ၂း၁၅ (၆-၁၂-၁၅)

ဂျီနိုအာက ဒီရာသီမှာခြေစွမ်းပိုင်းမတည်ငြိမ်ပါဘူး။ အထူးသဖြင့် ဂျီနိုအာဟာ အဝေးကွင်းနိုင်ပွဲမရသေးပါဘူး။ အင်တာမီလန်က တိုက်စစ်ကစားပုံမတည်ငြိမ်ပေမယ့် ဂျီနိုအာ ခံစစ်ကလည်းအားပျော့လို့ အင်တာမီလန်ပဲနိုင်ပွဲရမယ်။

**ဘိုလော့နာ - နာပိုလီ** ည ၆း၀၀ (၆-၁၂-၁၅)

ဘိုလော့နာက အိမ်ကွင်းမှာကစားရမှာဖြစ်ပေမယ့် ခြေစွမ်းက သာမန်ထက်လုံးဝမပိုပါဘူး။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေလုံးဝမရှိဘူး။ နာပိုလီကတော့ ခြေစွမ်းပိုင်းကောင်းမွန်နေတာကြောင့် ဘလော့ညာ ကို ဖိအားပေးသွားနိုင်မှာပါ။ နာပိုလီပဲ အဝေးကွင်းမှာ နိုင်ပွဲရသွားမှာပါ။

**အတ္တလန္တာ - ပါလာမို** ည ၇း၃၀ (၆-၁၂-၁၅)

အတ္တလန္တာက ခြေစွမ်းပိုင်းသာမန်သာရှိပေမယ့် အိမ်ကွင်းကစားပုံကတော့ အတော်လေးကောင်းတယ်။ အိမ်ကွင်းမှာ ရှုံးပွဲတစ်ပွဲသာရှိသေးသလို ခံစစ်ကလည်း အိမ်ကွင်းမှာကျစ်လျစ်တယ်။ ပါလာမိုကတော့ ခြေစွမ်းပိုင်းက သာမန်သာရှိတယ်။ အတ္တလန္တာတို့ အိမ်ကွင်းမှာ နိုင်ပွဲရသွားမှာပါ။

**ဖီအိုရင်တီးနား - အူဒီးနီးစ်** ည ၇း၃၀ (၆-၁၂-၁၅)

ဖီအိုရင်တီးနားက ဒီရာသီခြေစွမ်းပိုင်းကောင်းမွန်မှုရှိနေပါတယ်။ အထူးသဖြင့် ဖီယိုရင်တီနာဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံပိုမိုကောင်းမွန်တတ်တာကြောင့် ခြေစွမ်းအားနည်းတဲ့ အူဒီးနီးစ်ကို ဖိအားပေးသွားနိုင်မှာပါ။ ဖီအိုရင်တီးနား ကသာအိမ်ကွင်းမှာဖိအားပေးပြီး နိုင်ပွဲယူသွားပါလိမ့်မယ်။

**ဖရိုစီနိုနီ - ချီယေဗို** ည ၇း၃၀ (၆-၁၂-၁၅)

ဖရိုစီနိုနီကတန်းဆင်းဇုန်အတွင်းက ရုန်းထွက်နိုင်ဖို့ အားစိုက်ကစားနေသလို အိမ်ကွင်းပွဲစဉ်တွေမှာလည်း ခြေစွမ်းပိုင်းပိုမိုပြီးကောင်းမွန်တတ်ပါတယ်။ ခံစစ်၊ တိုက်စစ် ကစားပုံက အစအိမ်ကွင်းမှာပိုမိုမျှတတတ်တယ်။ ဒါကြောင့် ချီယေဗိုခြေမဆိုးပေမယ့် ဒီပွဲမှာတော့ သရေလောက်ပွဲ အမြင့်ဆုံးရမယ်။

**ဗီရိုနာ - အမ်ပိုလီ** ည ၇း၃၀ (၆-၁၂-၁၅)

ခြေစွမ်းပိုင်းအားနည်းမှုရှိတဲ့ နှစ်သင်းဆုံတွေ့မှုဖြစ်ပါတယ်။ ခြေစွမ်းမကွာပေမယ့် အမ်ပိုလီက အဝေးကွင်းခံစစ်ကစားပုံကျစ်လျစ်မှုမရှိပါဘူး။ ဗီရိုနာက အိမ်ကွင်းမှာနိုင်ပွဲစတင်ရယူနိုင်ဖို့ ဖိအားပေးကစားသွားမှာသေချာနေပါတယ်။ ဗီရိုနာတို့ အိမ်ကွင်းမှာသရေလောက်တော့ အနိမ့်ဆုံး ကစားနိုင်မှာပါ။

**ဆမ်ဒိုးရီးယား - ဆာစူအိုလို** ည ၁၁း၃၀ (၆-၁၂-၁၅)

ဆမ်ဒိုးရီးယားက လက်ရှိခြေစွမ်းပိုင်းအရတည်ငြိမ်မှုအတော်လေးအားနည်းတယ်ဆိုပေမယ့် အိမ်ကွင်းကစားပုံကတော့ကောင်းမွန်မှုရှိနေပါတယ်။ အိမ်ကွင်းပွဲစဉ် ခုနစ်ပွဲမှာ တစ်ပွဲသာရှုံးပွဲကြုံတွေ့ထားပါတယ်။ ဆာစူအိုလိုက အဝေးကွင်းခြေအနည်းငယ် အားနည်းတတ်ပါတယ်။ ဆမ်ဒိုးရီးယားကပ်နိုင်မယ်။

**ကာပီ - အေစီမီလန်** နံနက် ၂း၁၅ (၇-၁၂-၁၅)

ကာပီက ဒီရာသီစီးရီးအေပြိုင်ပွဲအတွင်းခြေစွမ်းပိုင်းအားနည်းဆုံးအသင်းဖြစ်ပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက ကျစ်လျစ်မှုအတော်လေးအားနည်းတာကြောင့် အေစီမီလန်ကို တောင့်ခံနိုင်ဖို့ခက်ခဲနေပါတယ်။ နိုင်ပွဲလိုအပ်နေတဲ့ အေစီမီလန်ကလည်း အမှားခံမှာမဟုတ်လို့ ဒီပွဲမှာ အေစီမီလန်က သာနိုင်ပွဲရသွားမှာပါ။

## ပင်လုံနှင့်ရန်ကုန်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃**

မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃၀ ရက်က ပင်လုံမြို့နယ် ပင်လုံ-လဲချားသွားကားလမ်း လမ်းအသုံးပြုခကောက်ခံရေးစခန်းအနီးတွင် လဲချားမြို့ဘက်မှ ပင်လုံမြို့ဘက်သို့ စိုးလင်းထိုက် မောင်းနှင်ပြီး စည်သူအောင်နှင့် ကျော်ဝင်းထွန်းတို့ လိုက်ပါလာသည့် 6D/--- HONDA FIT ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၇၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ နိုဝင်ဘာ ၂၉ ရက်က မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန်(အနောက်ပိုင်း)ခရိုင်မှ တပ်ဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ဗညားဒလလမ်းနှင့် နောင်ရိုးလမ်းထိပ်တွင် လမ်းလျှောက်လာသူ ခင်မောင်တင့်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ပန်းဘဲတန်းမြို့နယ် (၇)ရပ်ကွက် (၂၉)လမ်း မ/၉၉ မြေညီထပ်ရှိ ထိန်လင်း၏ ရတနာကျွန်းရွှေရည်စိမ်ဆိုင်ခန်းကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၆ ပြား၊ မြန်မာငွေကျပ် ၇၀၀၀၀ နှင့် ၎င်းနေထိုင်ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၁)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၀ နှင့် မြန်မာငွေကျပ် ၅၀၀၀၀တို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကြေးမုံ**



## တက္ကစီအငှားယာဉ်ဖြင့် ပစ္စည်းများကိုလုယူသွားသူများအား ရန်ကုန်(အနောက်ပိုင်း)ခရိုင် တရားရုံးက အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ်စီချမှတ်

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်မြို့ အလုံမြို့နယ် ဌာနာရပ်ကွက် ဧရာဝတီလမ်းနေ အောင်သက်ပိုင် (၁၅)နှစ်နှင့် သူငယ်ချင်းဖြစ်သူ သန့်ဇင်အောင်၊ ပြည့်ဖြိုးအောင်တို့ သုံးဦးသည် မေ ၂၁ ရက်က ရွှေတိဂုံဘုရားသို့သွားရန် လမ်းလျှောက် လာစဉ် အလုံလမ်းပေါ်ရှိ အထက(၂)အလုံ ကျောင်းရှေ့အရောက် တက္ကစီယာဉ်မှ ကျော်တက်ပြီး ကားရပ်ကာ လူလေးဦးဆင်းလာပြီး အောင်သက်ပိုင်ပါ သုံးဦးအား လက်သီးဖြင့်ထိုးကာ ကျောပိုးအိတ် အနက်ရောင်ကိုလုယူပြီး အိတ်ထဲတွင်ပါသော ငွေကျပ် ၄၀၀၀၀ နှင့်အတူ i PAD-2အမျိုးအစား ပန်းသီးတံဆိပ်ပါဖုန်းတစ်လုံးတို့အား လုယူသွားသဖြင့် အရေးယူပေးပါရန် အလုံမြို့မရဲစခန်းသို့ လာရောက်တိုင်ကြားခဲ့သည်။

သို့ဖြစ်၍ အလုံမြို့မရဲစခန်းမှ စခန်းမှူး ဒု-ရဲမှူးတင်လှက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းရွှေထံတင်ပြပြီး အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနမှ တပ်ဖွဲ့ဝင်များ၊ အလုံမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒု-ရဲအုပ်ဌေးအောင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်သော သယ်န်းကျွန်းမြို့နယ် စံပြရပ်ကွက်နေ စံမင်းထက်(ခ)စံကြီး (၃၇)နှစ်၊ ဗဟန်းမြို့နယ် ဆရာစံအရှေ့ရပ်ကွက်နေ ရန်ပိုင်(ခ)ရန်နိုင်ထူး (၁၉)နှစ်၊ ရန်ကင်းမြို့နယ် ဘောက်ထော်(၁၆)ရပ်ကွက် သီရိဇေယျာလမ်းသွယ်နေ အောင်ဝင်းထွန်း(ခ)နားပေါက်(၁၉)နှစ်၊ လှိုင်သာယာမြို့နယ် (၃)ရပ်ကွက် မင်းရဲကျော်စွာ (၁၂)လမ်းနေ ရဲမွန်ခန့်(ခ)ဖိုးခွား (၁၉)နှစ်၊ လှိုင်သာယာမြို့နယ် (၁၆)ရပ်ကွက် ဇေယျာသီရိ(၆)လမ်းနေ မျိုးမင်းဦး(ခ)ဝိတ်ပေါ(၂၃)နှစ်တို့အား ၂၄ နာရီအတွင်း ဖမ်းဆီးရမိပြီး လုယူသွားသောပစ္စည်းများအား ပြန်လည်သိမ်းဆည်းရမိသဖြင့် ရဲလုပ်ငန်းများဆောင်ရွက်ပြီး ဇွန် ၁၅ ရက်တွင် ရဲစခန်းစွဲချက်အမှတ် ၂၂၈/၂၀၁၅ ဖြင့် ရန်ကုန်(အနောက်ပိုင်းခရိုင်)တရားရုံးသို့ တရားစွဲတင်ပို့ရာ အနောက်ပိုင်းခရိုင်တရားရုံးမှ ရာကြီးအမှတ် ၃၈/၂၀၁၅ ဖြင့် တွဲဖက်ခရိုင်တရားသူကြီး-၂ က ရုံးတင်လက်ခံစစ်ဆေးခဲ့ပြီး ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀တွင် ပြစ်မှုကျူးလွန်သူများအား အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

❑❑❑

## နောင်တရားတွင် သီးပွင့်ဆဲဘိန်းခင်းများဖျက်ဆီး

**နောင်တရား ဒီဇင်ဘာ ၃**

နောင်တရားမြို့နယ် လွယ်မောအုပ်စု ထီပုံးတောင်ရွာ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာတွင် နောင်တရားနယ်မြေရဲစခန်းမှ ရဲအုပ်အောင်နိုင်ထူးဦးစီးတပ်ဖွဲ့ဝင်များနှင့် တိကျစိတပ်နယ် ခမရ ၅၁၁ မှ ဗိုလ်ကြီးချမ်းမြေ့ကျော်ဦးစီးအဖွဲ့များ လုံခြုံရေးလိုက်ပါဆောင်ရွက်ပြီး ထီးပုံးတောင်ရွာသူကြီး ဦးထွန်းပါနှင့် ရွာသား ၂၉ ဦးတို့သည် သီးပွင့်ဆဲဘိန်းခင်း ၁၅ ဧက၊ နှစ်လယ်မအရွယ်ဘိန်းခင်း ၁၇ ဧက စုစုပေါင်း ၃၂ ဧက တို့ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**နောင်တရား(ပြန်/ဆက်)**

## အမြန်လမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွား

**ကျောက်တံခါး ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အမြန်လမ်း မိုင်တိုင်အမှတ်(၈၃/၇)နှင့်(၈၄/၀)အကြားတွင် ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီခွဲက ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ နေပြည်တော်ဘက်သို့ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်နေ အေးလွင်(၄၀)နှစ်မောင်းနှင်သည့်၂ဂ/---- တိုယိုတာဟိုင်းလပ်ယာဉ်သည် ရှေ့မှ ကျောက်တံခါးမြို့နယ် ငွေးကုန်းကျေးရွာနေ ဟိန်းရာဇာဦး(၁၉)နှစ် မောင်းနှင်နေသော သဲသယ်ကွန်တောင်းယာဉ် နောက်ပိုင်းအား အရှိန်ပြင်းစွာဝင်ရောက်တိုက်မိ၍ အေးလွင်နှင့် အဆိုပါယာဉ်ပေါ်ပါ ကိုခန့်သူထွန်း(၃၀)နှစ်၊ စိုးမိုးသောင်း(၄၀)နှစ်တို့တွင် ဒဏ်ရာများ(မစိုးရိမ်ရ) အသီးသီးရရှိခဲ့သဖြင့် မြို့ချောင်းအမြန်လမ်းအရေးပေါ်ဆေးခန်းသို့ပို့ဆောင်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယဉ်မောင်း ဟိန်းရာဇာဦးနှင့် အေးလွင်တို့နှစ်ဦးအား အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## ကျောက်မီးသွေးလုပ်သားတစ်ဦး ကျောက်မီးသွေးကျင်းအတွင်း မြေပြိုပိမိသေဆုံး

**မင်းဘူး ဒီဇင်ဘာ ၃**

မင်းဘူးခရိုင် မင်းလှမြို့နယ် ရေနံမနယ်မြေရှိ ကျောက်မီးသွေးတွင်းတွင် လုပ်သားတစ်ဦး မြေပြိုပိမိသေဆုံးမှု နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ကြောင်း မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

နိုဝင်ဘာ ၃၀ ရက် ညနေ ၆ နာရီက မင်းလှမြို့နယ် ကန်တုပ်ဒေသ ငှက်ကြီးတောင်ကျောရှိ ပိုသာကျောက်မီးသွေးတူးဖော်ရေးကုမ္ပဏီလုပ်ငန်းခွင်တွင် မြေပြိုကျ၍လူတစ်ဦးသေဆုံးသွားကြောင်း သတင်းအရ ရေနံမနယ်မြေရဲစခန်းမှ ရဲတပ်ကြပ်ကြီး ပေါ်ပေါ်ညွန့်က သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မင်းဘူးမြို့နယ် ကသစ်ကျေးရွာနေ ကျောက်မီးသွေးတူးဖော်ရေးလုပ်သား ကိုမင်း(၃၂)နှစ်ဖြစ်ပြီး ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲခန့်က မောင်တိုး(၂၃)နှစ်၊ ကိုမျိုး(၂၆)နှစ်၊ ကိုနေဖြိုး(၁၈)နှစ်တို့နှင့်အတူ အနက်ပေ ၁၀၀ ခန့်၊ အကျယ် ၈ ပေခန့်ရှိသော ပိုသာကုမ္ပဏီပိုင်ကျောက်မီးသွေးကျင်းအတွင်း ကျောက်မီးသွေးတူးဖော်နေစဉ် မြေပြိုကျသဖြင့် ကိုမင်းနှင့် ကိုတိုးတို့နှစ်ဦးမှာ မြေများပိမိ၍ ကုမ္ပဏီဝန်ထမ်းအဖွဲ့မှ ၎င်းတို့နှစ်ဦးအား သွားရောက် ကယ်ထုတ်ခဲ့ရာ ၎င်းတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ပဒါန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်စဉ် ကိုမင်းမှာရရှိသော ဒဏ်ရာဖြင့် လမ်း၌ သေဆုံးသွားခဲ့ကြောင်း ကနဦး စစ်ဆေးချက်အရသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းလှမြို့နယ် ရေနံမနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

❑❑❑

**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**

**POST** ရာထူးဝင်ခွင့်သင်တန်း ၀၉၄၂၀၁၂၉၃၃၃
၁၆၅၊ဆိပ်ကမ်းသာလမ်း၊(ပထပ်)ကျောက်တံတားမြို့နယ်။ ပန်းဆိုးတန်းမှတ်တိုင်ဆင်း၊
● ဧက်မရှင်ဝင်ခွင့်"အနိုးကပ်(၅)ရက်တက် ''၇.၁၂.၂၀၁၅စမည်
● ဥပဒေအရာရှိအဆင့်(၄) စနေတစ်ရက်တက်/ညနေပိုင်း ၅း၃၀-၇း၀၀

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်ဖုတ်သင်တန်း
ဂျယ်လီ၊ ငါးမုန့်၊ ဘောဇ်၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
0973071901
02-31505, 09 42174 6822, 01-215072


● အမြန်လမ်းသက်တော်စောင့် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်တွေ့ဆုံခြင်း
● စားစရာမရှိတဲ့ လယ်သူမကြီး ဒေါ်သိန်းတို့ရဲ့ဘဝ
● ဈေးပေါပေါနဲ့ အပျိုပြန်ဖြစ်ဆေး သားအိမ်ကင်ဆာဖြစ်နိုင်
● အစိုးရဝန်ကြီးဌာနတွေကို အင်န်အယ်လ်ဒီ ဘယ်လိုကိုင်တွယ်မှာလဲ
● ပူးပေါင်းဖြေရှင်းကြမယ့် နိုင်ငံရေးအခင်းအကျင်းအစ
(၄-၁၂-၂၀၁၅ ထွက်ပြီ)

**ယာဉ်မောင်းအလိုရှိသည်**
ရန်ကုန်မြို့တွင်း မောင်းရမည်။
လိုင်စင် (၅)နှစ်အထက်
(၂၀၀၀၀၀/- ၂၅၀၀၀၀/-)
ဖုန်း-၀၉-၉၇၁၈၉၉၉၁၅

**အမည်ပြောင်း**
ညောင်လေးပင်မြို့၊ အထက ပုဇွန်မြောင်း၊ အဌမတန်း(ခ)တွင် ပညာသင်ကြားနေသော (ဘ)ဦးဝင်းလှိုင်၏ သမီးဖြစ်သူ နော်အေးမြမြအောင်အား နော်အေးသိင်္ဂီလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **နော်အေးသိင်္ဂီလှိုင်**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
Hyundai Porter II Box အဖြူရောင်၊ MODEL-2009,ENGINE POWER 2500CC ညှိနှိုင်းဈေး။
**ဖုန်း-၀၉-၃၁၀၂၂၃၇၃**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ သီတဂူလမ်း၊ ဧရိယာအကျယ်အဝန်း ပေ(၄၁×၆၀)ရှိ မြေကွက်အမှတ် (၆၇၇)၏ ခြေရင်းဘက်ခြမ်းရှိမခွဲမစိတ်ရသေးသော ဧရိယာအကျယ်အဝန်း ပေ(၂၀×၆၀) မြေကွက်အား ဂရန်အမည်ပေါက် ဒေါ်သန်းသန်းနွဲ့[၁၂/ရကန(နိုင်)၀၅၃၇၅၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ကြည်ကြည်ခိုင်[၉/မခန(နိုင်)၁၅၆၂၉၇]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ကြိုတင်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေအရောင်းအဝယ် ကန့်ကွက်လိုသူများသည် ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဦး**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၃၁၅၁)**
**အမှတ်(၃၆)၊ မဟာသီရိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်လမ်းမအနီး ပေ(၁၅×၆၀) Hight ၁၆ ပေ (၇)လွှာ၊ ကိုယ်ပိုင်၊ မီး၊ ရေ၊ အသင့်နေနိုင်၊ ကျပ်သိန်း ၃၁၀၊ ညှိနှိုင်းနိုင်။
**ဖုန်း-၀၉-၅၀၇၁၃၆၆၊ ၀၉-၄၂၂၄၅၉၅၇၉**

# ပိုလီယိုကာကွယ်ဆေး( ထိုးဆေး )စတင်ထိုးနှံခြင်းလုပ်ငန်းအသိပညာပေးရှင်းလင်းပွဲများ မြို့နယ်များတွင်ကျင်းပ

**မိုးနဲ**

ရှမ်းပြည်နယ်( တောင်ပိုင်း ) မိုးနဲမြို့နယ် ကျန်းမာရေးဦးစီးဌာန၏အစီအစဉ်ဖြင့် ပိုလီယိုကာကွယ်ဆေး (ထိုးဆေး) စတင်ထိုးနှံခြင်းလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက မိုးနဲမြို့နယ်ကမ္ဘောဇခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ မြို့ပေါ်ငါးရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံများ တက်ရောက်ကြောင်းသိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

**တောင်တွင်းကြီး**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှကြီးမှူး၍ ပိုလီယိုကာကွယ်ဆေး (ထိုးဆေး) အသစ်ထိုးခြင်းအကြောင်း ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပခဲ့သည်။

ကျန်မာရေးအသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်မိုးက ပိုလီယိုကာကွယ်ဆေး(ထိုးဆေး)အသစ်အကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၅၈၀)**

**စေတုတ္တရာ**

မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါ လုံးဝပပျောက်စေရန် ရည်မှန်းချက်ဖြင့် ပိုလီယိုကာကွယ်ဆေးကို အစက်ချဆေးအပြင် ထိုးဆေးကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာမှစတင်ပြီး အသက်လေးလအရွယ်ကလေးငယ်များကို ထိုးနှံပေးသွားမည်ဖြစ်ရာ စေတုတ္တရာမြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန်အတွက် ပိုလီယိုကာကွယ်ဆေးထိုး ဖြည့်သွင်းထိုးနှံခြင်း မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချိုချိုဝင်းက ပိုလီယိုကာကွယ်ဆေးထိုးဆေးသည် လူအများအား ထိုးနှံပေးသော ကာကွယ်ဆေးများတွင် အန္တရာယ်အကင်းရှင်းဆုံး ကာကွယ်ဆေးများအနက် တစ်မျိုးအပါအဝင်ဖြစ်ပြီး ကာကွယ်ဆေးထိုးပြီးနောက် ယင်းနေရာတွင် အနည်းငယ်နီမြန်းခြင်း၊ နာကျင်ခြင်းများသာရှိနိုင်ကာ ပြင်းထန်သောဘေးထွက်ဆိုးကျိုးမရှိကြောင်းကို ယင်းအခမ်းအနားတွင် ပြောကြားခဲ့သည်။

ဆက်လက်ပြီး ၎င်းကပိုလီယိုရောဂါကာကွယ်ဆေးထိုးဆေး (IPV) တွင် ပိုလီယိုရောဂါပိုးအမျိုးအစား ၁၊ ၂၊ ၃ သုံးမျိုးစလုံးပါဝင်၍ သုံးမျိုးစလုံးတို့မှ ကာကွယ်မှုပေးပါကြောင်း၊ မြန်မာနိုင်ငံ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပိုလီယိုရောဂါကာကွယ်ဆေးထိုးဆေးကို တစ်ကြိမ်တည်းသာထိုးနှံပေးမည်ဖြစ်ပြီး ကလေးအသက်လေးလတွင် ပိုလီယိုအစက်ချကာကွယ်ဆေး ငါးမျိုးစပ်ကာကွယ်ဆေးတို့နှင့် အတူတွဲ၍ တစ်ပြိုင်နက်ထိုးနှံပေးမည်ဖြစ်ကြောင်းကို ပြောကြားခဲ့သည်။

ပိုလီယိုရောဂါသည် ကလေးငယ်များတွင် အများဆုံးဖြစ်ပွားတတ်ပြီး ပိုလီယိုအကြောသေရောဂါရှင်ကလေးသည် တစ်သက်လုံး မသန်စွမ်းသောဘဝသို့ရောက်သွားနိုင်သည့် ကူးစက်မြန်ရောဂါတစ်ခုဖြစ်ကာ ပိုလီယိုအကြောသေရောဂါဖြစ်ပွားလာပါက ကုသရန်နည်းလမ်းမရှိသည့်အတွက် ကာကွယ်ဆေးသည်သာ အထိရောက်ဆုံးကာကွယ်နိုင်သည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း၊

ထို့ကြောင့် ဒေသခံမိဘ ပြည်သူများအနေဖြင့် ရင်သွေးငယ်များကို ပိုလီယိုကာကွယ်ဆေးထိုးနှံပေးရန် ကာကွယ်ဆေးထိုးစုရပ်များသို့ ခေါ်ဆောင်လာကြပါရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချိုချိုဝင်းက တိုက်တွန်းအသိပေး ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်ကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။ **သန်းနိုင်ဦး(ငဖဲ)**

**မကွေး**

မကွေးတိုင်းဒေသကြီး ပိုလီယိုရောဂါကာကွယ်ဆေးထိုးဆေး Inactivated Polio Vaccine (IPV) စတင်ထည့်သွင်းထိုးနှံခြင်းလုပ်ငန်း တိုင်းဒေသကြီးအဆင့် အသိပေးရှင်းလင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းအောင်ကြည်က ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ကာကွယ်ဆေးအသစ်ဖြစ်သော ပိုလီယိုကာကွယ်ဆေး (ထိုးဆေး) (Inactivated Polio Vaccine) စတင်ထည့်သွင်းထိုးနှံခြင်းနှင့်ပတ်သက်၍ အသိပေးရှင်းလင်း ပြောကြားခဲ့သည်။

(IPV) ထိုးနှံမည့်လုပ်ငန်းစဉ်များနှင့် ပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အထူးရောဂါနှိမ်နင်းရေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်ဆရာဝန်က မြန်မာနိုင်ငံ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပိုလီယိုရောဂါကာကွယ်ဆေး ထိုးဆေးကို တစ်ကြိမ်တည်းသာထိုးနှံပေးမည်ဖြစ်ပြီး ကလေးအသက်လေးလတွင် ပိုလီယိုအစက်ချကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေးတို့နှင့် အတူတွဲ၍ တစ်ပြိုင်နက်ထိုးနှံပေးမည်ဖြစ်ပါကြောင်း၊ ပိုလီယိုရောဂါသည် ကလေးငယ်များတွင် အများဆုံးဖြစ်ပွားတတ်ပြီး ပိုလီယိုအကြောသေရောဂါရှင်ကလေးသည် တစ်သက်လုံး မသန်စွမ်းသောဘဝသို့ ရောက်သွားနိုင်သည့် ကူးစက်မြန်ရောဂါတစ်ခုဖြစ်ကာ ပိုလီယိုအကြောသေရောဂါဖြစ်ပွားလာပါက ကုသရန်နည်းလမ်း မရှိသည့်အတွက် ကာကွယ်ဆေးသည်သာ အထိရောက်ဆုံးကာကွယ်နိုင်သည့် နည်းလမ်းတစ်ခုဖြစ်ပါကြောင်း တိုက်တွန်းအသိပေးပြောကြားခဲ့ရာ တက်ရောက်လာသည့်ဧည့်ပရိသတ်များမှ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

**ကျောင်းကုန်း**

ပိုလီယိုရောဂါကာကွယ်ဆေးထိုးဆေး (IPV)စတင်ထည့်သွင်းထိုးနှံခြင်း အသိပေးရှင်းလင်းပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်က ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်ရေးမဟာဗျူဟာများစီမံကိန်း ၂၀၁၃-၂၀၁၈ နည်းဗျူဟာများ ပိုလီယိုရောဂါ အကြောသေရောဂါ အစက်ချဆေးအကြောင်းနှင့် ပိုလီယိုရောဂါ အကြောသေရောဂါ ကာကွယ်ဆေးထိုးဆေး (IPV) (Inactivated. Polio. Vaccine)အကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းပိုလီယိုရောဂါ အကြောသေရောဂါ ကာကွယ်ဆေးထိုးဆေး (IPV) ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှစ၍ အသက်လေးလအရွယ်ကလေးများတွင် ပိုလီယိုအစက်ချဆေး ဒုတိယအကြိမ်နှင့်အတူ တပြိုင်တည်း စတင်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

**ရန်ကုန်**

မြန်မာနိုင်ငံတွင် ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်ရန်ရည်ရွယ်၍ တောင်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာနမှကြီးမှူးကျင်းပ၍ ၂၀၁၅ ခုနှစ် ပိုလီယိုကာကွယ်ဆေး (ထိုးဆေး) စတင်ထိုးနှံခြင်း အသိပေးအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးမိုးက ပိုလီယိုကာကွယ်ဆေး (ထိုးဆေး) ကို ဒီဇင်ဘာလမှစတင်၍ ပုံမှန်ကာကွယ်ဆေးအစက်ချတိုက်ဆေးအပြင် ထိုးဆေးပါသုံးပေးနေပြီဖြစ်ကြောင်းနှင့် ရပ်ကွက်အတွင်း အသက်လေးလရှိ ကလေးများအားလုံး ထိုးနှံပေးမည်ဖြစ်ကြောင်း၊ ဆေးဝါးပညာရှင်သားဖွားဆရာမများကိုယ်တိုင် လိုက်လံထိုးပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးကလည်း ရပ်ကွက်အတွင်းရှိ အသက်လေးလပြည့်ကလေးများအားလုံး မဖြစ်မနေ ကာကွယ်ဆေးထိုးနှံကြရန်နှင့် ဆေးထိုးသည့်လုပ်ငန်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ NGO အဖွဲ့ဝင်များအားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ငွေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ NGO အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **တောင်ဥက္ကလာပမြို့နယ်(ပြန်/ဆက်)**

## စိန်မိုက်ကယ်(လ်)ကျောင်း(မအူကုန်း)
### (၁၆) ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန်မြို့၊ စိန်မိုက်ကယ်(လ်)ကျောင်း(မအူကုန်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ၂၀၁၆-ခုနှစ် (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၁၆-၁-၂၀၁၆ ရက်(စနေနေ့) နံနက်(၉း၀၀) နာရီတွင် ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်ရှိ ASIA PLAZA HOTEL တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၁။ ဦးချာလီချီးယား | (၀၉-၄၂၅၀၃၃၀၈၈) | ၆။ ဦးရွှေရ | (၀၉-၇၃၀၂၀၈၉၅) |
| ၂။ ဒေါ်အဲလစ်မောင် | (၀၁-၅၅၅၉၅၈) | ၇။ ဒေါ်အေးအေး | (၀၉-၄၂၁၀၂၆၇၉၃) |
| ၃။ ဒေါ်ရှယ်လီသိန်းမောင် | (၀၉-၄၂၁၁၂၇၄၄၇) | ၈။ ဒေါ်ခင်ဆွေမြင့် | (၀၉-၅၄၀၅၉၃၃) |
| ၄။ ဒေါ်လှလှကြည် | (၀၉-၃၀၀၅၀၆၀၂) | ၉။ ဒေါက်တာမခင်စိန် | (၀၉-၅၁၁၃၃၀၂) |
| ၅။ ဒေါ်ခင်မာလာ | (၀၉-၇၃၀၅၆၇၀၆) | ၁၀။ ဦးထွန်းလွင် | (၀၉-၄၂၀၃၀၅၂၅၄) |

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲဖြစ်မြောက်ရေးကော်မတီ

လမ်းပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

သုံးရာသီ ဓမ္မဒါန
မန္တလေး၊ မေမြို့၊ လားရှိုး၊ မန်စီ၊ ရွှေလီ (ထမင်းကျွေး-၇၀၀၀၀/-)
ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ (ထမင်းကျွေး-၄၀၀၀၀/-)
Dec 4,11,18,24
420144148, 421153797

ရွှေအိုးကြီး Aircon Express
မြဝတီ၊ မဲဆောက်၊ ဘားအံ ကျိုက်ထော်ရေတံခွန်၊ လမ်းဘုရားစုံ (၃)ရက် တစ်ဆင့်ကား၊ ထမင်းကျွေး၊ မိုတယ်တည်း (80000ks) Dec(24), Jan(1)ထွက်
09 421073634, 09 420281267

aroma (Zulu Studio)
Wedding Dress, Video & Photo Studio, Hair & Beauty Spa

| | | |
|---|---|---|
| 1. | Photographer | ကျား(၁၀)ဦး |
| 2. | Video Camera Man | ကျား(၁၀)ဦး |
| 3. | Graphic Designer | ကျား/မ(၁၀)ဦး |
| 4. | Video Editor | ကျား/မ(၅)ဦး |
| 5. | အရောင်းဝန်ထမ်း | ကျား/မ(၁၀)ဦး |
| 6. | စာရင်းကိုင် | မ(၁)ဦး |
| 7. | Cashier | မ(၂)ဦး |
| 8. | စတူဒီယို အကူ | ကျား/မ(၁၅)ဦး |
| 9. | စက်ချုပ်ကျွမ်းကျင် | မ(၅)ဦး |
| 10. | စီးကွင့် ထိုး | ကျား/မ(၅)ဦး |
| 11. | အဝတ်လျှော်+မီးပူတိုက်+သန့်ရှင်းရေး | မ(၃)ဦး |
| 12. | ကားပါကင်စောင့် | ကျား(၂)ဦး |
| 13. | ဆံပင်ညှပ်၊ကောက်၊ဖြောင့် ကျွမ်းကျင် | ကျား/မ(၅)ဦး |
| 14. | ခေါင်းလျှော် + ခြေသဲ၊ လက်သဲ ပန်းချီဆွဲ | ကျား/မ(၁၀)ဦး |
| 15. | Body Scrub + Foot Message | ကျား/မ(၁၀)ဦး |
| 16. | Beauty Spa အလုပ်သင်ဝန်ထမ်း | ကျား/မ(၁၀)ဦး |

Cv Form

သနိုးငွေနှင့်ခရီးသွား ၅ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
အလိုတော်ပြည့်ဆုတောင်းပွဲ၊ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ(၄)ရက်။
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း(၄)ရက်။ လွိုင်ကော်ပါ(၅)ရက်။
မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်(၄)ရက်။ အလောင်းတော်ကဿပပါ(၅)ရက်။
မန္တလေး၊ မဟာမြတ်မုနိ၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ သီးသန့်(၄)ရက်။
မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန်(၇)ရက်။
မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ (ကျိုက်ထီးရိုး) (၂/၃)ရက်။
ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မြှောက်ရစ်(၆)ရက်။
ဘားအံ၊ ဂူ(၅)ဂူ၊ ဇင်းကျိုက်ရေတံခွန်၊ ကွဲကပင်တောင်(၂)ရက်။
ဇလွန်၊ နေပြည်တော်၊ ပြည်၊ အကောက်တောင်၊ နဂါးရစ် (နေ့ချင်းပြန်-တနင်္ဂနွေ)
Dec 4,11,18,24
အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

Australian Ambassador
ချန်လုံး အလှပြင်သင်တန်းကျောင်း
တန်ဆောင်တိုင် အထူး Promotion
စတင်လက်ခံနေပါပြီ ။ သင်တန်းကြေး - 480000 Ks
Skin
Tatoo 3D
- သင်တန်းဖွင့်ရက် (10.12.2015)
- အချိန် - 9 Am to 3 Pm , 5 Pm to 7 Pm
- သင်တန်းကာလ (၅)လ
Facebook - Hair Chan Lone
www.chanlone.com
Phone - 09-401659049 , 09-33077733

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

နိုင်ငံရေး စီးပွားရေး နှင့်လူမှုရေး ရာမဂ္ဂဇင်း
ကတိဖျက်၊ ကတိပျက်ခဲ့ကြသူများ။
ဗိုလ်ချုပ်ကိုသိမ်းမိခဲ့သော ဂီတသုတေသီဆရာစိန်သွေးနှင့်တွေ့ဆုံခြင်း၊ ပြည်သူချစ်တဲ့ဖိုးနစ်ငှက်၊ ကျွန်မအစ်ကို ကိုဝင်းဦး၊ မြန်မာနိုင်ငံသစ်အတွက် စီးပွားရေးလမ်းကြောင်းများနှင့် ရှေ့အလားအလာများ၊ ဈေးကွက်စီးပွားရေးစနစ်နှင့် အိမ်၊ ခြံ၊ မြေ သိမ်းယူခြင်း၊ ဆွန်နီ-ရှီယာ ပဋိပက္ခနှင့် ပါရီဝိညာဉ်တို့၏ကျိန်စာ၊ ဖြားဖြား ဒါးဒါးနှင့်ရွေးကောက်ပွဲလွန် နိုင်ငံ့အလားအလာတို့နှင့်အတူ ၂၀၁၅ ရွေးကောက်ပွဲအပြီး စောင့်ကြည့်ရမည် ဖြစ်ပေါ်တိုးတက်မှု လေးရပ်
၀၉-၇၃၀၃၇၇၂၇၊ ၀၉-၅၀၇၉၆၇၈ ဒီဇင်ဘာလ အမှတ် ၂၀ ထွက်ပြီ

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား
လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
TMR ၀၀၁၅၂၀ (၀၅၁၃)
Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တာဆေးဌာန(တိုး)၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း ရန်ကုန်မြို့မှထုတ်လုပ်သည်။

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

သီပေါမင်းလက်ထက် စစ်ဘက်အမှုထမ်း၊ မြို့ဘက်အမှုထမ်းဟူ၍ သီးသန့်ထင်ရှားလာပြီး နေပြည်တော်ရှိ အမှုထမ်းစာရင်းကိုကြည့်လျှင် လွှတ်ရုံးငါးရပ်နှင့် အတွင်းအပြင်အမှုထမ်းများအပြင် ဗိုလ်စုများဟူ၍ စာရင်းသီးသန့်တွေ့ရသည်။ ထိုစာရင်းတွင် မြောက်ဒဝယ်ဗိုလ်ရနောင်မြို့စား၊ တောင်ဒဝယ်ဗိုလ်ကျောက်ဆောက်မြို့စား၊ မြောက်တစ်ရာ့ငါးဆယ် ဗိုလ်၊ တောင်တစ်ရာ့ငါးဆယ်ဗိုလ်၊ မြောက်မာရဘင်ဗိုလ်၊ ရွှေပြည်မှန်ကင်းဗိုလ်နှစ်ဦး၊ နတ်စုလက်ဝဲဗိုလ်နှစ်ဦး၊ နတ်စု လက်ယာဗိုလ်၊ ရွှေးလက်ဝဲဗိုလ်၊ ရွှေးလက်ယာဗိုလ်နှစ်ဦး။

လက်ဝဲကြောင်းဗိုလ်၊ လက်ယာကြောင်းဗိုလ်၊ တောင်မာရဘင်ဗိုလ်၊ ရွှေလှံဗိုလ်၊ နတ်ရှင်ရွှေးဗိုလ်နှစ်ဦး၊ ကင်းတားဗိုလ်၊ ရွှေပြည်ဗိုလ်၊ ဘုန်းတော်ပြည့်ဗိုလ်၊ လင်းဇင်းဗိုလ်၊ ဘုန်းတော်တိုးဗိုလ်နှစ်ဦး၊ တံခါးနီဗိုလ်(၁၅၈)ဗိုလ်၊ လက်ရွှေးကြီးလှေသင်းဗိုလ်၊ ရွှေးကြီးလှေသင်းဗိုလ်၊ ပြည်လုံးအုံ့လှေသင်းဗိုလ်၊ လက်သင်လှေသင်းဗိုလ်၊ ရဲဘက်၊ မြင်းတပ်ဗိုလ်၊ ရွှေပြည်ရန်အောင် အနောက်လက်မြင်းတပ်ဗိုလ်၊ ၎င်းအရှေ့လက်မြင်းတပ် ဗိုလ် (၃၄) တပ်၊ (၃၄)ဗိုလ် ခွဲခြားထားရှိကာ သီပေါမင်းလက်ထက် ဆင်တပ်၊ မြင်းတပ်၊ အမြောက်တပ်၊ ခြေလျင်တပ်ဖွဲ့စည်းထားရှိ၏။ စစ်သည်ပေါင်း (၂၄၆၉၆)၊ မြင်းပေါင်း (၄၈၃၉)၊ ဆင်ပေါင်း(၁၈၀)၊ အမြောက်(၇၀)၊ ခြေသည်တစ်တပ်လျှင် စိန်နှစ်လက်စီ၊ ငဆင်တင်စိန်အပါအဝင် (၆၈) လက်ဟူ၍ တွေ့ရရာ သီပေါမင်းလက်ထက် အမြဲတမ်းတပ်မတော်ဖြစ်၍ စစ်မက်အရေးကြုံကြိုက်လာသော အခါ၌မူကားတစ်နိုင်ငံလုံးယောကျ်ားမှန်သမျှ ရဲရင့်သန်မာဟူသရွေ့တို့မှာ လိုသလောက် လိုက်ပါထမ်းရွက်ရန်ဖြစ်၏။ မန္တလေးမြို့တည် မင်းတုန်းမင်းတရားကြီးသည် မန္တလေးမြို့တည်သည်နှင့် တစ်ချိန်တည်းမြို့လေးပြင်လေးရပ်တွင် ကျောင်းတိုက်များကို ပြကွက်ချ၍ ဆောက်လုပ်စေ၏။ မန္တလေးမြို့မတည်မီက အမရပူရမြို့တော်မြောက်ပြင်ရပ်ကွက်များ တည်ရှိသော ကျောင်းတိုက်အချို့လည်း မန္တလေးရွှေမြို့တော်နယ်အတွင်း ပါဝင်လာ၏။ အများအားဖြင့် အကွက်တည်ဆောက်သော ကျောင်းတိုက်ကများပြားသည်။ မန္တလေးခေတ်၌ စေတီပုထိုးနှင့်နှိုင်းယှဉ်လျှင် ကျောင်းတိုက်များက ပိုများသည်။ ဤသည်မှာ ပရိယတ္တိသာသနာတော်ကို ထွန်းကားစေသော အချက်ဖြစ်သည်။

မင်းတုန်းမင်းတရားသည် သာသနာတော် အခြေခံရာဖြစ်သော ကျောင်းတိုက်တော်များကို များများတည်စေပြီး ကိုယ်တော်တိုင်သာမဟုတ် မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်၊ မျူးတော်၊ မတ်တော်များကိုပါ တိုက်တွန်းအားပေးတော်မူ၍ ကျောင်းတိုက်များတည်ထောင်ပြုစုစေသည်။ မင်းတုန်းမင်းကြီးသည် ဘုရားတည်သည်ထက် ကျောင်း ဆောက်ကိုးကွယ်လှူဒါန်းမှုက ပိုမိုများပြားသည်။

လေးပြင်လေးရပ် ကျောင်းတိုက်များ တည်ထောင်ရာ၌ အရှေ့ပြင်တွင် ကျောင်းတိုက်တော်တော်များများ တည်ရှိနေသည်ကို တွေ့နိုင်သည်။ အရှေ့ပြင်တွင် မြေမြို့ရိုးကြီးအပြင်မှ ရတနာနဒီ၏ အပြင်ဘက်တွင် ဥယျာဉ်တော် (၂၀)ကိုလည်းကောင်း၊ အတွင်းဘက်တွင် ကျောင်းတိုက်ကြီးများကိုလည်းကောင်း အစီအရီအကွက်ချ၍ တည်ဆောက်ခြင်းဖြစ်သည်။ ကုသိုလ်တော်ဘုရား အရှေ့ဘက်မှ တောင်သို့ လှမ်းမျှော်ကြည့်လျှင် ၃၅လမ်းအထိ ၆၂လမ်းတစ်လျှောက် ကျောင်းတိုက်ပေါင်း (၁၈)တိုက်မှာ တန်းစီလျက် တွေ့ရမည်ဖြစ်သည်။ ကျောင်းတိုက်ကြီးများသည် ပြင်ပမဟာရံတံတိုင်းကြီးများဖြင့် တစ်မျှော်တစ်ခေါ်တွေ့ရသည်။

ကျောင်းတိုက်အထင်ကရများသည် မန္တလေးတောင်ခြေမှ အစပျိုး၍ ခက်မတွေဖြာထွက်သွားသည်။ အများသိရှိကြသောအတုမရှိကျောင်းတော်(မဟာအတုလဝေယန်)ကျောင်းတိုက်အမည် မဟာအတုလဝိဇယာရာမတိုက်အား မင်းတုန်းမင်း၏ ကုသိုလ်အဖြစ်သိရှိကြပြီးဖြစ်၏။ မဟာရံတံတိုင်းနှစ်ထပ်ဖြင့် စတုရန်းလေးပြရှိကျောင်းတိုက်ကြီးဖြစ် ၏။ ယနေ့ခေတ်တွင် ရှေးမူမပျက်ပြန်လည်တည်ဆောက်ပြီးဖြစ်၏။

အရှေ့ဘက်တွင် မင်းတုန်းမင်းကြီး၏ ရွှေနန်းတော်အဆောင်ကို မင်းတုန်းမင်းနတ်ရွာစံပြီးနောက် သားတော်သီပေါမင်းက ရွှေ့ပြောင်းဆောက်လုပ်ထား၏။ရွှေနန်းတော်ကျောင်းဟူ၍ လူသိများသည်။ အတွင်းအပြင်အမွှမ်းအပြောက်တို့ဖြင့် မြန်မာ့အနုပညာကို ပြသနေသောမြန်မာ့ကျောင်းကြီး တစ်ဆောင်အဖြစ် ဂုဏ်ယူဝင့်ကြွားဖွယ်ရာဖြစ်သည်။

အတုမရှိနှင့် အရှေ့အနောက် အကွက်တူပန္နက်ချထားသော မှန်ကျောင်းတော်ကြီးအား အရန်ကျောင်းတော် ရှစ်ရပ် တံတိုင်း၊ မီးတား၊ တံခါး၊ မုခ်၊ ပြာသာဒ်၊ အုတ်သမံတလင်းတို့ဖြင့် ငွေတော်နှစ်သန်းကျော် ကုန်ကျခံဆောက်လုပ်ခဲ့သော မဟာစံလွတ်ဝေယံမှန်ကျောင်းတော်အဖြစ်ထင်ရှားသည်။ ကျောင်းတိုက်အမည်ကား မဟာဝိဇယာရာမတိုက်ဖြစ်သည်။ မှန်ကျောင်းတော်မှ တောင်သို့ဆက်သွားလျှင် စိန်တုံး၊ မတ္တရာ၊ သက်ပန်း၊ မောင်းထောင်၊ ခင်မကန်၊ ရွှေကူ၊ တကောင်း၊ အင်းခန်း၊ စလင်း၊ မာရ်အောင်၊ ဆင်တဲ၊ လယ်ကိုင်း၊ မက္ခရာ၊ ငါးစို့၊ စည်ပုတ္တရာ၊ စဟာဝိဇိတာရာမစလင်းတိုက်သစ်များ တွေ့ရမည်ဖြစ်သည်။

အထူးသဖြင့် နန်းတော်ရှေ့၏ အထင်ကရကျောင်းတိုက်ကြီးတစ်ခုမှာ ရွှေနန်းတော်နှင့် အနီးဆုံးနေရာတွင် တည်ရှိ၏။ အရှေ့ဦးထိပ်တံခါးမှထွက်လျှင် အရှေ့ကျုံးထိပ်၌ သာသနာပိုင်ဆရာတော်အား ကျောင်း ဆောက်လှူဒါန်းသော မဟာဝိသုတာရာမတိုက်တော်ကို တွေ့ရမည်ဖြစ်သည်။ မဟာတုလွှတ်ဘုံစံကျောင်းတော်ကြီးသည် မန္တလေးခေတ်၌ နေလိုလလို ထွန်းတောက်ကျော်ကြားခဲ့သော သာသနာပိုင်သီတင်းသုံးရာ မင်းတုန်းမင်း၏ ကောင်းမှုကျောင်းတော်ကြီးဖြစ်၏။

မြောက်ပြင်ကျောင်းတိုက်များမှာ ဤတိုက်တော်ကို မဏ္ဍိုင်ပြုကာ ပတ်ပတ်လည်၌ ဆောက်လုပ်စေခဲ့သည်။ မန္တလေးတောင်၏ အရှေ့မြောက်ထောင့်တွင် ဝေဠုဝန်တိုက်၊ မြတောင်တိုက်၊ ၎င်း၏အနောက်ဘက်တွင် ရွှေကျင်သာသနာပိုင်သီတင်းသုံးရာ ရွှေကျင်တိုက်မကြီးအပါအဝင် ရွှေကျင်ငါးတိုက် တည်ရှိနေသည်ကို တွေ့ရ မည်။

မန္တလေးတောင် အနောက်ဘက်တွင် မဟာခေမိကာရာမ သစ်ဆိမ့်တိုက်၊ တောင်သို့လိုက်လာလျှင် မြောက်ပြင်စလင်းတိုက်၊ အရှေ့ဘက် မဏ္ဍလာရာမပြည်တိုက်၊ ကျုံးမြောက်ဘက် ကျောက်တော်ကြီးအနောက်မုခ်၌ မဟာဇောတိကာရာမ ရတနာဘုံစံ စံကျောင်းတိုက်၊ ကုသိုလ်တော်ဘုရား၏ မြောက်ဘက်တွင် သောဘိတာရာမ ဒီပဲယင်းတိုက်၊ စိတ္တရာရာမ ဂုံညင်းဆိပ်တိုက်၊ မန္တလေးတောင်၏ အနောက်ဘက် ဥပုသ်တော်ရပ်တွင် ယောမင်းကြီးကျောင်းတိုက်၊ အိမ်ရှေ့မင်းကောင်းမှုမှန်ကင်းတိုက်တို့ရှိသည်။ မန္တလေးတောင်ခြေမှ ကျောင်းတိုက်အချို့ မီးလောင်သွားပြီးနောက် အချို့ကျောင်းတိုက်များ အနောက်ပြင်ရွှေ့ပြောင်းခဲ့သည်များရှိသည်။ အနောက်ပြင်တွင် ရွှေတချောင်းမြောင်းကိုအခြေပြု၍ အနောက်ဘက်တစ်လျှောက် ကျောင်းတိုက်ကြီးများ မြောက်မှတောင်သို့ တန်းစီလျက်တွေ့ရသည်။ မဟာစိတြာရာမတိုက်၊ သောဘိတာရာမ ဒီပဲရင်းတိုက်တို့မှာ အင်္ဂလိပ်လက်ထက် မန္တလေးတောင်ခြေကုသိုလ်တော်ဘုရားမြောက်ဘက်မှ ရွှေ့ပြောင်းပေးခဲ့ရသည်။

ညောင်ကွဲရပ်တွင် ဂူကြီးတိုက်၊ မန္တလာရာမရွှေပြည်တိုက်၊ ပြည်ကြီးရန်လုံရပ်တွင် ငါးကျမ်းတိုက်၊ နေထွက် ဂူတိုက်၊ လက်ာရာမတိုက်၊ ကုသိုလ်တော်တိုက်၊ အောင်မြေသာစံရပ်ကွက်ထဲတွင် အက္ကပတ်မြို့ဝန်မင်းတိုက် (မဟာဒီပဲရင်း)၊ ရွှေလှံတိုက်၊ ရွှေပြည်တိုက်၊ ခေမာသီဝံတိုက်၊ မိုးဗြဲတိုက်၊ အနောက်တိုက်တော်တိုက်၊ အာလ ကပ္ပတိုက်၊ ရတနာမဥ္ဇူဘုရားမြောက်ဘက်၌ ဒုတ်လှမ်းတိုက်နှင့် ၎င်းမှတောင် လက်နက်ဝန်မင်းတိုက်၊ သာသနာလင်္ကာရတိုက်၊ မြို့သာဝန်မင်းတိုက်နှင့် မကုဋာရာမတိုက် (ရတနာဒေဝီမိဖုရားခေါင်ကြီးက နိဿရည်းဆရာ တော်အားတင်လှူ၏)၊ လုံးတော်တိုက်၊ ကံသစ်တိုက်၊ လယ်ပြင်တိုက်၊ ကုန်သည်တော်တိုက်၊ ပင်လယ်တိုက်၊ ငါးဆူ တိုက်၊ စက်ဝန်မင်းကျောင်းတိုက်၊ ဘင်္ဂါလီတိုက်၊ မြောက်ကြံခင်းရပ်၌ မဟာသန္တာရုံကျောင်းတိုက်များ ထပ်တိုးလာ သည်။ အောင်မြေသာစံမြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်းတိုက်ပေါင်း (၁၂၇)တိုက်၊ ကျောင်းပေါင်း (၃၅၃)ကျောင်း မျှ တိုးတက်စည်ကားလာသည်။ ၁၉၉၉ခုနှစ်တွင် ဝါဆိုသံဃာ(ရဟန်း)(၂၇၅၁)ပါး၊ ဝါဆိုသာမဏေ(၂၈၂၂)ပါး စုစုပေါင်း (၅၉၈၁)ပါးရှိသည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

**ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)**

**Construction and Housing Development Bank (Public Company Limited)**

**ဒုတိယအကြိမ်နှစ်ပတ်လည်အထွေထွေအစည်းအဝေး(2nd Annual General Meeting)**

**ကျင်းပရန်ကြေညာခြင်း**

၁။ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)၏ ဒုတိယအကြိမ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ၁၉-၁၂-၂၀၁၅ ရက် (စနေနေ့) နံနက်(၁၀း၀၀)နာရီ အချိန်တွင် ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်း Rose Garden Hotel ,Meeting Room(B)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အစုရှယ်ယာရှင်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အစုရှယ်ယာ လွှဲပြောင်းမှတ်ပုံတင်ခြင်းကိစ္စများကို ၆-၁၂-၂၀၁၅ ရက်နေ့မှစ၍ ၁၈-၁၂-၂၀၁၅ ရက်အထိ ခေတ္တပိတ်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့လည်း ဖိတ်စာများ ပေးပို့မည်ဖြစ်ပါသည်။အစည်းအဝေးနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များ ရှိပါက ဖုန်းနံပါတ် ၊ ၀၁-၃၇၁၈၄၂၊ ၀၁-၃၇၁၈၇၄နှင့် ၀၉-၇၃၁၇၃၉၃၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်**
**အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

# နှစ်ပေါင်း ၁၅၀ ကျော်က ရှေးဟောင်းသစ်သားခုတင်ယနေ့တိုင်အသုံးပြု



**မိတ္ထီလာ ဒီဇင်ဘာ ၃**

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် သက္ကယ်ကျင်းကျေးရွာအုပ်စု သရက္ကန်(မ)ကျေးရွာတွင် နေထိုင်သည့် မိသားစုတစ်စုတွင်ဘိုးဘွားစဉ်ဆက်အသုံးပြုလာခဲ့သည့် နှစ်ပေါင်း ၁၅၀ ကျော်က ရှေးဟောင်း သစ်သားခုတင်ကို ယနေ့တိုင်အသုံးပြုလျက်ရှိကြောင်း သိရသည်။

"မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ်လောက်ကတည်းက ဘိုးဘွားတွေနေထိုင်တဲ့ တိုက်ကြီးကို ဆောက်ပြီးတော့ ဒီသစ်သားခုတင်ကိုလည်း ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သစ်သားခုတင် ခေါင်းရင်းပိုင်းမှာတော့ ပန်ခက်ပန်းလက်တွေနဲ့ အမွန်းအပြောက်တွေကို လက်ရာမြောက်စွာ ထွင်းထုထားပါတယ်။ သစ်သားကောင်းပြီး လက်ရာကလည်း သေသပ်ကောင်းမွန်တာမို့ ဒီနေ့အထိ ခုတင်တစ်ခုလုံး ခိုင်ခံ့ကောင်းမွန်နေတာပါ။

အိမ်က အိမ်သားတွေတော့မအိပ်တော့ဘဲ ဧည့်သည်တွေလာမှသာ ၎င်းခုတင်ကို အသုံးပြု အိပ်စေတာဖြစ်ပါတယ်" ဟု ဘိုးဘွားစဉ်ဆက် အသုံးပြုခဲ့သည့် နှစ်ပေါင်း ၁၅၀ ကျော်သက်တမ်းရှိသည့် ရှေးဟောင်းသစ်သားခုတင်ပိုင်ရှင် ဦးဇော်မြင့်ဦးက ပြောသည်။

၎င်း ရှေးဟောင်းသစ်သားကုတင်၏ အကျယ်မှာ ၁၁ ပေခန့် ကျယ်၍ အရှည် ၆ ပေခွဲခန့်ရှိကာ လူနှစ်ဦး ကောင်းစွာ အိပ်နိုင်ကာ ခုတင်တွင် ခြင်ထောင်ထောင်ရန်အတွက် အမိုးအကိုင်းတိုင်လေးခုကိုလည်း ပွတ်လုံးချောများဖြင့် ခိုင်ခန့်သေသပ်စွာ ပြုလုပ်ထားပြီး ၎င်းပွတ်လုံးချောတိုင်များကို သံရိုက်ပြုလုပ်ခြင်းမရှိဘဲ အံ့ဝင်ခွင်ကျရက်ဖောက်ပြုလုပ်ထားခြင်းဖြစ်သည်။

ရှေးဟောင်း သစ်သားခုတင်ဖြစ်ခြင်းကြောင့် လာရောက်ဝယ်ယူသူများရှိသော်လည်း ဘိုးဘွားအစဉ်အဆက်အမွေအနှစ်တစ်ခုဖြစ်သောကြောင့် ရောင်းချခြင်းမရှိဘဲ အသုံးပြု ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# တာလေမြို့၌ စေတနာရှင် ကျောင်းဆရာမအား သင်ထောက်ကူပစ္စည်းပေးအပ်

**တာလေ ဒီဇင်ဘာ ၃**

ကလေးသူငယ်များ၏ အနာဂတ်ပညာရေး အကျိုးမျှော်မှန်း၍ ကိုယ့်အားကိုယ်ကိုးကျောင်းအတွက် သင်ကြားရန် ခေါ်ယူခန့်အပ်ထားသော စေတနာရှင်ကျောင်းဆရာမအား ပညာသင်ထောက်ပံ့ကြေးနှင့် ဝန်ထမ်းအိမ်ရာအတွက် သွပ်၊ ဆိုလာပြား၊ ဘက်ထရီအစုံနှင့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက တာလေမြို့နယ် နားယောင်းကျေးရွာအုပ်စု မိုက်ဟွန်းဆံခါ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းခွဲ၌ ကျင်းပခဲ့သည်။

ထို့နောက် အလှူရှင် ဦးစိုင်းနန္ဒကျော်စွာအောင်က ကိုယ့်အားကိုယ်ကိုးကျောင်း၌ ပညာသင်ကြားရေးတွင် အထောက်အကူပြုရန် ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိဆိုလာပြားနှင့်ဘက်ထရီအစုံအားလည်းကောင်း၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရာတွင် အသုံးပြုရန်အတွက် ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ သွပ်အချပ် ၁၀၀အားလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ခေါ်ယူခန့်အပ်ကာ သင်ကြားပေးလျက်ရှိသော စေတနာရှင် ကျောင်းဆရာမအား တစ်လအတွက်ငွေကျပ် ၁၃၀၀၀၀ အားလည်းကောင်းပေးအပ်ခဲ့သည်။

ယင်းအပြင်ဒေသခံကျောင်းဖြစ်မြောက်ရေးအဖွဲ့ သူကြီး ဦးလော်ဂျွဲက စေတနာရှင် ကျောင်းဆရာမအား တစ်နှစ်စာအတွက် ဆန်နှင့် ဆီများကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးသန်းစိုးက ဗလာစာအုပ် ငါးဒါဇင်အားလည်းကောင်း၊ တာချီလိတ် မြတ်မေတ္တာဘော်ဒါမှ ဆရာမဒေါ်အိန်ဂျလာရွှေက သင်ထောက်ကူပစ္စည်းများအားလည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြသည်။

အခမ်းအနားသို့ တာလေမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုင်းကွမ်ခေး၊ တာလေ အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးသန်းစိုးနှင့် ပညာရေးဝန်ထမ်းများ၊ နားယောင်းအုပ်ချုပ်ရေးမှူး ဦးစောလှမွန်၊ ကျောင်းဆောင်သစ်နှင့် ပညာသင်ထောက်ပံ့ကြေးအလှူရှင် ဦးစိုင်းနန္ဒကျော်စွာအောင်၊ ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဝင်များ၊ ကျေးရွာဆယ်အိမ်မှူးများနှင့် နားယောင်းကျေးရွာအုပ်စုရှိ ဒေသခံများ တက်ရောက်ခဲ့ကြသည်။ **၁၁၁**

# Minibook Corner များတွင် စာအုပ်သစ်များလဲလှယ်

**ကော့သောင်း ဒီဇင်ဘာ ၃**

ပြန်/ဆက် ဦးစီးဌာနမှ နိုင်ငံနှင့်အဝှမ်း စာဖတ်ရှိန်မြင့်တက်လာရေး၊ စာဖတ်ခြင်း အလေ့အထ ရှင်သန်လာစေရေး၊ လုပ်ငန်းခွင်မပျက်စာပေဖတ်ရှုလေ့လာနိုင်ရေး၊ အသိပညာဗဟုသုတကြွယ်ဝလာစေရေးရည်ရွယ်၍ Minibook Corner ဖွင့်လှစ်ခဲ့ပြီး ဗဟုသုတဖြစ်ဖွယ် ဘာသာရပ်အလိုက် စာစဉ်များထားရှိပေးခဲ့သည်။

ထို Minibook Corner များမှ ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်အတွင်း ခင်းကျင်းထားရှိသည့် Mini bookconer များတွင် အတွဲ-၃၊ အမှတ်-၁၀ စာအုပ်စာစဉ်များ အသစ်လှဲလှယ်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက ကော့သောင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အသစ်လဲလှယ်ပေးသည့် စာစဉ်များတွင်ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ အားကစား၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အတ္ထုပ္ပတ္တိ၊ ပြည်သူ့နီတိ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးစသည့် ဘာသာရပ် အလိုက်စာစဉ်များကို ပြည်သူများ လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်စေရန် အသစ်လဲလှယ်ခဲ့သည်။**ကျော်စိုး (ကော့သောင်း ပြန်/ဆက်)**

# ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအကြောင်းဆွေးနွေး

**သာပေါင်း ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်ကျန်းမာရေးဦးစီးဌာနတွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပိုလီယိုကာကွယ်ဆေးထိုးဆေးအသစ် စတင်ထည့်သွင်း ထိုးနှံခြင်းလုပ်ငန်း အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမတွင်ကျင်းပခဲ့သည်။

အခမ်းအနားတွင်မြို့နယ်ဆေးရုံအုပ်ကြီးဒေါက်တာမြင့်သိန်းဦးက ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသစ်ထပ်မံထည့်သွင်းမည့် ပိုလီယိုရောဂါကာကွယ်ဆေးထိုးဆေးနှင့်ပတ်သက်၍ ပညာပေးဟောပြောခဲ့သည်။

ယင်းဆေးထိုးနှံခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၆ ရက်မှစတင်ပြီး မြို့နယ်အခြေခံကျန်းမာရေးဝန်ထမ်းများမှမြို့ပေါ်ရပ်ကွက်ကျေးရွာများ သို့ကွင်းဆင်း၍ထိုးနှံပေးမည်ဖြစ်သည်။ **မျိုးဇော်ဦး(သာပေါင်း)**


## မြတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနားဖိတ်ကြားခြင်း

၁။ ပုသိမ်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ယခင်ဟိုက်စကူးကျောင်း)၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲ အခမ်းအနားကို ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၇ရက်(တနင်္ဂနွေနေ့)၌ ကျောင်းတည်ရှိရာ ပုသိမ်မြို့ အထက(၁)ရတနာတန်ဆောင်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပုသိမ်မြို့သို့ အောက်ပါ အစီအစဉ်အတိုင်း သွားရောက်မည်ဖြစ်ပါသည်-

(က)ရန်ကုန်မှထွက်ခွာမည့်နေ့ရက်-၂၆-၁၂-၂၀၁၅ရက်(စနေနေ့)

(ခ)ထွက်ခွာမည့်အချိန် -နံနက် ၈း၀၀နာရီ(နံနက် ၇း၃၀နာရီအရောက် လာပေးပါရန်)

(ဂ)ထွက်ခွာမည့်စုရပ်နေရာ -M3 Food Centre၊ ဗဟန်းမြို့နယ်၊ (ပိတောက်ခန်းမ)

၂။ သို့ဖြစ်ပါ၍ ပုသိမ်မြို့သို့လိုက်ပါမည့်အကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ၁၅-၁၂-၂၀၁၅ရက် နောက်ဆုံးထားပြီး ဆက်သွယ်ပေးနိုင်ပါရန် မေတ္တာရပ်ခံနှိုးဆော်အပ်ပါသည်။

ဦးမောင်မောင်အေး ၀၉-၄၂၀၇၈၃၁၉၂ ဒေါ်စန်းစန်းငွေ ၀၉-၂၅၄၃၈၁၈၆၆ ဗိုလ်ကြီးစောလင်း(ငြိမ်း) ၀၉-၄၉၄၄၅၄၆၅
ဦးမောင်ကြိုင် ၀၉-၅၁၆၉၁၃၅ ဗိုလ်မှူးငွေးဝင်း(ငြိမ်း) ၀၉-၅၂၀၁၃၄၁ ဦးအောင်ကျော်မိုး ၀၉-၅၀၅၀၇၁၇
ဦးအုံးကျော် ၀၉-၅၁၃၁၂၂၁ ဒေါ်ခင်အုန်း ၀၉-၄၃၁၉၀၂၄၂ ဒေါ်စန္ဒာရင် ၀၉-၇၉၇၉၈၈၉၉၇ ဦးမြသန်း ၀၉-၅၀၈၀၅၂၈ ဒေါ်သီတာဝင်း ၀၉-၂၆၁၁၀၁၁၆၉ ဒေါ်ပြုံးပြုံးခင် ၀၉-၄၂၁၁၃၇၈၅၃

**ကျင်းပရေးဦးစီးကော်မတီ**



## ပညာရေးဝန်ကြီးဌာန
### အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
### National Management College (NMC)
## FINANCIAL SERVICES နှင့် BUSINESS MANAGEMENT
### အမှတ်စဉ် (၁၁) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Myanmar University တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ Certificate သင်တန်းအမှတ်စဉ် (၁၁)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Certificate in Financial Services (CFS)

(ခ) Certificate in Business Management (CBM)

၁။ တက္ကသိုလ်ဝင်တန်း **အောင်မြင်** ပြီးသူများနှင့် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူများလျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် ဘဏ်များ၊ ကုမ္ပဏီများမှဝန်ထမ်းများ သီးခြားအတန်းခွဲများတွင် တက်ရောက်ရပါမည်။

၂။ သင်တန်းကာလ (၆)လကြာမြင့်ပြီး ၂၀၁၅ခုနှစ် ဒီဇင်ဘာလ(၁၉)ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

၃။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် **Diploma, Advanced Diploma** သင်တန်းများမှတစ်ဆင့် The Open University of Hong Kong နှင့် ချိတ်ဆက်ထားသော **Bachelor of Business Administration/ Finance and Banking (BBA)** ဘွဲ့ နောက်ဆုံးနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ **BBA** ဘွဲ့ရရှိရန် သင်တန်းကာလ စုစုပေါင်း (၃)နှစ် (၆)လ ကြာမြင့်ပါမည်။

၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) နှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း နှင့် မိတ္တူ) နှစ်စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

**(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)**

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲရမှတ် (၄၀၀)မှတ်နှင့်အထက် ရရှိသူများအတွက် **BBA** ဘွဲ့အထိ ပညာသင်ဆု လျှောက်ထားနိုင်သည်။

အသေးစိတ်သိရှိလိုပါက- အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ **STI Myanmar University**
ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း - ၀၉၄၂၀၃၃၁၇၃၀၊ ၀၉၄၂၀၁၈၃၁၅၅၊ ၃၇၇၉၈၈၊ ၅၀၇၁၅၁/၅၂၊ ၀၉၄၂၀၂၅၄၈၇၂



မှခင်းအန္တရာယ်
ကြိုတင်ကာကွယ်နိုင်ကြပြီး
မှုခင်းအသိပညာရရှိစေဖို့
**မှုခင်း** ရှုထောင့်ဂျာနယ် ဖတ်ကြစို့
အမှတ်စဉ်(J/38)ယနေ့ထွက်ပြီ
Ph-01-397164, 01-9000017

★အရက်မူးအချင်းများကြရာမှ လူသတ်မှုဖြစ် ★လင်မယားနှစ်ဦးအရက်မူးစကားများခဲ့ကြပြီး အိပ်ပျော်သွားခဲ့ရာမှ နံနက်မှာ မယားအလောင်းကိုသာ တွေ့လိုက်ရတဲ့ဖြစ်ရပ် ★ဇနီးရဲ့လည်ပင်းကို တီရှပ်နဲ့ညှစ်သတ်ပြီး ရဲစခန်းမှာ လာအဖမ်းခံတဲ့ယောကျာ်းရဲ့ဖြစ်ရပ် ★ဆိုင်ကယ်ကယ်ရီသမားကိုသတ်ပြီး ဆိုင်ကယ်လုယက်ထွက်ပြေး ★သားအလောင်းထင်မှတ်ပြီး သင်္ဂြိုဟ်ခဲ့ပြီး ဆွမ်းကပ်တဲ့နေ့မှာ သားအစစ်ကပြန်ရောက်လာတဲ့ဖြစ်ရပ် ★လင်မယားနှစ်ဦးကို ဆိုင်ကယ်သမားလေးဦးက လုယက် ★ကိုယ်ဝန်သည်ကို အဓမ္မပြုကျင့်ခဲ့တဲ့ အိမ်နီးချင်းလူရဲ့လုပ်ရပ် ★ရွာအုပ်ချုပ်ရေးမှူးနဲ့အဖွဲ့က ရိုက်နှက်ပါတယ်လို့ အမှုဖွင့်တဲ့ဖြစ်ရပ် ★မူးယစ်ဆေးကြောင်တဲ့သားက မိခင်အရင်းကို ဓားနဲ့ခုတ်သတ်တဲ့ဖြစ်ရပ် ★နှစ်လောင်းပြိုင်သတ်ပြီး ထွက်ပြေးနေသူ ကြိုးဆွဲချသေကြောင်းကြံသွားတဲ့ဖြစ်ရပ် ★အရက်မူးနေတဲ့ မယားညီအစ်ကို ချင်းလူသတ်မှုဖြစ် ★သောက်ဖော်သောက်ဖက်အချင်းချင်း လူသတ်မှုဖြစ်ပွား ★သူခိုးကြီးညမှာ ဖြစ်ပွားခဲ့တဲ့လူသတ်မှု ★ကျောင်းသူလေးကို လှည့်ဖြားပေါင်းသင်းသူအရေးယူခံရ စတဲ့သတင်းများနဲ့အတူ ............ကဏ္ဍစုံလင်စွာ ဖတ်ရှုရမည်။

# ဘောဂလိမြို့၌ ပတ်ဝန်းကျင်ကျေးရွာများမီးရရှိရေးနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများဆောင်ရွက်

**ဘောဂလိ ဒီဇင်ဘာ ၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ မီးရရှိရေးနှင့် ကျောက်ပုံကျေးရွာလမ်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်နေကြောင်း သိရသည်။

ဘောဂလိမြို့အား ၂၀၀၈ ခုနှစ် မြို့နယ်ခွဲအဖြစ် သတ်မှတ်ပြီး ၂၀၀၉ ခုနှစ်မှစတင်ကာ ၁၀၀ ကေဗွီအေ ဒီဇယ်မီးစက်ကြီးဖြင့် တစ်ညလျှင်နှစ်နာရီ မီးအလင်းရောင်ကိုသာ ရရှိခဲ့ရာမှ ယခုအခါ နိုင်ငံတော်က မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများအား ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် တောင်ငူ၊ သံတောင်ကြီး ၃၃ ကေဗွီဓာတ်အားလိုင်းမှ ၃၈ မိုင်အကွာအဝေးရှိသည့် ဘောဂလိမြို့သို့ ဓာတ်အားလိုင်းများ ဆောင်ရွက်မည်ဖြစ်ရာ ၃၃/၁၁ကေဗွီ ၅ ကေဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ ဘောဂလိမြို့တွင် တည်ဆောက်ပြီးစီးပြီး ၁၁/သုည ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံရှစ်ရုံ ဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများဖြင့် မြို့ပေါ်နှင့် ပတ်ဝန်းကျင် ကျေးရွာများသို့ လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်နေကြောင်း သိရသည်။

အလားတူ ဘောဂလိမြို့နှင့် ကျောက်ပုံကျေးရွာဆက်သွယ်ထားသောလမ်းတွင် ၂ ဖာလုံ လမ်းအပိုင်းအား ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းအား ဒေါနငြိမ်းချမ်းရေးကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်ခြင်းဖြစ်ပြီး ကျောက်များစုဆောင်းခြင်းနှင့် စတင်ခင်းကျင်းခြင်းလုပ်ငန်းများကို နိုဝင်ဘာနောက်ဆုံးအပတ်က ဆောင်ရွက်နေပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပြီးစီးသွားပါက ကျောက်ပုံကျေးရွာ၊ ဘောဂလိလေးကျေးရွာ၊ ရေသိုးလေးကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများ ဘောဂလိမြို့သို့ အထက်တန်းအဆင့် သွားရောက်ပညာသင်ကြားရာတွင်လည်းကောင်း၊ ခြံထွက်သီးနှံများ ရောင်းချရာတွင်လည်းကောင်း လွယ်ကူလာမည်ဖြစ်သည်။

**စိုင်းခင်(ပြန်/ဆက်)**



# ပွင့်လင်းရာသီရောက်လာသဖြင့် သထုံတွင် ဆိုင်ကယ်ရောင်းအားများတက်လာ

**သထုံ ဒီဇင်ဘာ ၃**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပွဲလမ်းသဘင်များပေါများသည့် ပွင့်လင်းရာသီရောက်လာသဖြင့် မော်တော်ဆိုင်ကယ်အရောင်းဆိုင်များ ရောင်းအားပိုမိုတက်လာကြောင်း သထုံရှိ ဆိုင်ကယ်အရောင်းဆိုင်အချို့ကပြောသည်။

"ရောင်းအားက အရင်လတွေထက် စာရင်တက်လာတယ် ပွင့်လင်းရာသီရောက်လာတော့ လူတွေလည်း အလုပ်အကိုင် အဆင်ပြေလာတယ်ထင်တယ်။ နောက်ပြီး ပွဲလမ်းတွေကလည်း များလာတော့ သွားရေးလာရေးအတွက် မော်တော်ဆိုင်ကယ်က မရှိမဖြစ်လိုလာတယ်။ ခါတိုင်းလတွေဆို တစ်လကို အစီးရေ ၇၀ လောက်ရောင်း ရတယ်။ သီတင်းကျွတ်ပြီးကတည်းက အစီး ၉၀ နဲ့ ၁၀၀ ကြားလောက် တက်လာတယ်"ဟု ကောင်းကောင်း မော်တော်ဆိုင်ကယ်အရောင်းဆိုင်မှ ကိုမိုးကပြောသည်။

"ဆိုင်ကယ်လေးနဲ့ဆိုတော့ သွားရလာရတာ အဆင်ပြေတယ် အရေးအကြောင်းဆို ဆိုင်ကယ်က အသုံးဝင်တယ်။ ရွာဘက်ကနေ သထုံကိုလာမယ်ဆိုရင် ဆိုင်ကယ်က မရှိမဖြစ်ဘဲ။ လိုင်းကားတွေကမရှိတော့ ကိုယ်သွားချင်တဲ့အချိန် ထသွားထလာဖို့ လိုတယ်လေ။ ဒီနှစ်အလုပ်လေးလည်း နည်းနည်းအဆင်ပြေတော့ အိမ်က ကလေးတွေအတွက် လာဝယ်ပေးတာ" ဟု ညောင်ချောင်းကျေးရွာနေ ဦးဝင်းဇော်က ပြောသည်။

သထုံတွင် ယိုဒယားထုတ်နှင့် ဗီယက်နမ်ထုတ် မော်တော်ဆိုင်ကယ်များကို လူကြိုက်များပြီး ဆိုင်ကယ်အရောင်းဈေးနှုန်းများမှာ ယိုးဒယားထုတ် Click 125 မှာ ကျပ် ၂၂၀၀၀၀၀၊ Wave I 125 မှာ ကျပ် ၂၁၃၀၀၀၀၊ Wave I 110 17 မှာကျပ် ၁၇၇၀၀၀၀၊ PCX 150 မှာ ကျပ်၃၃၀၀၀၀၀၊ CBR 150 မှာ ကျပ် ၃၃၀၀၀၀၀ နှင့် ဗီယက်နမ်ထုတ် Wave Alpha 100 မှာ ကျပ် ၁၂၆၀၀၀၀၊ Blade 110 မှာကျပ် ၁၃၅၀၀၀၀၊ RSX 110 မှာ ကျပ် ၁၃၇၀၀၀၀၊ Future 125 မှာ ကျပ် ၁၉၀၀၀၀၀ဖြင့် ရောင်းချလျက်ရှိသည်။

အဆိုပါဆိုင်ကယ်များကို မြဝတီမြို့မှတစ်ဆင့် အခွန်ဆောင်၍မှာယူ တင်သွင်းကာ ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း ဆိုင်ကယ်အရောင်းဆိုင်များမှ သိရသည်။

**သက်ဦး(သထုံ)**

# ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းဆိုင်ရာအစည်းအဝေးကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်တောင်ကြီးမြို့တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာလုပ်ငန်းအစည်းအဝေးကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီကသစ်တောဦးစီးဌာန ရတနာသစ်ခန်းမ၌ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ သစ်တောနှင့် သတ္တုဝန်ကြီးဦးစိုင်းအိုက်ပေါင်းက နိုင်ငံတော် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအရ ပြည်သူဗဟိုပြု တိုးတက်မှုဖော်ဆောင်ရာမှာ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုစေရန်နှင့် မြေမဲ့ယာမဲ့ပြည်သူတို့အတွက် သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်ကာလအတိုင်းအတာ တစ်ခုအထိ အခြေချနေထိုင်ခဲ့တဲ့ ရွာစု၊အိမ်ထောင်စုများအား ကျေးရွာသစ်များ ပြန်လည်ဖွဲ့စည်းနေရာချထားရန် အဆင့်အလိုက်စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းက ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ အခက်အခဲများ၊ အကြံပြုချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းခဲ့သည်။

သစ်တောဦးစီးဌာန တောင်ကြီးခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေမောင်ကဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည်များကို ရှင်းလင်းတင်ပြခဲ့သည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်မှုအတွက် လက်မှတ်များပေးအပ်ရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက ဦးငြိမ်းချမ်းဦးကလောမြို့ သာမိုင်းခမ်းကျေးရွာဥက္ကဋ္ဌအား ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ် ပေးအပ်ခဲ့သည်။

အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်က ညောင်ရွှေ ကင်းတဲကျေးရွာဥက္ကဋ္ဌ ဦးစံညွန့်အား ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် လက်မှတ်များကို အသီးသီးပေးအပ်ခဲ့ကြသည်။

"ရှမ်းပြည်နယ်အစိုးရအဖွဲ့ သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်း၊ ဆက်စပ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UNDP မှ ကိုယ်စားလှယ်များ၊ ဒေသခံလူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူများ အဖွဲ့ဝင်များနှင့် သစ်တောဝန်ထမ်းများ စုစုပေါင်း ၁၇၉ဦး တက်ရောက်ခဲ့သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

၂၀၁၅ခုနှစ် ဒီဇင်ဘာလ(၆)ရက် (တနင်္ဂနွေ)နေ့ ပြည်သူ့ဥယျာဉ်တွင် City Mart Holding Co.,Ltd နှင့် F&N (100 Plus) တို့မှ ပူးပေါင်းကျင်းပမည့်ပွဲတွင် ရိုးမ-ရန်ကုန် ပြည်ပြည်ဆိုင်ရာမာရသွန် ပြိုင်ပွဲတွင် ပါဝင်နိုင်ရန်အတွက် ရိုးမ-ရန်ကုန် မာရသွန်အသင်းတွင် အောက်ဖော်ပြပါ အထူးဈေးနှုန်းများဖြင့် နံနက် ၇နာရီ မှ ၁၁နာရီ အတွင်း စာရင်းများ လာရောက်ပေးသွင်းနိုင်ပါသည်။

| ပြိုင်ပွဲအမျိုးအစား | မြန်မာနိုင်ငံသား (ကျပ်) | နိုင်ငံခြားသား (USD) | အသက် |
|---|---|---|---|
| ၄၂.၁၉၅ ကီလိုမီတာ | ၅၀၀၀ | ၄၉ | ၁၆+ |
| ၂၁ ကီလိုမီတာ | ၅၀၀၀ | ၃၁ | ၁၆+ |
| ၁၀ ကီလိုမီတာ | ၅၀၀၀ | ၃၃ | ၁၂+ |
| ၃ ကီလိုမီတာ | ၅၀၀၀ | ၂၉ | ကန့်သတ်ချက်မရှိ |

- စာရင်းပိတ်ရက် - ဒီဇင်ဘာလ ၁၈ရက် ၂၀၁၅
- လူဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံးလာရောက်စာရင်းပေးသွင်းနိုင်ပါသည်။

မြန်မာ့ကလေးငယ်များအတွက် အလှူငွေများ လှူဒါန်းရင်း မာရသွန်အပြေးပြိုင်ပွဲဝင်ကြစို့

YOMA YANGON 2016

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် First Myanmar Investment Co.Ltd (FMI) တို့မှ တွဲဖက်ကျင်းပသည့်

ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်အပြေးပြိုင်ပွဲ

ဇန်နဝါရီလ (၁၇) ရက် ၂၀၁၆ ခုနှစ်၊ အမျိုးသားအားကစားရုံ (၁) သုဝဏ္ဏ၊ ရန်ကုန်မြို့။

- အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်ဖုန်း - (၀၁) ၂၅၀၃၆၃၊ (၀၁) ၂၅၀၃၃၃ (လိုင်းခွဲ) ၁၂၅၁၊ ၁၆၀၂၊ ၀၉၂၅၀၁၆၃၂၅၃၊

နန်းအိအိဇာ တည်းဖြတ်ထုတ်ဝေသည့် အလှအပများနှင့် Star မဂ္ဂဇင်း ထွက်ပြီ



- ကြော့ရှင်းလှပမှုကိုထင်ဟပ်စေမယ့် Chaw Chaw Silk & Luxury Fashion
- ပြောင်းလဲလာတဲ့ အသားအရေရဲ့နောက်ကွယ်က အကြောင်းရင်း
- မိသားစုစုံလင်စွာနဲ့ ချစ်ခင်နေနိုင်မှ Home Sweet Homeလို့ဆိုတဲ့ ချမ်းချမ်း
- ပရိသတ်တွေရဲ့အားပေးမှုနဲ့ အောင်မင်းခန့်
- ဝိုင်းစုခိုင်သိန်းရဲ့ခါချနေရတာယ်
- Style Secret ဆုရှင် Shartraရဲ့ MenFashion နဲ့ မျိုးဇော်
- R ဇာနည်၊ ရေဝတ္တာဝင်း၊ ခင်လေးနွယ်နဲ့ နန်းသူဇာတို့ရဲ့ ခရီးသွားခြင်းအနုပညာ
- Crown Couple Award 2015 ဆုရှင် စိုင်းဝဏ္ဏအောင်နှင့် ဖြူသန့်ချော
- အချစ်ဆိုတာ သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင်ဘေးလို့ဆိုတဲ့ ဂွမ်းပုံနှင့် ကိုလတ်
- ဒီဇိုင်နာ "ဦး" ရဲ့တဲ့ လက်ရာများနဲ့ M ဆိုင်းလူ၊ ထက်ဦးထွဋ် တို့ရဲ့ဖက်ရှင်
- ဒါရိုက်တာ ကြည်စိုးထွန်းရဲ့ သရုပ်ဆောင်များသိသင့်တဲ့ ကိုယ်နေဟန်ထားများ
- ငွေကြယ်ပွင့် ဆဲလီးနားဂိုးမက်ဇ်

အမှတ် - ၂၀၀၊ ပထပ်၊ ၃၆လမ်း (အထက်)၊ ရန်ကုန်။ ဖုန်း - ၃၈၃၀၂၅၊ ၃၉၁၆၃၃၊ ၀၉၇၉၅၃၃၄၂၅၆

နန်းအိအိဇာ တည်းဖြတ်ထုတ်ဝေသည့် Wellness အနာမဲ့ ထွက်ပြီ



- ကျန်းမာစွာနဲ့ နေထိုင်ဖို့ လေ့ကျင့်ခန်းလုပ်ကြစို့လို့ တိုက်တွန်းတဲ့ အေးမြတ်သူ
- အသားအရေလှပမှုအား ဖျက်ဆီးစေတဲ့ အကြောင်းရင်း ၁၀ မျိုး
- ပထမ ဦးစားပေးက သားအတွက်ပဲလို့ဆိုတဲ့ မေမေဆုရွှန်းလဲ့
- Miss Universe Myanmar(2nd Runner Up) ဆုရ ချိုချိုထွန်း
- ဘဝထဲကမိန်းမသား မြတ်ကေသီအောင်
- ဇာတ်ညွှန်း ငြိမ်းမင်းနှင့် တွေ့ဆုံခြင်း
- ကလေးများအား အရေးပေါ်ကုသနိုင်သော ရှေးဦးသူနာပြုစုနည်းများ
- ဗီတာမင်စီနှင့်ပတ်သက်၍ လူသိနည်းသော အချက်များ
- ကမ္ဘာကို ငြိမ်းချောက် နေတဲ့ အန္တရာယ်များ
- ချိုဝတ်ရည်ရဲ့ဟင်းလျာ
- သက်ရှည်ကျန်းမာတဲ့ အဆိုတော် (ဦး)မင်းနောင်
- အရိုးအဆစ်ကြွက်သား၊ အဆက်ရှုတ်တို့အတွက် သဘာဝဆေးစွမ်းကောင်းများ
- ဟောလိဝုဒ်မှာ ဆက်လက်ရှင်သန်နေသူ ဒရူးဘဲလ်ရီမိုး(ရ်)

အမှတ် - ၂၀၀၊ ပထပ်၊ ၃၆လမ်း (အထက်)၊ ရန်ကုန်။ ဖုန်း - ၃၈၃၀၂၅၊ ၃၉၁၆၃၃၊ ၀၉၇၉၅၃၃၄၂၅၆

## နွားထိုးကြီးတွင် ထင်းမီးဖြင့်သဂြိုဟ်စက်တည်ဆောက်မည်

**နွားထိုးကြီး ဒီဇင်ဘာ ၃**

နွားထိုးကြီးမြို့နယ်တွင် စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုနှင့် မီးသဂြိုဟ်စက်တည်ဆောက်ရန် မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်၊ အမှုဆောင်အရာရှိ၊ တာဝန်ခံအင်ဂျင်နီယာတို့အဖွဲ့သည် ဒီဇင်ဘာ ၁ ရက်က မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်၊ သာစည်မြို့နယ်တို့၏ မီးသဂြိုဟ်လုပ်ငန်းများကို သွားရောက်လေ့လာကြသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေသိန်း ၁၈၀ ဖြင့် မီးသဂြိုဟ်စက်ကို တည်ဆောက်မည်ဟု စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ပြောသည်။ အနာဂတ်တွင် မြေမြှုပ်သဂြိုဟ်ခြင်းမပြုတော့ဘဲ မီးသဂြိုဟ်၍ သတ်မှတ်အုတ်ဂူငယ်များသာ နွားထိုးကြီးစည်ပင်သချိုင်းကုန်း၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဉပဒေ)**

## မူလတန်းကြိုကျောင်းတွင် ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ဖျာပုံ ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ လက်အောက်ရှိ မူလတန်းကြိုကျောင်းရှိ ကလေးငယ်များ၏ ဉာဏစွမ်းရည်ထက်မြက်စေရေးအတွက် ရည်ရွယ်ကျင်းပသည့် ဉာဏစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ကျင်းပခဲ့ကြောင်း သိရသည်။

ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦး ဝင်ရောက်ယှဉ်ပြိုင်သည့် အဆိုပါ ဉာဏစွမ်းရည်ပြိုင်ပွဲတွင် တစ်ဦးချင်းပုံပြောပြိုင်ပွဲ၊ တစ်ဦးချင်းနှင့် အဖွဲ့လိုက် ကဗျာရွတ်ပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး ဆုရရှိသူများကို ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးမှူး ဒေါ်တင်တင်အေး၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလှိုင်၊ အိမ်တွင်းမှုသင်တန်းကျောင်းအုပ် ဒေါ်ဝင်းမာဦး၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဖျာပုံမြို့ရှိ လူမှုဝန်ထမ်း မူလတန်းကြိုကျောင်းသည် ၂၀၁၄ ခုနှစ် ဇွန် ၁ ရက်မှစ၍ မူကြိုအရွယ်ကလေးငယ်များ ကာယ၊ ဉာဏ၊ စရိတ္တ၊ စိတ်ဓာတ်၊ ပေါင်းသင်းဆက်ဆံရေး၊ ရသခံစားမှုစသည့် အခြေခံကောင်းများ အသက်အရွယ်အလိုက် မှန်ကန်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ထားကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## မြိတ်မြို့နယ်ရှိ ပိုးသတ်ဆေးအရောင်းဆိုင်များအား စစ်ဆေး

**မြိတ် ဒီဇင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံအရာရှိ ဒေါ်အေးသန္တာစိုး၊ လက်ထောက်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအေးလွင်၊ ဒုလက်ထောက်ဦးစီးမှူး ဦးသိန်းဇော်နှင့်အဖွဲ့ဝင်များပါဝင်သည့် မြို့နယ်ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက မြိတ်မြို့နယ်အတွင်းရှိ ပိုးသတ်ဆေးနှင့် မျိုးစေ့အရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့စစ်ဆေးရာတွင် လိုင်စင်ပါ စည်းကမ်းချက်များအတိုင်း ထားသိုခြင်း၊ ပတ်ဝန်းကျင်နေအိမ်များနှင့် သတ်မှတ်အကွာအဝေးရှိ-မရှိ မြန်မာနိုင်ငံအတွင်းသို့ တရားဝင်မှတ်ပုံတင်ဖြင့် တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသော ပိုးသတ်ဆေးများရောင်းချခြင်း၊ မြန်မာစာအညွှန်းမပါဝင်သည့် တရားမဝင်ပိုးသတ်ဆေးများ ဆိုင်များတွင် ရောင်းချခြင်းရှိ-မရှိ ပိုးသတ်ဆေးများကို အန္တရာယ်ကင်းအောင် စနစ်တကျ ကိုင်တွယ်အသုံးပြုနည်းများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။



မြိတ်မြို့နယ်အတွင်းရှိ အချို့သောလယ်များတွင် စပါးဖျက်ပိုးများကျရောက်ပါက ပိုးသတ်ဆေးများကို အချိုးနှုန်းမှန်ကန်စွာ အသုံးပြုတတ်စေရန် အရောင်းဆိုင်များအားပြောကြားခဲ့သည်။

အဆိုပါပိုးမွှားများနှိမ်နင်းရာတွင် ထိရောက်သောဆေးများ အမျိုးအစားမှန်ကန်စွာရောင်းချနိုင်ရန်နှင့် ထည့်သွင်းအသုံးပြုရမည့် သတ်မှတ်နှုန်းထားများအတိုင်း အသုံးပြုနိုင်ရေးအတွက် ပိုးမွှားပုံသဏ္ဌာန်နှင့် ကျရောက်ဖျက်စီးခြင်းလက္ခဏာများပါဝင်သည့် လက်ကမ်းပညာပေးစာစောင်များဖြန့်ဝေခြင်း၊ ဆေးအညွှန်းနှင့်အမျိုးအစားများကို မှန်ကန်စွာ အသုံးပြုနှိမ်နင်းနိုင်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံအရာရှိ ဒေါ်အေးသန္တာစိုးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တို့ ပူးပေါင်း၍ မြိတ်မြို့နယ်တွင်းရှိ မျိုးစေ့နှင့်ပိုးသတ်ဆေးအရောင်းဆိုင် ၁၀ ဆိုင်တို့အား ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

**မြင့်ဦး(မြိတ်)**

## ရွေးချယ်ထားသော စီးပွားရေးလုပ်ငန်းပေါင်း ၂၁ ခုကို စစ်တမ်းကောက်ယူ

**ကျောင်းကုန်း ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း (Business. Survey) (၂၀၁၅) ကောက်ယူမှုလုပ်ငန်းကို ဗဟိုစာရင်းအင်းအဖွဲ့နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းကုန်းမြို့နယ်မှ Sample ရွေးချယ်ထားသော စီးပွားရေးလုပ်ငန်းပေါင်း ၂၁ ခုကို နိုဝင်ဘာ စတုတ္ထပတ်မှ ဒီဇင်ဘာ ဒုတိယပတ်အထိ ကွင်းဆင်းကောက်ယူသွားမည် ဖြစ်သည်။

မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်းသည် နှစ်စဉ်ကောက်ယူမည့် ပထမဆုံးသော စစ်တမ်းဖြစ်ပြီး ရည်ရွယ်ချက်မှာ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးဆိုင်ရာအချက်အလက်များ၊ အခြေခံကိန်းဂဏန်း အရင်းအမြစ်များသည် အမျိုးသားစာရင်းအင်းစနစ် (SNA) တွက်ချက်ရာတွင် အထောက်အကူပြုနိုင်ရန် လက်တွေ့ကျသည့်မူဝါဒများရေးဆွဲရာတွင် အချက်အလက်များ ပံ့ပိုးပေးနိုင်ရန်နှင့် အခြားလိုအပ်သည့် ဆက်စပ်မူဝါဒများ၊ ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် အသုံးပြုရန်ဖြစ်သည်။ယင်းသို့ကောက်ယူရာ၌ စီးပွားရေးနယ်ပယ်တွင်ပါဝင်သည့် ကဏ္ဍအားလုံး (စိုက်ပျိုးရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် ပြည်သူ့ရေးရာကဏ္ဍများမှအပ)လုပ်ငန်းအားလုံး၏ စာရင်းအင်းအချက်အလက်များကို ကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

### ဦးနီတာ မြတ်မိခင်ဆောက်လုပ်ရေးကုမ္ပဏီ

### ၉/ပဘန(နိုင်)၀၀၉၈၁၇)နှင့် အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာခေမာလမ်း၊ အမှတ်(၃၅၈-ဘီ)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးစန်းလွင် Managing Director - Myanmar Refreshing Services Co.,Ltd ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျွန်ုပ်၏ အမှုသည်ထံမှ ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်ဖြင့် ၄-၈-၂၀၁၅ရက်တွင် အတိုးမဲ့ ချေးယူသွားသော ငွေကျပ် (၂၂၅)သိန်းတိတိနှင့် ၇-၈-၂၀၁၅ရက်တွင် Honda Fit ကား(၁)စီးကို စာချုပ်စာတမ်းများချုပ်ဆို၍ သက်သေများရှေ့မှောက်တွင် လာရောက် ယူဆောင် သွားပါသည်။ ၎င်းအပြင် ဦးနီတာပိုင်ဆိုင်သော တိုက်ခန်းတစ်ခန်းအား ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူထားရာ စက်တင်ဘာလတွင် အခန်းအား လက်ရောက် အပ်ပါမည်ဟု ပြောဆိုထားပြီး ယခုအချိန်ထိ အခန်းအား လက်ရောက်အပ်နှံခြင်းလည်းမရှိပါ။ ထိုယုံကြည်အပ်နှံခြင်းကတိစာချုပ်ဖြင့် ယူဆောင်သွားသောငွေ၊ စာချုပ်စာတမ်းများနှင့် သက်သေများရှေ့မှောက်တွင် ယူဆောင်သွားသော ကား(၁)စီးနှင့် အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချထားသော တိုက်ခန်းတစ်ခန်းတို့နှင့်ပတ်သက်၍ ယခုအချိန်ထိ အကြောင်းတစ်စုံတစ်ရာ ပြန်ကြားခြင်းလည်းမရှိ ငွေကြေးတစ်စုံတစ်ရာလည်းပေးအပ်ခြင်းမရှိ၊ ကားလည်းပြန်လည်ပေးအပ်ခြင်းမရှိ၊ တိုက်ခန်း အားလက်ရောက် ပေးအပ်ခြင်းလည်းမရှိခဲ့ပါ။ ထို့ကြောင့် ငွေကျပ်(၂၂၅)သိန်းတိတိ၊ အထက်ဖော်ပြပါ ကား(၁)စီးနှင့် တိုက်ခန်းအား ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကုမ္ပဏီသို့တစ်လုံးတစ်ခဲတည်းလာရောက် ပေးရန်နှင့် ပျက်ကွက်ခဲ့ပါက မြန်မာနိုင်ငံတည်ဆဲဥပဒေများနှင့်အညီ ဆက်လက်တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးနီတာ မြတ်မိခင်ဆောက်လုပ်ရေးကုမ္ပဏီ ၉/ပဘန(နိုင်) ၀၀၉၈၁၇)နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုဝသန်ကျော် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၁၉၅၆)**
**အမှတ်(၈၀၂)၊ ပြည်သာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၂၇၃၁၈**

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
စျေးကောင်းပေးဝယ်သည်။
09-6809893
09-6819020

လှိုင်မင်းလတ်
ဒီဇင်ဘာ 19 စမည်
စာရင်းကိုင်သင်တန်း June Series / 2016
LCCI, MYOB, IFR

| Level I+II | အချိန် | Level III | |
|---|---|---|---|
| Sec(A) Sat+Sun | 7-9 (am) | Sec(A) Sat-Sun | 3- 8 pm |
| Sec(B) Sat+Sun | 9-11 (am) | Sec(B) Wed-to-Sun | 6-8 pm |
| Sec(C) Sun | 11-3 (pm) | Sec(C) Tue-to-Fri | 8-12 am |
| Sec(D) Mon+Tue | 6-8 (pm) | | |
| Sec(E) Sat | 11-3 (pm) | | |
| Sec(F) Fri | 12-4 (pm) | | |
| Sec(G)Mon to Fri | 12-3(pm) | | |

ခုံနံပါတ်ယူ
09 510 9922
0979 510 9922
0997 510 9922


ညမဖတ်ရ
တာတေ
(၁၄) အုပ်မြောက် စာအုပ် အသစ် ထွက်ပြီ
မဖဲဝါမဝင်ရ
"ရွာလမ်းပေါ်မှာ အိမ်ခိုင်းတွေထဲမှာ လဲကျပြီးသေနေ
ကြတာကျွဲပ်တစ်သက်မှာ ဒီလောက်များတဲ့ လူသေ
အလောင်းတွေကိုတခါမှ မြင်ခဲ့ဘူးတာမှ မဟုတ်တာများ။
ကျွဲ ဦးတွေတဆတ်ဆတ်တုန်အောင်ကို
ကြောက်တော့တာပဲ။"
အရှေ့ဘက်ကောင်းကင်စာပေမှဖြန့်ချိသည်။ ဖုန်း- ၀၉၇၃၁၇၁၃၈၁၊ ၀၉၄၂၁၀၅၆၃၅၄

မြကန်သာ Condominium
ISM ကျောင်းအနီး
အဝယ်ပေးရန်မလို
၁၀ နှစ် ငွေချေစနစ်
(၅) ခန်းသာ ရောင်းမည်။
3 To 6 -DEC-2015 တပ်မတော်ခန်းမတွင် ရောင်းချပေးသွားမည်။ i GREEN
လစဉ် (၉)သိန်း ၂၀၁၈ အခန်းအပ်

ကြော်ငြာ


## မဇ္ဈိမတံခွန် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး

သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+တာ့ချ်မဟာ+နယူးဒေလီ+ဝေသာလီ+ပတ္တနား+ရာဇဂြိုလ်
ခရီးစဉ်ထွက် ၈ ရက်ခရီး ဧပြီ ၁၁
ခွာမည့်ရက် ၅ ၁၅ ရက်ခရီး @ဒီဇင်ဘာ ၂ (ပိဋကသုံးပုံရွတ်ဖတ်ပူဇော်ပွဲ)၊ ၁၆၊ ဇန် ၃၊ ၁၃၊ ဖေ ၁၊ ၁၀၊ ၂၂မတ် ၂၊ ၁၆၊ ၂၃ ဧပြီ ၁၀၊ ခရီးစဉ်သေချာစေရန် စရန်ငွေ(၂)သိန်းကျပ်နှင့်(၂)လ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ရန်ကုန် - အမှတ်(၆၉)၊ ပထမထပ်(ခ)၊ သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ တာမွေ။ ဖုန်း ၀၉-၂၁၅၀၉၉၂၊ ၀၉-၂၀၅၁၄၃၀။
မန္တလေး-ခ-၅/၂၀၊ ၄၁×၄၂ လမ်းကြား၊ ၆၆×၆၇ လမ်းကြား။ ဖုန်း ၀၉-၄၀၂၇၆၃၈၅၉၊ ၀၉-၄၄၄၀၂၉၆၉၈

## ကျွမ်းကျင်ဝန်ထမ်း(ကျား) ၂ဦး အလိုရှိသည်

မော်တာနှင့်လျှပ်စစ်ကျွမ်းကျင်(သို့) FRP & R.O ရေသန့်စက်သေး/ကြီး ကျွမ်းကျင်၊
လုပ်သက်အနည်းဆုံး (၃) နှစ်ရှိရမည်၊
နံနက် (၈း၃၀) မှ ညနေ (၇း၀၀)ထိ
လစာ တစ်ရက် ၁၂၀၀၀ကျပ်
စာရွက်စာတန်းအပြည့်အစုံနှင့်
ရုံးချိန်အတွင်း ဆက်သွယ်ရန်၊
ဖုန်း - ၀၉၄၉၃၃၅၁၂၃၊

## မြန်မာမြတ်ချယ်ရီ Travel & Tours Co.,Ltd

ကိုရီးယား $ 990၊ ဘန်ကောက် $ 330၊ ဗီယက်နမ် $ 350၊ ဘာလီကျွန်း $ 880၊ ကိုရီးယား-ဂျပန်၊ ဗီယက်နမ်-ကမ္ဘောဒီးယား 6D/5N $ 535၊ ဓမ္မလ်ဒိုက်၊ ထိုင်ဝမ်၊ စင်္ကာပူ အခုတည်းသောကိုရီးယားအခြေစိုက်မြန်မာကုမ္ပဏီ ၁၂/၁၂၊ ကျိုက္ကဆံလမ်း၊ တာမွေ။ အပြီးအစီး Package
01-551240, 09-73160843, 09-5003647

## OD TOUR

Since 1997

- တောင်ကြီး၊အင်းလေး၊ပင်းတယ၊မွေတော်ကက္ကူ၊ထမ်စန်းလိုဏ်ဂူ(၄ည/၅ရက်)
- မန္တလေး(ကျောက်စိမ်းဘုရား)၊စစ်ကိုင်း၊မင်းကွန်း၊ပြင်ဦးလွင်(၄ည/၅ရက်)
- ပုဂံ(ရွှေစည်းခုံ)၊ပုပ္ပါး၊ပခုက္ကူ(သီဟိုဠ်ရှင်)(၄ည/၅ရက်)
- ထားဝယ်(ရှင်ကိုးရှင်/ကန်ချေပွရီ)၊မောင်းမကန်(၅ည/၆ရက်)
- ဘားအံ၊မော်လမြိုင်၊ကျိုက္ကမီ၊စက်စဲ(၃ည/၄ရက်)

ချမ်းမြေ့ပျော်ရွှင်ကြည်နူးဖို့ OD Tour နှင့် ခရီးသွားကြပါစို့။

ပြည်တွင်း၊ပြည်ပ ခရီးစဉ်များအားလုံး Dec 24,26 - Jan 1 နေ့ထွက်မည်။

- ဖန်ကောက်၊အယုဒ္ဓယ၊ပတ္တရား(၅ည/၆ရက်)
- စင်္ကာပူ(၃ည/၄ရက်)
- ဗီယက်နမ်(ဟနွိုင်း၊ဟာလောင်း)(၄ည/၅ရက်)
- ဟောင်ကောင်+မကာအို(၄ည/၅ရက်)

အမှတ်(၅၂)၊ကျွန်းတောလမ်း၊စမ်းချောင်း။ 01-536855, 01-504808, 09-5108087, 09-5187045

## ၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာသင်သားတို့အတွက်

ဝါရင့်အငြိမ်းစား ပါမောက္ခ ဆရာ၊ ဆရာမကြီးများကိုယ်တိုင် အပုတ်ပေးစည်းမျဉ်းနှင့်အညီ ပြုစုထားသော

အထူးထုတ်

EXAM SPECIAL GUIDE

Set (A),(B),(C),(D)

ခန့်မှန်းမေးခွန်း ၄ စုံနှင့် အမှတ်ပြည့်ရ စံပြအဖြေများ

(သိပ္ပံ၊ ဝိပ္ပံ/ဝိဇ္ဇာ)

ထွက်ပြီ

အထူးထုတ်သည် သိပ္ပံ ဝိပ္ပံ တစ်အုပ်နှင့် ဝိဇ္ဇာ တစ်အုပ်စီ ထွက်ရှိမည်ဖြစ်သည်။

ဖြန့်ချိရေး - စာပေတိုက် ၁၆၇/၁၇၃ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၂၅၆၆၂

## မြန်မာနိုင်ငံဆေးကောင်စီအသင်း၊ ကျန်းမာရေးပညာပေးဟောပြောဆွေးနွေးပွဲ

မြန်မာနိုင်ငံဆေးကုသရေးအသင်း(Society of HIV Medicine)မှ ကြီးမှူးကျင်းပသော World AIDS Day 2015 အထိမ်းအမှတ် HIV ကျန်းမာရေး ပညာပေး ဟောပြောဆွေးနွေးပွဲကို ဝါရင့် အတွေ့အကြုံရှိ ဆရာဝန်ကြီးများမှ အောက်ပါအစီအစဉ်အတိုင်း ဟောပြောဆွေးနွေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဟောပြောဆွေးနွေးမည့်သူများ
(၁) ပါမောက္ခဦး (သဘာပတိ)
(၂) ပါမောက္ခဦးထင်အောင်စော
(၃) တွဲဖက်ပါမောက္ခ ဒေါ်စံယဉ်မြ

အထူးဧည့်သည်တော်
မော်ဒယ် အောင်လေး နှင့် ဆန်းသစ်လ

နေ့ရက် - ၆-၁၂-၂၀၁၅ (တနင်္ဂနွေနေ့)
အချိန် - နေ့လည်(၁း၀၀)နာရီ
နေရာ - PARKROYAL Hotel, Ballroom
မှတ်ချက် - ပရိသတ်များ မှလည်း ပါဝင်ဆွေးနွေးမေးမြန်းနိုင်ပါသည်

2015 WORLD AIDS DAY
GET TESTED. GET TREATED.

Getting to Zero
- Zero new infections
- Zero discrimination
- Zero HIV deaths

Supported by

## အင်္ဂလန်ရှိ Top Ten တက္ကသိုလ်တွင် မြန်မာဆရာဝန်များအတွက် "ဆေးပညာမဟာဘွဲ့နှင့် အင်ဂျင်နီယာများအတွက် အင်ဂျင်နီယာဆိုင်ရာ ဘွဲ့လွန်ဘာသာရပ်များအကြောင်းဆွေးနွေးပွဲ"

- မြန်မာဆရာဝန်များအတွက် အင်္ဂလန်ဆေးတက္ကသိုလ်များတွင် မဟာဘွဲ့လျှောက်ထားနိုင်သည့် အခွင့်အလမ်းများ
- University of Glasgow တွင် သင်ယူနိုင်မည့် ဆေးပညာဘာသာရပ်ဆိုင်ရာ Biomedical Science, Cancer Sciences,Clinical Nutrition, Development Studies, Diabetes (MedSci) ဘွဲ့များ
- လေကြောင်းအင်ဂျင်နီယာဆိုင်ရာ MSc Aeronautical Engineering နှင့် Civil, Mechanical, Electrical, Marine အင်ဂျင်နီယာဘာသာရပ်များကို သင်ကြားနိုင်မည့်အခွင့်အလမ်းများ

Scholarship Available



Call Us: 01 527 838 / 09 4500 56 300 / 09 50 85 185

CROWN EDUCATION

Dec 5
10:00 am - 12:00 noon
Crown Education Office

## ခရစ္စမတ်အထူးအစီအစဉ်

SUZUKI Way of Life!

ဒီဇင်ဘာလ(၃၁)ရက်နေ့ အထိသာ

The Brand New ERTIGA

ဆွဲဆောင်မှုရှိခြင်းနှင့် သက်သောင့်သက်သာရှိခြင်း

အာမခံရှိခြင်း

(ဦးဆုံးအရင်ကျရောက်ရာ)



ဈေးနှုန်း (US $ 17,900 ++)
ကျပ် ၁၉၉သိန်း + +

NEW SUPER CARRY TRUCK

အာမခံရှိခြင်း

* တစ်နှစ်၊ မိုင် ၂၀,၀၀၀ အာမခံရှိခြင်း
(ဦးဆုံးအရင်ကျရောက်ရာ)



ဈေးနှုန်း (US $ 5,777 ++)
ကျပ် ၆၄သိန်း + +

Facebook/Suzuki Myanmar Motor Co., Ltd

အရေအတွက်အကန့်အသတ်!!
(First Come, First Serve Condition!!)

ဆူဇူကီး(မြန်မာ)မော်တော်မှ လေးစားရသော ဝယ်ယူအားပေးသူများအတွက် အစဉ်ထောက်ပံ့ပေးထားသည်မှာ.....

၁ စိတ်ချမ်းမြေ့မှုရရှိခြင်း
* စင်မှန်သောဆူဇူကီး အပိုပစ္စည်းများအလုံအလောက် ရရှိနိုင်ခြင်း။

၂ ယုံကြည်စိတ်ချရသောထုတ်ကုန်
* ဂျပန်ဆူဇူကီး အရည်အသွေး အဆင့်အတန်းနှင့်အညီ တပ်ဆင်ထုတ်လုပ်ထားပါသည်။

ကိုယ်စားလှယ်များ | ရိုနဒီ မော်တော် | မျိုး မော်တော် | အောင် မော်တော် | လွင်နှင့်စွမ်း မော်တော် | အေအိုင်ဂျီ မော်တော်

## အထူးကျေးဇူးတင်ရှိခြင်း

**သဲအင်းဂူယောဂီ(ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး)**
**ဦးမောင်မောင်လှ(ဇီးကျွန်း-သံတွဲ)**
**အသက်(၈၉)နှစ်**

၂၆-၁၁-၂၀၁၅ရက်နေ့တွင် ကွယ်လွန်သူဖခင်ကြီး ဦးမောင်မောင်လှ နာမကျန်းဖြစ်စဉ်ကာလ၌ ဂရုတစိုက် ကြပ်မတ်ပြုစုကုသပေးခဲ့သည့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူး အမှူးပြုသော တပ်မတော်ဆေးရုံကြီး(နေပြည်တော်)မှ တပ်မှူးနှင့် ဆရာဝန်များ၊ သူနာပြုများ၊မေတ္တာကရုဏာဖြင့် လာရောက်ကြည့်ရှုအားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ နာရေးကိစ္စအဝဝကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အရာရှိ/စစ်သည်မိသားစုများအားလည်းကောင်း၊ ဝမ်းနည်းကြောင်းနှင့် လွမ်းသူ့ပန်းခွေပေးပို့သူများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း သတင်းမေးမြန်းအားပေးနှစ်သိမ့်ခဲ့ကြသည့် ပြည်တွင်း ပြည်ပမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးထွန်းရီ(မန္တလေး))

**အသက်(၈၅)နှစ်**
**ဥက္ကဋ္ဌ(ငြိမ်း)၊ ပ-ယ-န အရှေ့တောင်မြို့နယ်(မန်း)**
**သုဝဏ္ဏသီဂ်ရိပ်သာယောဂီ**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏနှင့် မန္တလေးမြို့၊ မုံ့တီစုရပ်နေ ဦးလှမြင့်-ဒေါ်အုန်းကြင်တို့၏ညီ၊ ဦးဝင်းထွန်း-ဒေါက်တာခင်စန်းနွယ်(တွဲပါမောက္ခ-မြစ်ကြီးနား)၊ (ဦးမျိုးမြင့်ဦး)-ဒေါ်နှင်းနှင်းထွန်းတို့၏ ဖခင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ တိုက်အမှတ်၁၅၆၊ အခန်း(၅)နေ ဒေါ်ဝင်းကြည်၏ခင်ပွန်း ဦးထွန်းရီသည်၃-၁၂-၂၀၁၅(ကြာသပတေးနေ့) နံနက်၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဦးဝဏ္ဏသိဒ္ဓိ(ခ)ဦးလွန်းတင်**
**သိက္ခာတော်(၁)ဝါ၊ သက်တော်(၇၂)နှစ်**
**ဦးစီးအရာရှိ(ငြိမ်း)၊ အနုပညာဦးစီးဌာန**

ရန်ကုန်မြို့နေ (ဦးစန်းလွင်-ဒေါ်ငွေကြည်)တို့၏သား၊ ဦးခင်မောင်-ဒေါ်အေးခင်တို့၏သားသမက်၊ တာမွေမြို့နယ်၊ အမှတ်(၇၁)၊ ငါးလွှာ၊ ခေါင်းရင်းခန်း၊ (၁၆၆)လမ်း၊ တာမွေကြီး၊ (ခ)ရပ်ကွက်နေ ဒေါ်အေးသန်း(ခ)ဒေါ်တူး၏ခင်ပွန်း၊ ကိုဇော်မင်းဦး-မခင်နွယ်ဝင်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်မင်းရဲရင့်သွေး၏ ချစ်လှစွာသောအဘိုး ဦးဝဏ္ဏသိဒ္ဓိ(ခ) ဦးလွန်းတင်သည် ၂-၁၂-၂၀၁၅(ဗုဒ္ဓဟူးနေ့)တွင် ပျံလွန်တော်မူသွားပါသဖြင့် ၆-၁၂-၂၀၁၅(တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ထွန်းမောင်(Eddie Ba Maung)**
**အသက်(၈၃)နှစ်**
**B.Sc(Eng) E.E.S.R (ငြိမ်း)**
**အမှတ်(၁)ရေနံချက်စက်ရုံ၊ သန်လျင်**

ဦးဇော်ဝင်း(ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်၊ စိန်ရွှေထိပ်တန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)-ဒေါ်မိမိတင်(ချမ်းမြေ့မေတ္တာဆေးရုံ၊ သန်လျင်)တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးတင်ထွန်းမောင် (Eddie Ba Maung) (၈၃)နှစ်သည် ၂၉-၁၁-၂၀၁၅ (တနင်္ဂနွေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း**
**စက်မှုဝန်ကြီးဌာန**

## ဦးမောင်စိန် (၇၄)နှစ်

**ကျိုက်ထို**

ကျိုက်ထိုမြို့၊ မြောက်ပိုင်းရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၁၀၃)နေ ဒေါ်စန်းရီ(အထပြ-ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာသိန်းဇံ-ဒေါ်မြမြရီ ဒေါက်တာသက်လွင်(လွင်သန့်၊ ဆေး-၂)-ဒေါ်လဲ့လဲ့အေး၊ ဦးကျော်ထွေး-ဒေါ်စီစီလွင်၊ ဦးအေးထွန်း-ဒေါ်ရွှေယင်းမာ(USA) တို့၏ ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်တို့၏အဘိုး ဦးမောင်စိန်သည် ၃-၁၂-၂၀၁၅ရက် မွန်းလွဲ၂း၄၅နာရီတွင် SSCဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

**ဒေါ်ဟန်ကြည်(ခ)စူးမေရင်း**
**အသက်(၇၁)နှစ်**

ပုသိမ်မြို့နေ (ဦးစစ်မိုင်-ဒေါ်ချွန်မြိုင်) တို့၏သမီး၊ မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်၊ အေးဇရပ်၊ ခြံအမှတ်(၁၁)နေ မသန်းသန်းစီ၊ ကိုတင်အောင်ညွှန့်-မသန်းသန်းဌေး၊ မတင်ဌေးကြည်(ခ)မကြီးကြီး၊ (မတင်မြင့်ကြည်(ခ)မယ်ယယ်)၊ (ကိုကျော်ကျော်အောင်)-မမီးငယ်၊ ကိုထွန်းထွန်းဝင်း-နော်ဂျူလီသိန်း၊ ကိုသက်နိုင်-မသင်းသင်းစုတို့၏မိခင်ကြီး၊ မြေးကိုးယောက်တို့၏အဘွား၊ ပုသိမ်မြို့နေ (ဦးအမိုင်) ၏ဇနီး ဒေါ်ဟန်ကြည်(ခ) စူးမေရင်းသည် ၃-၁၂-၂၀၁၅(ကြာသပတေးနေ့) နံနက် ၅း၃၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၅ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ နေအိမ်မှ အေးရိပ်ငြိမ်ဖူးကျန့်သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်လှကြည် (ရွှေကျင်)

**အသက် (၉၀)**

ရွှေကျင်မြို့နေ (ဦးဘသွင်-ဒေါ်ငွေခင်)တို့၏သမီး၊ (ဦးစံလှိုင်)၏ဇနီး၊ ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)-ဒေါ်ခင်အေး၊ ဦးကျော်ထူး-ဒေါ်မြမြဝင်း၊ ဦးဝင်းမြင့်-ဒေါ်စိန်ဆင့်၊ ဦးသန်းဝင်း-ဒေါ်ညိုညို၊ ဦးကျော်ထူး-ဒေါ်တင်တင်ဝင်း၊ ဒုအရာခံဗိုလ်ခင်မောင်ထွန်း-ဒေါ်အေးအေးသိန်းတို့၏မွေးသမိခင်၊ဦးတင်အောင်ကို-ဒေါ်စိုးစိုးရီ၊ ဗိုလ်မှူးကြီးအောင်မြတ်ကျော်-ဒေါက်တာဒေါ်ရှင်မိုးသူ၊ ဒုတိယဗိုလ်မှူးကြီးတက်လွင်ထွန်း-ဒေါ်ရှင်နှင်းအေးတို့၏အဘွား၊ မြစ် ၁၄ ယောက်တို့ဘွားဘွားသည် ၂-၁၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၅ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၁၉၁၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းအောင်(ညောင်လေးပင်)**
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဒေသလမ်းသွယ်၊ အမှတ်(၁၃၁/၃၆) နေ အသင်းဝင် ဗိုလ်မှူးချုပ် ခင်မောင်အေး(ငြိမ်း)၊ ဒေါ်ခင်ဝင်းအေးတို့၏ ဖခင် ဦးထွန်းအောင်သည် ၃၀-၁၁-၂၀၁၅ ( တနင်္လာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊ ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

**ဦးမြတ်ခင်**
**အသက်(၆၈)နှစ်**
**ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)**
**သတ္တုတွင်းဝန်ကြီးဌာန**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်းနေ (ဦးဘခင်-ဒေါ်ချစ်ညွန့်) တို့၏သားလတ်၊ ကျောက်ပန်းတောင်းမြို့၊ မြို့မကွက်သစ်ရပ်နေ (ဗိုလ်မှူးသန်းလွင်)-ဒေါ်တင်လေးမြင့်တို့၏သားသမက်၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၁၀/၁၂)နေ ဒေါ်ခင်မြင့်လွင်၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးသီဟမြတ်လွင်(ဒဂုံဘီယာစက်ရုံ)-မစုအေးအေးလှိုင်၊ ဗိုလ်ကြီးရဲရင့်၊ ဗိုလ်ကြီးနေလွင်ထူး-မမြတ်ပွင့်ဖြူလွင်တို့၏ချစ်လှစွာသောဖခင် ဦးမြတ်ခင် (ဒုညွှန်ကြားရေးမှူး-ငြိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန)သည် ၃-၁၂-၂၀၁၅ (ကြာသပတေးနေ့) မွန်းလွဲ၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၅(စနေနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## နာရေး

## ဒေါ်ရင်မြ(ဖျာပုံ)

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၈)လမ်း ၊ အမှတ်(၆၃)-B-4 နေ (ဦးလှစိန်-ဒေါ်သောင်း)တို့၏သမီး၊ (ဦးထွန်းကြည်)၏ဇနီး၊ ဦးအေးမြင့်ဦး-ဒေါ်ခင်ခင် (သြစတြေးလျ)၊ (ဦးကိုကျော်ခိုင်)-ဒေါ် ပြုံးပြုံး(ခ) ဒေါ်ခင်မိုးလှိုင်၊ ဦးလှမြင့် (ဦးစီးမှူး-အား/ကာ)-ဒေါ်ဝေဝေအောင်တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မောင်ဇာနည်အောင် (ဆောက်လုပ်ရေးဝန်ကြီးဌာန)-မအိမ့်နှင်ဝေ(အား/ကာ)၊ မောင်စိုင်းစောထွန်း(FMI Centre)- မဆုလှိုင်ဝေ (နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မောင်ဟန်စိုး(မြင့်နှင့်ပိုင်ကုမ္ပဏီ)၊ မသီရိ မောင်နိုင်အောင်လွင်(Sinma Co.,Ltd) တို့၏အဘွား ဒေါ်ရင်မြသည် ၂-၁၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၂၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၅ (သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ပုလောမြို့နယ်အသင်း(ရန်ကုန်)

**ဒေါက်တာခင်စိုး(မြစ်ကြီးနား)**
**အသက်(၆၀)**
**အသင်းဝင်အမှတ် (၄၃၈၃)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် (၂) ရပ်ကွက်၊ အောင်ခေမာလမ်း၊ အမှတ် (၁၉၅) နေ ဒေါ်မြတ်မြတ်ဆင့်၏ ခင်ပွန်းသည် ၂၉-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

## ဗိုလ်မှူးကျော်ဒင်(ငြိမ်း) (၈၃)နှစ်

**ကြည်း-၇၆၁၃၊ O.T.S(18)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုစားကုန်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၆၂၂)နေ (ဦးမောင်ကလေး-ဒေါ်အုံးမေ)တို့၏သား ဦးကြည်ဝင်းစိုး-ဒေါ်ဥမ္မာကျော် (အထက-၄၊ တာမွေ)၊ ဦးနေဝင်းကျော် (D.1 ကုမ္ပဏီ)-ဒေါ်တင်တင်ဝင်း၊ ဗိုလ်မှူးညာဏ်ဝင်းကျော်(ငြိမ်း) (Air Bagan)-ဒေါ်စိုးစိုးဝင်း၊ ဒေါ်ကေသီကျော် (စိုက်ပျိုးရေးဦးစီးဌာန၊ မှန်ပြည်နယ်)၊ ဦးရဲဝင်းကျော်-ဒေါ်သီတာတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်မြစိန်၏ခင်ပွန်းသည် ၂-၁၂-၂၀၁၅ရက် ညနေ ၅း၂၀နာရီတွင် မြောက်ဥက္ကလာပမြို့နယ် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၅ (သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မမွှေဗိမာန်စာပေပထမဆုရ

**မမွှေဒုတစာပေဆုရ**
**ဦးတင်မြင့်(ပန်းဒကာကိုတင်မြင့်)**
**အသက်(၆၂)နှစ်**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အိမ်အမှတ်(၂၅)နေ ဒေါ်တင်တင်ခိုင်၏ ခင်ပွန်း၊ ကိုကျော်သူရ၊ ကိုကျော်ဇေယျ၊ ကိုကျော်ပီယတို့၏ ဖခင်သည် ၁-၁၂-၂၀၁၅ရက် ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဟာဂျီမဒေါ်တူးတူး(ခ)ဟာဂျီမဇာကေရာဘေဂမ်**
**(လက်ပံတန်း)**
**အသက်(၈၉)နှစ်**

ချစ်သူငယ်ချင်း-Dr.နီနီညွန့်၏မိခင်သည် ၁-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းများ- Dr.နှင်းနှင်းယု၊ Dr. နီလာခင်၊ Dr. ပြုံးပြုံးစိန်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်စိုး**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ဗဟိုစည်အိမ်ရာ၊ တိုက်(၄၆)၊ အခန်း(၂၀)နေ ဦးမြင့်စိုးသည် ၃၀-၁၁-၂၀၁၅ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**RIT, Mining (82)မှ သူငယ်ချင်းများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ရှာလှိုင်ဟုတ်(ခ)ဦးလှိုင်ဟုတ်**
**အသက်(၉၉)နှစ်**
**ပုသိမ်မြို့**

ပုသိမ်မြို့၊ အမှတ်(၇၇၄)၊ ကမ်းနားလမ်းမာတရပ်နေ (ဦးစွန်းနီး-ဒေါ်စပု) တို့၏ သား၊ (ဦးလောင်စင်-ဒေါ်လှ)တို့၏ သားသမက်၊ လောင်ယိုဝါး (ခ)ဒေါ်ယိုဝါး၏ ချစ်လှစွာသော ခင်ပွန်း ၊ ဦးလှအေး-(ဒေါ်ရှုကြည်)၊ ဦးကြည်လွင် -ဒေါ်လှလှမြင့်၊ ဦးအုန်းခင်-ဒေါ်မော်မော်ဝင်း၊ (ဦးတင်မောင်)-ဒေါ်ကြည်ကြည်ခင်၊ ကိုဌေးဝင်း၊ ကိုသောင်းဌေး၊ ကိုစိုးဝင်းတို့၏ မွေးသဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂-၁၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်မည်သဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

**ဒေါ်အုန်းမေ**
**အသက်(၈၉)နှစ်**
**အထက်တန်းစာရေး(ငြိမ်း)**

ရာသက်ပန်အသင်းဝင် အမှတ်(၆၁၁) ဒေါ်အုန်းမေသည် ၁-၁၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမြတ်ခင်**
**အသက်(၆၈)နှစ်**

ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက်မှ လက်ထောက်ဘီယာချက်ကျွမ်းကျင် ဦးသီဟမြတ်လွင်-ဒေါ်စုအေးအေးလှိုင်တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးမြတ်ခင် အသက်(၆၈)နှစ်သည် ၃-၁၂-၂၀၁၅ရက် မွန်းလွဲ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးမြင့်ကြည်(ငြိမ်း)**
**(ကြည်း-၂၃၁၉၄)**
**ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ်(၈၃)**
**ဌာနခွဲမှူး၊ မြို့ပြမြေယာနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အသက်(၅၄)နှစ်**

စစ်ပညာရပ်နှင့် အုပ်ချုပ်မှုပညာရပ်များကို စိတ်ရင်းစေတနာကောင်းဖြင့် ဆုံးမလမ်းညွှန်သင်ကြားပေးခဲ့ပါသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဗိုလ်ကြီးမြင့်ကြည်(ငြိမ်း)သည် ၃-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းကြား သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာကောင်းရာ သုဂတိလားပါစေ။**
**O.T.S(102)ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာခင်ဖြူဝင်း (၅၇)နှစ်**
**ဆေးရုံအုပ်ကြီး၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး**

အထွေထွေရောဂါကုဆေးရုံသစ်ကြီး ရန်ကုန်မြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်ဖြူဝင်း အသက်(၅၇)နှစ်သည် ၁-၁၂-၂၀၁၅(အင်္ဂါနေ့) နံနက် ၉း၁၈ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးညီညီအောင် (စ. စ. စ/ငြိမ်း)**
**ဒုရဲအုပ်လောင်းသင်တန်း၊ အပတ်စဉ်(၁၆/၇၄)**
**အသက်(၅၇)နှစ်**

သူငယ်ချင်းတစ်ယောက်၁-၁၂-၂၀၁၅ရက်ညနေ၃နာရီတွင်ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက်မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်း။ သူငယ်ချင်းတစ်ယောက်ကောင်းရာသုဂတိလားပါစေ။

**SIP (16th) မှသူငယ်ချင်းများ**
**သာရေး/နာရေးအဖွဲ့ (ရန်ကုန်/မန္တလေး)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဟန်ကြည် (ပုသိမ်)**

စနိုးကွင်းဝေဖာလုပ်ငန်း၊ ဇရာဝတီတိုင်း၊ ပုသိမ်မြို့၊ ဘဘွေးကုန်းလမ်း၊ အမှတ်(၄၄)နေ (ဦးအောင်ကြည်(ခ)ဦးအမိုင်)၏ ဇနီး ဒေါ်ဟန်ကြည် (စနိုးကွင်း ဝေဖာလုပ်ငန်း) အသက် (၇၁)နှစ်သည် ၃-၁၂-၂၀၁၅ (ကြာသပတေးနေ့)နံနက် ၅း၃၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစု နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းအေး-ဒေါ်ဘေဘီ**
**ရွှေပုသိမ်ကုမ္ပဏီမိသားစု**

## ဦးကျော်ကျော်ဦး

**အသက်(၅၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေး(၅) လမ်းအမှတ်(၀၀၁/B)၊ ကောင်းမြတ်သူအိမ်ရာနေ (ဦးမြဝင်း)-ဒေါ်ခင်လှတို့၏ သား၊ ဒေါ်သန်းသန်းဌေး၏ခင်ပွန်း၊ (ဦးခင်မောင်စိုး)-ဒေါ်သီတာခိုင်၊ (ဦးဇော်မင်းထွဋ်)-ဒေါက်တာမိုးမိုးပြုံး(တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)တို့၏အစ်ကို၊ မခင်စုစံ (တတိယနှစ် ကွန်ပျူတာတက္ကသိုလ်)၏ဖခင်သည် ၂-၁၂-၂၀၁၅ ရက် ည ၁၁း၄၅ နာရီတွင် အနောက်ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၅(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင်ထိန်ပင်သုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၀း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

**နော်ဩဂတ်စတာ**
**အသက်(၆၉)နှစ်**
**ဌာနစိတ်မှူး(ငြိမ်း)P.P.S.C**
**(ရေနံဖြန့်ဖြူးရေး)**
**Petroleum Products Supply Coporation**

ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဒေါ်လှလမ်း၊ အမှတ်(၁၈)နေ Saw Rock Top- နော်မြစိန်တို့၏သမီး၊ Rev. စောဘီထွန်းဝင်း-နော်ဗျူးလာဖဲ(လ်)တို့၏ သမီးချွေးမ၊ (နော်အယ်ဒို)- Rev. စောအိုကေ၊ (နော်ဆူဇင်-ဦးခင်လှိုင်)၊ (Rev. ဖိုးမလော်လော်-နော်ဒေးစီ)၊ (နော်ဖောခီးလား-စောသာစည်)၊ (စောဘိုကြီးကျော်)-နော်ဒေါလီ၊ စောဝေဝေါ-(နော်ဒေးစီ)၊ စောဘိုကြီးကြီး-(နော်လူးဝစ်ဘိုကြီးကြီး)တို့၏ညီမ၊ (စောဆာနီး)၊ နော်စိဘလုတို့၏ အစ်မ၊ Saw Nehemiah- နော်ဟေဆဲကြီး၊ စောဂျဲရီထွန်းဝင်း-နော်ဖောထူးဖိုးတို့၏မိ ခင်၊ Saw Mark Tun Win, Naw Victoria, Naw Mary Win တို့၏ ဖီးဖီး Rev. စောကော်မူထော်၏ချစ်ဇနီး ဆရာမ နော်ဩဂတ်စ တာသည် ၃-၁၂-၂၀၁၅ ရက် နံနက် ၄ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၁၂-၂၀၁၅ (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန် ကရင်နှစ်ခြင်းအသင်းတော် (သူဌေးကုန်း ဘုရားကျောင်း) အမှတ်- ၅၁၄၊ အောက်ကြည့်မြင်တိုင်လမ်းမ (ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးရှေ့)တွင် ဆုတောင်းဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးမျိုးသန့်(ငြိမ်း)(၄၆)နှစ်**
**(O.T.S-94)**
**လက်ထောက်ညွှန်ကြားရေးမှူး၊ (ပြည်တွင်းအခွန်များဦးစီးဌာန)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၇၃)နေ ဒေါ်မေသော်တာအေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သုခအောင်၊ မောင်စောထွန်းတို့၏ချစ်လှစွာသောဖခင် ဗိုလ်ကြီးမျိုးသန့်(ငြိမ်း)သည် ၁-၁၂-၂၀၁၅ရက် ည၁၁း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်မှူးနှင့်ဝန်ထမ်းများ၊ ပြည်တွင်းအခွန်များဦးစီးဌာန**
**ချင်းပြည်နယ်**

ကြေးမုံ
ဒီဇင်ဘာ ၄၊ ၂၀၁၅
Hot Line No-0930500100



# ကျောက်မျက်ရတနာ ခေတ်မီနှစ်ထပ်ဈေးသစ်ကြီး ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် စတင်ဖွင့်လှစ်တော့မည်

**CCTV များလည်းတပ်ဆင်ထားမည်ဖြစ်ပြီး ဈေးအတွင်း ရောင်းဝယ်ကြသူများအတွက် လုံခြုံရေး အပြည့်အဝ အာမခံပေးထား။**

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးဒေသ မန္တလေးမြို့အဝင် မန္တလေး-ရန်ကုန် အမြန်လမ်းမကြီးနှင့် မြစ်ငယ်-စစ်ကိုင်းလမ်းတို့ဆုံရာနေရာတွင် ကမ္ဘာပေါ်တွင် တစ်ဆူတည်းသော ကျောက်စိမ်းစေတီတော်မြတ်ကြီး၏အနီးရှိ မြေ ၃၄ ဒသမ ၅၈ ဧကပေါ်တွင် အဆောက်အအုံ ဧရိယာ ပေ ၁ ဒသမ ၄၅ သန်းအကျယ်ရှိသော မြေပေါ်တွင် Hawker Shed ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာ ခေတ်မီနှစ်ထပ်ဈေးသစ်ကြီးကို ၂၀၁၄ ခုနှစ် ဇွန်လပိုင်းမှစတင်၍ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီမှ တည်ဆောက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်းကို အဆိုပါကုမ္ပဏီ ဒါရိုက်တာ(ဈေးကွက်ဌာန)ဦးကျော်ထူးအောင်က ပြောသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ○

# တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်သင်တန်းဖွင့်ရက်များ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးသို့ ဘွဲ့ကြိုတန်းတက်ရောက်ခွင့်ရရှိသူများစာရင်းကို သက်ဆိုင်ရာတက္ကသိုလ်များ၏ ကြော်ငြာသင်ပုန်းများတွင် ကြေညာထားပြီး ကျောင်းသားကျောင်းသူများထံသို့လည်း စာဖြင့်အကြောင်းကြားထားပြီး ဖြစ်သည်။ ပထမနှစ်သင်တန်း၊ ပထမနှစ်ဝက်ပညာသင်ကာလအသီးသီးသို့ တက်ရောက်ကြမည့် ဘွဲ့ကြိုသင်တန်းသား သင်တန်းသူများအတွက် ကျောင်းစတင် ဖွင့်လှစ်မည့်ရက်မှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)ရှိ ဖုန်း-၀၁-၅၀၃၁၄၇၊ ၀၁-၅၀၂၂၅၈ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

ယနေ့ ညနေ ၅နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ တမီလ်နာဒူး(လ်)ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

**(ကြေးမုံ)**

# မလေးရှားမိုဘိုင်းဖုန်းကုမ္ပဏီ Axiata Group မြန်မာ့ဆက်သွယ်ရေးကဏ္ဍ၌ ရှစ်နှစ်အတွင်း ကန်ဒေါ်လာ သန်း ၂၀၀ ရင်းနှီးမြှုပ်နှံမည်

မလေးရှားနိုင်ငံ၏ အကြီးမားဆုံးမိုဘိုင်းဖုန်းကုမ္ပဏီ Axiata Group က မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ၌ လာမည့်ရှစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၂၀၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သိရသည်။

**သုတ**

စာမျက်နှာ ၅ ကော်လံ ၅ သို့ ❖

## ယ နေ့ မာ တိ ကာ

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Financial Times ၏ မြန်မာနိုင်ငံမှ အကောင်းဆုံးဘဏ်ဆု (၂၀၁၅)အား ကမ္ဘောဇဘဏ်လိမိတက် သုံးနှစ်ဆက် လက်ခံရရှိ — စာမျက်နှာ - ၅
ဆိပ်ဖြူမြို့နယ်ထွက် ကြက်သွန်နီများ ဒီဇင်ဘာလကုန်ပိုင်းတွင် လှိုင်လှိုင်ထွက်မည် — စာမျက်နှာ - ၁၀







themirror.npt@gmail.com
www.facebook.com/themirrordaily